တတိယမြန်မာနိုင်ငံကိုတည်ထောင်ခဲ့သူ

# အလောင်းမင်းတရား ဦးအောင်ဇေယျ

တင်ထွေး



ပန်းချီ စံတိုး

ပြည်ထောင်စု
မြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ကြေးမုံသတင်းစာတိုက်
ဂါဒီယန်သတင်းစာတိုက်တို့တွင်
ဦးတင်ထွေး ကင်းလွတ်ခွင့်အမှတ်(၀၄၁၀၇)က
ပုံနှိပ်သည်

ပြည်ထောင်စု
မြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ဦးတင်ထွေး ကင်းလွတ်ခွင့်အမှတ်(၃၄၉၂)က
ထုတ်ဝေသည်။

ဒုတိယအကြိမ်
၁၉၉၂–ခုနှစ်
ဖေဖော်ဝါရီလ
အုပ်ရေ ၁၀၀၀
မျက်နှာဖုံးပန်းချီ
စံတိုး

–အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ
–လွတ်လပ်ရေးကို ကာကွယ်ပါ
–တိုင်းရင်းသားအချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊
တန်းတူရည်တူ ဆက်ဆံပါ

# မာတိကာ


– စာရေးသူ၏ အမှာစာ
– အလောင်းမင်းတရား၏ ရုပ်ပုံလွှာများ
– အလောင်းမင်းတရား၏ စစ်ချီခရီးပြမြေပုံ
၁။ မောင်အောင်ဇေယျမှ ဦးအောင်ဇေယျသို့
၂။ ထန်းလုံးခံတပ်ဖြင့် ခုခံပုန်ကန်ခြင်း
၃။ မုဆိုးဘိုတိုက်ပွဲကြီး
၄။ အောင်ပွဲများ
၅။ ရတနာသိင်္ခကုန်းဘောင်ပြည်ကြီး
၆။ အင်းဝကို အောင်မြင်တော်မူခြင်း
၇။ သတ္တိနှင့်ရဲမာန်တို့ကို ဖော်ပြသော တိုက်ပွဲကြီးများ
၈။ ဒဂုံသို့
၉။ ရန်ကုန်ကို ပြန်လည်သိမ်းပိုက်ရန် အကြံအစည်
၁၀။ သန်လျင်တိုက်ပွဲကြီး
၁၁။ ဟံသာဝတီသို့ ချီတက်တော်မူခြင်း
၁၂။ ဟံသာဝတီကို အပြီးတိုင် ချေမှုန်းခြင်း
၁၃။ မဏိပူရသို့ ချီတက်တော်မူခြင်း
၁၄။ နယ်ချဲ့တို့၏ အခြေအမြစ်များကို ဖျက်ဆီးခြင်း
၁၅။ နတ်ရွာစံတော်မူခြင်း
– အင်္ဂလိပ်သံအဖွဲ့ဝင် မစ္စတာဘေကာ၏ ထင်မြင်ချက်
– အလောင်းမင်းတရား၏ အမူအရာချုပ်
– အလောင်းမင်းတရား အမိန့်တော်များ

# စာရေးသူ၏ အမှာစာ

ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားအကြောင်းနှင့် စပ်လျဉ်း၍ စာအုပ်အများအပြားပင် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယင်းစာအုပ်များကို သမိုင်းပညာရှင်များ၊ စာပေပညာရှင်များက သူတို့ခေတ်၊ သူတို့အချိန်၏ အမြင်၊ အတွေး၊ ခံစားမှု၊ ယူဆမှု၊ သုံးသပ်မှုများ စသည်တို့ဖြင့် ရေးသားခဲ့ကြခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်လည်း လွန်ခဲ့သော နှစ်များစွာ ကြာပြီဖြစ်သောကာလများက ရေးသားခဲ့သည့် အလောင်းမင်းတရားနှင့် စပ်လျဉ်းသော စာအုပ်များသာ ဖြစ်ခဲ့ပါသည်။

အလောင်းမင်းတရားကို ယခုခေတ်၊ ယခုအချိန်၊ ယခု ယူဆသုံးသပ်မှုများဖြင့် ရေးသားထားသည့်စာအုပ်များမှာမူ ယနေ့ကာလတွင် တစ်အုပ်မျှ မရှိသေးပါ။

အလောင်းမင်းတရားမှာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပြီး စံနမူနာယူထိုက်သည့် နိုင်ငံ၏ အကြီးအကဲ၊ နိုင်ငံ၏ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် သူ့အကြောင်းကို ရေးသားခြင်းမှာ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ရေးသားခြင်းလည်း ဖြစ်သည်။

ဤနေရာတွင် သမိုင်းရေးသားမှုနှင့်ပတ်သက်၍ သမိုင်းပါမောက္ခဟောင်း ဆရာဦးတင်အုန်း၏ သဘောထားတစ်ရပ်ကို တင်ပြလိုပါသည်။

ဦးတင်အုန်းက "သမိုင်းရေးသားမှုသည် ခေတ်တစ်ခေတ်နှင့်တစ်ခေတ် မတူ အစဉ်တိုးတက် ပြောင်းလဲနေသည်။ ယင်းသို့သမိုင်းအရေးအသား ခေတ်နှင့်အညီ ပြောင်းလဲနေသည့် အစဉ်လေ့လာမှုကို (Historio graphy)ဟုခေါ်သည်။ သမိုင်းအမြင်ချဉ်းကပ်ပုံနှင့် ခံယူချက်ပြောင်းလဲပုံကို အင်္ဂလိပ်သမိုင်းသုတေသီများ၏ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံအကြောင်း ရေးသားရာတွင် တွေ့ရသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကာလနှင့်စစ်ပြီးကာလတွင် ပြုစုသည့်သမိုင်းကို နှိုင်းယှဉ်ကြည့်လျှင် ပြောင်းလဲချက်များသည် လွန်စွာထင်ရှားသည်"ဟု ဖွင့်ဆိုခဲ့သည်။

ယင်းဖွင့်ဆိုချက်ကို ခံယူရင်း ကျွန်တော်က "မြန်မာ့သူရဲကောင်း အလောင်းမင်းတရား"ကို ရေးသားခဲ့သည်။

ကျွန်တော်သည် သမိုင်းပညာရှင်တစ်ယောက် မဟုတ်ပါ၊ စာရေးသူသာ ဖြစ်ပါသည်။ သို့သော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အလောင်းမင်းတရားအကြောင်းမှာ သမိုင်း ဖြစ်နေသည်။ ထို့ကြောင့် သူ့အကြောင်းရေးခြင်းသည် သမိုင်းကို ရေးသားခြင်းပင်ဖြစ်သည်။

အရေးအသားတွင်လည်းကောင်း၊ တင်ပြပုံတွင်လည်းကောင်း အတတ်နိုင်ဆုံး ရှင်းရှင်းနှင့် ကွက်ကွက်ကွင်းကွင်း မြင်လာစေရန် ကြိုးစားရေးသားထားပါသည်။ သမိုင်းကို စကားပြေအရေးအသားဖြင့် ရေးသားနိုင်ရန်ကိုလည်း ကြိုးပမ်းထားပါသည်။ သို့သော် အကြောင်းအရာနှင့်အချက်အလက်တို့ကိုမူ ပြုပြင်ပြောင်းလဲခြင်း မပြုပါ၊ ပြုပြင်ပြောင်းလဲရန်လည်း မသင့်ပါ။ သမိုင်းကို လိမ်ညာ၍ မရေးသင့်ပါ။

အလောင်းမင်းတရားကဲ့သို့သော တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့်ပုဂ္ဂိုလ်ကြီးအကြောင်းကို ရေးသားရာတွင် အကြောင်းအရာများ၊ အချက်အလက်များ ရာခိုင်နှုန်းပြည့်မှန်ကန်၊ တိကျရန် အထူးလိုအပ်ပါသည်။

အလောင်းမင်းတရားအကြောင်းကို ရေးသားရာ၌ ကျွန်တော့်တွင် အဓိကအကြောင်းနှစ်ကြောင်း၊ အချက်နှစ်ချက် ရှိနေပါသည်။

တစ်ကြောင်းမှာ မြန်မာမင်းများတွင် အလောင်းမင်းတရားကို ကျွန်တော်စိတ်အဝင်စားဆုံး ဖြစ်၍တည်း။

ငယ်စဉ် သမိုင်းဘာသာရပ်ကို စတင်သင်ကြားခဲ့ရစဉ်က အလောင်းမင်းတရားကို စိတ်ဝင်စားခဲ့သည်။ ဘယ့်အတွက်ကြောင့် အလောင်းမင်းတရားဟု အမည်ပေးရသနည်းဆိုသည်ကအစ စိတ်ဝင်စားခဲ့သည်။ စင်စစ် သူ့အမည်ကပင်ခပ်ဆန်းဆန်းဖြစ်သည်။

ထို့ကြောင့် မင်းတရားကြောင်းကို ဆက်တိုက်လေ့လာခဲ့သည်။ သမိုင်းစာအုပ်၊ စာတမ်းများတွေ့သည်နှင့် အလောင်းမင်းတရားနှင့်ပတ်သက်သည်များကို ဦးစွာ ရှာဖွေခဲ့သည်။ ဖတ်ရှုခဲ့သည်။ မှတ်သားခဲ့သည်။ သို့ဖြင့် နောက်ဆုံးတွင် သူ့အကြောင်းကို စာတစ်အုပ်အနေဖြင့် ရေးသားဖြစ်လာရသည်။

ဒုတိယအကြောင်းမှာ အလောင်းမင်းတရား၏ နိုင်ငံအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ချက်များ ဖြစ်သည်။

သူသည် တတိယမြန်မာနိုင်ငံကို တည်ဆောက်ခဲ့သူဖြစ်သည်။

သူသည် တစ်ကွဲတစ်ပြားစီ ဖြစ်နေသည့်တိုင်းရင်းသားတို့အား ပြန်လည်စုစည်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သူ ဖြစ်သည်။

သူသည် သာသနာတော်ကြီး နေလပမာ ထွန်းလင်းတောက်ပရန်အတွက် အစွမ်းကုန် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

သူသည် နိုင်ငံတော်အား ဖြိုခွဲမည့် ရန်သူများအား နေ့ညမရွေး၊ နေရာဒေသမရွေး တိုက်ခိုက်ဖြိုခွင်းခဲ့သူ ဖြစ်သည်။

သူသည် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများကို ရှုပ်လုံးဖော်ခဲ့

သူ ဖြစ်သည်။

ထို့ကြောင့် သူ့အကြောင်းကို ကျွန်တော် ရေးသားခြင်းဖြစ်ပါသည်။ သူ့အကြောင်းရေးခြင်းသည် သမိုင်းကို ရေးခြင်းဖြစ်ကြောင်းကို ခံယူပါသည်။ စင်စစ်အားဖြင့်လည်း သမိုင်းကိုကောင်းစွာသိမှ အမျိုးကိုချစ်သူတို့ ဆပွားတိုးတက်လာမည်ဖြစ်ပါသည်။

တင်ထွေး

၁–၁၂–၉၁

မောင်အောင်ဇေယျမှ ဦးအောင်ဇေယျသို့

မောင်အောင်ဇေယျဆိုသူမှာ နောင်တစ်ချိန်တွင် အလောင်းမင်းတရားကြီးအမည်ဖြင့် တတိယမြန်မာနိုင်ငံကို ထူထောင်မည့်သူ၊ ကုန်းဘောင်မင်းဆက်ကို ထူထောင်မည့်သူ၊ ပြောင်မြောက်သောစစ်ပွဲများ၊ တိုက်ပွဲများ အများအပြားကို ဆင်နွှဲပြီး မြန်မာ့သူရဲကောင်းတစ်ဦးအဖြစ် ထင်ရှားလာမည့်သူ ဖြစ်သည်။ မြန်မာ့သမိုင်းတွင် လွန်စွာထင်ရှားမည့်ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ယင်းသို့ထင်ရှားကျော်ကြားမည့် မောင်အောင်ဇေယျ၏ မိဘများမှာ မုဆိုးဘိုအလယ်ရွာရှိ မုဆိုးဘိုသူကြီး သီရိမဟာဓမ္မရာဇာဘွဲ့ခံ မင်းညိုစံနှင့်ကြင်ယာ စောငြိမ်းဦးတို့ ဖြစ်သည်။

မဟာဒေဝီစောငြိမ်းဦးတွင် မောင်အောင်ဇေယျလောင်းလေးသန္ဓေရှိစဉ် အချိန်က ထူးခြားသောအတိတ်နိမိတ်များ ပြသခဲ့သည်ဆို၏။ ဘုရား–တရားကို ကြည်ညိုဖူးမြော်လိုစိတ်များလည်း မိခင်တွင် ပိုမိုပေါ်ပေါက်ခဲ့သည်ဆို၏။ ထို့ကြောင့် ဖခင်က ကိုးကွယ်ရာ ဆရာတော်၊ သံဃာတော်ကြီးများအား လျှောက်ထားမေးမြန်းခဲ့ရာ ဆရာတော် သံဃာတော်ကြီးများက ရင်သွေးသည် ဧကရာဇ် တစ်ဆူဟူဟူ စလောက် ထွန်းပေါက်ကျော်ကြား သာသနာပြုမည့်မင်းတစ်ပါး ဖြစ်ပေလိမ့်မည်။ ခြသေ့်မင်းကဲ့သို့ ရဲရင့်ခြင်းနှင့်နှိမ်နင်းအောင်မြင်မည့်ဘုန်းလက်ရုံးနှင့်လည်း ပြည့်စုံသော ယောကျ်ားမြတ်အာဇာနည် ဖြစ်လိမ့်မည်ဟု မိန့်ကြားတော်မူခဲ့ကြသည်။

သို့ဖြင့် အချိန်အခါ ကျရောက်လာသည့် ၁၀၇၆ ခုနှစ် တော်သလင်းလပြည့်ကျော်(၁)ရက်နေ့ သောကြာနေ့ ညဉ့်တစ်ချက်တီးကျော်အချိန်တွင် မောင်အောင်ဇေယျလောင်းကို ကောင်းမွန်စွာ ဖွားမြင်ခဲ့သည်။

ဆရာတော်၊ သံဃာတော်တို့က “ဩောင်း–နမောအဌဇေယျမင်္ဂလံ”ဟု ရွတ်ဖတ်စဉ် ဖွားမြင်သော သားယောကျ်ားဖြစ်သဖြင့် အမည်ကို မောင်အောင်ဇေယျဟု ပေးခဲ့ကြသည်။ ဖခင်သူကြီးကလည်း ယင်းအမည်ကို နှစ်ခြိုက်ခဲ့သည် ဖြစ်သောကြောင့် မောင်အောင်ဇေယျဟုတွင်ခဲ့သည်။

မောင်အောင်ဇေယျသည် မိဘ ဆွေမျိုးများ၏ ယုယချစ်ခင်မှုဖြင့် တစ်ဖြည်းဖြည်း ကြီးပြင်းလာခဲ့သည်။ ကျောင်းသို့ပို့ကာ စာသင်ကြားစေသည့် ခုနစ်နှစ်သားအရွယ်သို့ ရောက်လာခဲ့သည်။ ထိုအချိန်သို့ ရောက်လာလျှင်ပင် ကလေး၏ ရုပ်ရေမှာတစ်မျိုး ထူးခြားလာသည်။ အခြားကလေးသူငယ်တို့ထက် ထူးခြားသော

အသွင်များကို ဆောင်လာသည်။ ယင်းသို့ ထူးခြားမှုများကို ကောင်းစွာ တွေ့မြင်လာခဲ့ရသည်။

မောင်အောင်ဇေယျတွင် ကိုယ်လက်အင်္ဂါပြေပြစ်ခြင်း၊ လှပရှုချင်စဖွယ်ရှိခြင်း၊ မပြုံးမရယ် တည်ကြည်သော မျက်နှာရှိခြင်း၊ နဖူးကျယ်၍ တိဝန်းစွာ ရှိခြင်း၊ မည်းနက်သော ဆံပင်ရှိခြင်း၊ မျက်လုံးမျက်အိမ်ရှည်၍ မည်းနက်ခြင်း၊ အသံကျယ်၍ နက်ခြင်း၊ နားရွက်ရှည်၍ ကြီးပြန့်ခြင်း၊ နှာသီးနှာတံ မကောက်နိမ့်ဘဲ ရှည်ခြင်း၊ လက်ရိုးလက်မောင်း ပြေပြစ်၍ ရှည်သွယ်ခြင်း၊ လည်တိုင်လည်း ရှည်၍ သေးသွယ်ခြင်း၊ လက်ဖဝါးခြေဖဝါး နီမြန်းခြင်း၊ လက်ဖမိုး ခြေဖမိုးပြည့်ဖြိုးခြင်း၊ အအိပ်အနေ နည်းပါးခြင်း၊ အစားအသောက်၊ အသွားအလာ၊ အပြောအဆို၊ ခြားနားခြင်းစသည့်ဂုဏ်အင်္ဂါတို့ ရှိခဲ့သည်။

မောင်အောင်ဇေယျ ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးက ထူးခြားသောသားလေးအား သူတို့ကိုးကွယ်သည့် သာထွန်းကျောင်း ဆရာတော်ဘုရားထံ အပ်နှံ၍ စာပေများကို သင်ကြားစေခဲ့သည်။

ယင်းသို့ သင်ကြားရာတွင်လည်း မောင်အောင်ဇေယျမှာ ထူးခြားစွာ စာသင် တတ်မြောက်ကြောင်း တွေ့ရပြန်သည်။ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်ဆုံးမစာ၊ ပရိတ်ကြီး၊ အစိန္တေယျအကျယ်၊ လောကနီတိ၊ ရာဇနီတိတို့ကို သုံးနှစ်အတွင်း ကောင်းစွာ တတ်မြောက်ခဲ့သည်။ (၁၁)နှစ်သားအရွယ်သို့ ရောက်သောအခါ ဇာတ်ကြီးဆယ်ဘွဲ့၊ သဒ္ဒါရှစ်စောင်၊ ဗျာကရိုဏ်းကျမ်းနှင့်တကွ သဂြိုဟ်ဋီကာ၊ အဌကထာများကို (၁၄)နှစ်သားအရွယ်တွင် သင်ကြား တတ်မြောက်ခဲ့သည်။

(၁၄)နှစ်သား အရွယ်ရောက်လာသောအခါ ဗုဒ္ဓဘာသာတို့ ထုံးစံအတိုင်း မောင်အောင်ဇေယျအား မိဘများက သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့ကြသည်။ မောင်အောင်ဇေယျသည် ရှင်သိဒ္ဓိ (ဝါ) ကိုရင်သိဒ္ဓိအမည်ဘွဲ့ကို ရရှိခဲ့သည်။ ရှင်သိဒ္ဓိ သာမဏေဘောင်ဝင်ရာကျောင်းမှာ ဆရာတော် သာထွန်းကျောင်း ဆရာတော်၏ ကျောင်းဖြစ်သည်။ ဆရာတော်မှာ မောင်အောင်ဇေယျ ပဋိသန္ဓေရှိစဉ် အချိန်မှစတင်၍ သိကျွမ်းထားပြီးဖြစ်ရာ ရှင်သိဒ္ဓိအား အင်္ဂဝိဇ္ဇာကျမ်း၊ သာမုဒ္ဒြိကကျမ်း၊ ယတြာကျမ်း၊ အင်ရုံခေါ် ဗျူဟာကျမ်း၊ နေမိတ္တကကျမ်း၊ အာကာသသျှတ္တရကျမ်းနှင့်ဘုမ္မိသျှတ္တရကျမ်းများကို ကျနစွာ သင်ကြားပေးခဲ့သည်။

အသက်(၁၈)နှစ်တွင် ရှင်သိဒ္ဓိ လူထွက်သည်။ လူထွက်ပြီးသော် မောင်အောင်ဇေယျသည် မိဘများနှင့်အတူ နေထိုင်ခဲ့သည်။ အထူးသဖြင့် အိမ်ဦးခန်းတွင် အနေများပြီး ကျမ်းစာများကို ကြည့်ရှုလေ့လာခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။

သား၏ ရုပ်ရည်ကို အရိပ်တကြည့်ကြည့်ဖြင့် ရှိနေကြသည့်မိဘများက အရွယ်ရောက်လာသောသားအတွက် အိမ်ထောင်ချထားရန် စဉ်းစားလာခဲ့ကြသည်။ သားအနေဖြင့် လက်ထပ်ထိမ်းမြားခြင်းပြုရန် အချိန်တန်ပြီဟုလည်း သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် သားနှင့်သင့်လျော်မည့်ကြင်ယာကို မိဘတို့ကပင် ရွေးချယ်ပေးရန် ဆောင်ရွက်ခဲ့ကြသည်။

မိခင်စောငြိမ်းဦး၏ မောင်အရင်း ဦးဖိုးမြနှင့်ဇနီးမယ်ပလောင်တို့တွင် ခင်ကောင်းစံ၊ ခင်ယွန်းစံ၊ ခင်နှိုင်းစံ ညီအစ်မသုံးယောက်ရှိသည်။ ယင်းညီအစ်မသုံးဦးအနက် ခင်ယွန်းစံ(နောင်တွင် မိဖုရားခေါင်ကြီးဖြစ်မည့်သူ)မှာ သားနှင့်အသင့်လျော်ဆုံး ဖြစ်မည်ဟု မိဘတို့က ဆုံးဖြတ်ရွေးချယ်ခဲ့ကြသည်။

သို့ဖြင့် လက်ထပ်ထိမ်းမြားခြင်းကိစ္စကို ဆောင်ရွက်ခဲ့ကြသည်။ ဆွေကြီးမျိုးကြီး ဖြစ်ကြသည့်အတိုင်း လက်ထပ်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြသည်။ ၁၀၉၅ ခုနှစ်၊ နတ်တော်လဆန်း(၅)ရက်၊ ကြာသပတေးနေ့တွင် လက်ထပ်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။

ခင်ယွန်းစံနှင့်လက်ထပ်ပြီးသောအခါ မောင်အောင်ဇေယျမှာ ဩဇာ အရှိန်အဝါ ပိုမိုကြီးမားလာခဲ့သည်။ မုဆိုးဘိုတွင် လာရောက်နေထိုင်လိုသူတို့လည်း များပြားလာခဲ့သည်။ မုဆိုးဘိုမှာ တစ်နေ့တခြား ပြောင်းရွှေ့လာသူများဖြင့် စည်ကားလာခဲ့သည်။ လူနေထူထပ်သောဒေသလည်း ဖြစ်လာခဲ့သည်။

မောင်အောင်ဇေယျ အသက်(၂၀)၊ ခင်ယွန်းစံ အသက်(၁၇)နှစ်၊ ၁၀၉၆ နှစ်၊ ဝါခေါင်လဆန်း (၁၁)ရက်၊ အင်္ဂါနေ့အကူး နံနက်(၂)နာရီတွင် သားဦးလေးကို ဖွားမြင်ခဲ့သည်။ သားလေး ခုနစ်ရက်သားတွင် ပိုးလောက်တက်နေသည်ကို တွေ့ရသဖြင့် 'မောင်လောက်'ဟု အမည်ပေးခဲ့သည်။ (နောင်အခါတွင် နောင်တော်ကြီးဟု အမည်တွင်သော မင်းတစ်ပါး ဖြစ်လာခဲ့သည်။)

သားဦးဖွားအပြီး နှစ်နှစ်ခန့်အကြာ မောင်အောင်ဇေယျနှင့် ခင်ယွန်းစံတို့ ဒုတိယသားယောကျ်ားလေး ရခဲ့သည်။ ၁၀၉၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁၃) ရက်၊ တနင်္ဂနွေနေ့ နံနက်လေးနာရီတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းကလေးကို ပုခက်နှင့်ထားစဉ် ပိုးရွှများတက်လာသည်ကို တွေ့ရသောကြောင့် 'မောင်ရွှ'ဟု အမည် ပေးခဲ့သည်။ (နောင်အခါတွင် ဆင်ဖြူရှင်မည်သော မင်းတစ်ပါးဖြစ်လာခဲ့သည်။)

သို့ဖြင့် ၁၁၀၆ ခုနှစ်သို့ ရောက်လာခဲ့သည်။ ထိုအချိန်တွင် မောင်အောင်ဇေယျနှင့်ခင်ယွန်းစံတို့၌ သားသုံးယောက်၊ သမီးနှစ်ယောက် ဖွားမြင်ပြန်သည်။ ၁၁၀၆ ခုနှစ်သို့ ရောက်လာ၍ ဟံသာဝတီတပ်များ ပင်းယအနီးရောက်လာချိန်တွင်

သားတစ်ဦးကို ဖွားမြင်ပြန်သည်။ ထိုသားကို 'မောင်ဝိုင်း'ဟု အမည်ပေးခဲ့သည်။ (နောင်အခါတွင် ဘိုးတော်ဘုရားဟု ထင်ရှားသော မင်းတစ်ပါးဖြစ်လာမည့်ကလေး ဖြစ်သည်။

ဤနေရာတွင် မောင်အောင်ဇေယျ၏ ကိုယ်ရေးအကြောင်းများကို ခေတ္တရပ်နားပြီး နိုင်ငံ့အရေးကို ရေးသားလိုသည်။ စင်စစ် မောင်အောင်ဇေယျ၏ ကိုယ်ရေးမှာ နိုင်ငံ၏ အရေးနှင့်လည်း ဆက်စပ်လျက်ရှိခဲ့သည်။ အထူးသဖြင့် နိုင်ငံ၏ အောက်ပိုင်းတွင် ဟံသာဝတီသားတို့ ထူထောင်လာပုံကို သိထားရန် လိုပေသည်။ ထို့သို့ သိထားမှ မောင်အောင်ဇေယျ အကြောင်းနှင့် ဆက်စပ်ဖတ်ရှုသွားနိုင်မည်ဖြစ်သည်။

မောင်အောင်ဇေယျနှင့်ဆက်စပ်နေသည့် ရာဇဝင်ကြောင်းကို တင်ပြရလျှင် ညောင်ရမ်းမင်းဆက်မှ စတင်၍ တင်ပြရန်ဖြစ်သည်။ ပျက်ပြားခဲ့သည့် နိုင်ငံကို အနောက်ဘက်လွန်မင်းတရားကြီးက ပြန်လည်စုစည်းကာ ထူထောင်ခဲ့သည်။ နိုင်ငံတော် တပေါင်းတစည်းတည်း ရှိစေရန် ဆောင်ရွက်တော်မူခဲ့သည်။ ယင်းအခြေအနေကို သာလွန်မင်းတရားကြီး လက်ထက်တိုင်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် သာလွန်မင်းတရားကြီး ပဲခူးမှအင်းဝသို့ မင်းနေပြည်တော် ပြောင်းရွှေ့အပြီး သာလွန်မင်းတရားကြီးနောက်ပိုင်း ဆက်ခံသော မင်းအဆက်ဆက်မှာ ဘုန်းတန်ခိုး ပျက်ပြားလာသောကြောင့် အင်းဝပျက်ချိန် တဖြည်းဖြည်း နီးလာပြီး ဟံသာဝတီသားတို့ ထောင်ထား ပုန်ကန်မှုတို့မှာလည်း ကြီးထွားသည်ထက် ကြီးထွားလာခဲ့သည်။

အင်းဝမင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် သက္ကရာဇ် ၁၀၉၅ ခုနှစ်၊ မဟာဓမ္မရာဇာဓိပတိ အုပ်စိုးသောကာလသို့ ရောက်လာခဲ့သည်။ ထိုမင်းကို ဟံသာဝတီသို့ ဖမ်းဆီးခေါ် ဆောင်သွားခြင်းလည်း ခံရသဖြင့် ထိုမင်းမှာ ဟံသာဝတီရောက် မင်းတရားဟုလည်း နာမည်ကြီးခဲ့သည်။

မြန်မာမင်းဆက်တို့ အားနည်းလာသည့်အကြောင်းအရင်းများကြောင့် ဟံသာဝတီသားတို့ အားတက်လာခဲ့ကြသည်။ ဟံသာဝတီပါ မင်းလက်ထက်တိုင်အောင် ဟံသာဝတီသားတို့မှာ မြန်မာမင်းများလက်အောက်တွင် နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ထို့ကြောင့် မြန်မာမင်းဆက် အားနည်းမှုကို အကြောင်းပြု၍ ဟံသာဝတီသားတို့က ပုန်ကန်ထကြွစေရန် စီစဉ်လာခဲ့ကြသည်။ ဟံသာဝတီသားတို့ ပုန်ကန်ထကြွစေရန် အောက်ပါအခြေအနေတို့လည်း ထိုစဉ်က တွန်းအားပေးခဲ့သည်ဟု ဆိုရမည်။

(က) မြန်မာနိုင်ငံ အထက်ပိုင်းတွင် မဏိပူရ ကသည်းတို့နှောင့်ယှက်လာမှုများကြောင့် မငြိမ်မသက်ရှိနေခြင်း။

(ခ) တရုတ်လူမျိုးများ ဝင်ရောက်တိုက်ခိုက်ခြင်း။

(ဂ) ထီးနန်းကို ပဲခူးတွင် တည်ဆောက်ထားခဲ့ရာမှ အခြေအနေ အရပ်ရပ်ကြောင့် ပဲခူးမှအင်းဝသို့ ပြောင်းရွှေ့ခဲ့ခြင်း။

ယင်းသို့သော အခြေအနေများတွင် မြန်မာမင်းကို ဆန့်ကျင်သူတို့က မြန်မာမင်း၏ လက်ထက်အောက်ခံအဖြစ်မှ ထွက်ခွာရန် စတင်လှုပ်ရှားခဲ့ကြသည်။ ဟံသာဝတီမြောက်ဘက်တွင် နေထိုင်ကြသည့် ကွေ့ရှမ်းတစ်စုတို့က ပုန်ကန်ကာ ပဲခူးမြို့သို့ချီတက်လာခဲ့ကြသည်။ ထို့နောက် ပုန်ကန်ရန် စိုင်းပြင်းနေသည့် ဟံသာဝတီသားအချို့နှင့်ပူးပေါင်းပြီး မြန်မာမင်း ခန့်ထားခဲ့သည့် ဟံသာဝတီမြို့ဝန်မင်းရဲအောင်နိုင်အား ဖမ်းဆီး၍ ကွပ်မျက်ခဲ့ကြသည်။ ပုန်ကန်သူတို့က သမိန်ထောရာဇာကို ဟံသာဝတီမင်းအဖြစ် တင်မြှောက်ခဲ့သည်။

ဤကား အင်းဝဆက် တန်ခိုးမှိန်ပြီး နိုင်ငံပျက်လုလုအချိန် အလောင်းမင်းတရား အာဏာရှိလာမည့်အချိန် ရောက်လုလုအခါ ဖြစ်သည်။

ထိုအချိန်တွင် ဟံသာဝတီ၏ အခြေအနေမှာလည်း များစွာဆိုးလာခဲ့သည်။ ဟံသာဝတီသားတို့၏ အင်အားမှာ များပြားသည်ထက် များပြားလာခဲ့သည်၊ အင်းဝထီးနန်းကိုပင် လာရောက်တိုက်ခိုက်လိမ့်မည်ဆိုသောသတင်းတို့မှာ ပျံ့နေခဲ့သည်။

သက္ကရာဇ် ၁၁၀၇ ခုနှစ်၊ နယုန်လသို့ ရောက်လာခဲ့သည်။ ထိုကာလတွင် မင်းလောင်းပေါ်မည်၊ မြောက်ဘက်မှ မင်းလောင်းပေါ်လာလိမ့်မည်မှာ သေချာနေသည်ဆိုပြီး တပေါင်သီချင်းလည်း ခေတ်စားလာခဲ့သည်။

ထိုတပေါင်အရ တောင်ငူရာဇာသည် သူအုပ်ချုပ်ရသည့်မြောက်ဘက်တလွှားရှိ သံသယဖြစ်ရသူတို့အား ခေါ်ယူစစ်ဆေးခဲ့သည်။ အထူးသဖြင့် ထိုအချိန်က အလွန်နာမည်ကြီးနေသည့် ခင်ဦးရွာမှဦးချစ်ညိုကို ဦးစွာ ခေါ်ယူမေးမြန်းခဲ့သည်။ မေးမြန်းပြီး၍ ဦးချစ်ညို ပြန်သွားသောအခါ တောင်ငူရာဇာက ဦးချစ်ညိုသည် လက်ရုံးရည်အားဖြင့် ကောင်းသည်၊ သို့သော် အချွေအရံ နည်းပါး၍ လူကောင်ကြီးသည်၊ ကြမ်းလည်း ကြမ်းတမ်းသည်၊ ကျောမွဲကြီးနှင့် ရှင်ဘုရင်စော်မနံဟု မှတ်ချက်ချခဲ့သည်။

ထို့နောက် မကြာမီ မောင်အောင်ဇေယျအား ခေါ်ယူ၍ မေးမြန်းစစ်ဆေးခဲ့ပြန်သည်၊ ယင်းသို့ စစ်ဆေးမေးမြန်းရာတွင် ကောင်းမွန်သော၊ တင့်တယ်သောကြန်အင်လက္ခဏာနှင့် ရဲရင့်တည်ကြည်ခြင်းတို့ကို တွေ့ရသဖြင့် လွန်စွာ သဘောကျ

ပြီး မောင်အောင်ဇေယျအား ဆုတော်များ ပေးခဲ့သည်။ ထို့နောက် ချီးမွမ်းစကား ပြောရင်း–

"ရှင်ဘုရင်စော်နံသည်ဟူခြင်းမှာ မှန်ကန်ပါသလော"ဟု တောင်ငူရာဇာက မေးခဲ့သည်။

ထိုအခါ မောင်အောင်ဇေယျက–

"ချောပြစ်သော စကားမျှသာ ဖြစ်ပါသည်"ဟု ရဲရင့်တည်ကြည်စွာ ပြန်လည် တင်ပြပြီးနောက် မုဆိုးဘိုသို့ ပြန်လာခဲ့သည်။

မောင်အောင်ဇေယျ ပြန်သွားသောအခါ တောင်ငူရာဇာက မောင်အောင်ဇေယျမှာ ဆွေမျိုးအားလည်း ကောင်းသည်၊ ကျော်တိုင်း သင့်သောအရည်အချင်းလည်းရှိသည်၊ လူတို့၏ ဘုန်းကံဆိုသည်မှာ မမြင်နိုင်၊ ကျိန်းချေ၊ ခန်းချေ၊ ယတြာပြုလုပ်မှ သင့်မည်ဆိုပြီး မုဆိုးဘိုသို့ သွားရောက်ကာ ကျိန်းချေတဲ့နန်း ဆောက်လုပ်ခဲ့သည်။

ဤနေရာတွင် တောင်ငူရာဇာ၏ သုံးသပ်ချက်အရ မောင်အောင်ဇေယျတွင် အားကောင်းသော ဆွေမျိုးများ ထိုအချိန်ကပင် ရှိခဲ့သည်မှာ မှန်ကန်ပါသည်။ သူ့ဆွေမျိုးအင်အားကို တွက်ချက်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်–

မောင်အောင်ဇေယျ၏ အဖဖက်မှ ဆွေမျိုးများမှာ မင်းစစ်နိုင်နှင့်နန္ဒိမယ်ဖြိုး သင့်မြတ်ရာတွင် (၁)သမီးတော်မယ်စိုး၊ (၂)သားတော်မင်းညိုတင်၊ (၃)သားတော်မင်းညိုစံ (မောင်အောင်ဇေယျ၏ ဖခင်)၊ (၄)သမီးတော်မယ်အိမ် ၊ (၅)သားတော်မင်းညိုသူ၊ (၆)သားတော်မင်းထွန်းမြတ်၊ (၇)သမီးတော်ခင်ဒွေးတိ စုစုပေါင်း သားသမီးခုနစ်ဦးဖြစ်သည်။

မောင်အောင်ဇေယျ၏ အမိဘက်မှ ဦးပုကြီးနှင့်မယ်မှန်တို့ သင့်မြတ်ရာတွင် သမီးတော်စောငြိမ်းဦး(မောင်အောင်ဇေယျ၏ မိခင်) သားတော်ဦးဖြိုးမြ (ခင်ယွန်းစံ၏ ဖခင်)တို့ ဖြစ်ကြသည်။

မင်းညိုစံနှင့်စောငြိမ်းဦးတို့သင့်မြတ်ရာ (၁)သားတော်ကြီး ဦးအောင်မှို၊ (၂)သမီးတော်ရှင်ဝင်း၊ (၃)သားတော်ဦးအောင်ဖြိုး၊ (၄)သားတော်ဦးအောင်ဇေယျ၊ (၅)သမီးတော်ရှင်မင်း၊ (၆)သားတော်ဦးရွှေကြူ၊ (၇) သားတော် ဦးရွှေဂူ (၈) သမီးတော်မယ်မာ၊ သားတော် ငါးဦး၊ သမီးတော် သုံးဦး၊ ပေါင်း ရှစ်ဦးဖွားမြင်ခဲ့သည်။

ဦးဖြိုးမြနှင့်မယ်ပလောင်တို့ သင့်မြတ်ကြရာတွင် (၁)သားတော်ကြီးဦးဖျော်၊ (၂) သမီးတော်ခင်စီ၊ (၃)သမီးတော်ခင်အမ၊ (၄) သမီးတော်ခင်အိ၊ (၅) သမီးတော်ခင်ဝ၊ (၆) သားတော်ဦးအိုး၊ (၇) သားတော်ဦးလိပ်၊ (၈) သားတော်ဦး

အေး၊ (၉) သားတော်ဦးကြာရစ်တို့ ဖွားမြင်ခဲ့သည်။

ယင်း သားချင်းတို့ အိမ်ထောင်ပြုကြခြင်းဖြင့် ဆက်သွယ် ရရှိလာသော ဆွေမျိုးများ၊ စာရင်းငှား၊ ကျေးကျွန်များ စသည်တို့ဖြင့် မောင်အောင်ဇေယျတို့တွင် ဆွေမျိုးအားကောင်းလျက်ရှိခဲ့သည်။

ယင်းသို့ များပြားသော ဆွေမျိုးကြားတွင် မောင်အောင်ဇေယျမှာ ကြီးပြင်းလာရပြီး အချိန်တန် အရွယ်ရောက်လာသောအခါ သြဇာအရှိန်အဝါလည်း အတန်ပင် ရှိလာခဲ့သည်။ သူ့ကို လူအများကလည်း တလေးတစား ရှိလာခဲ့ကြသည်။ သူ့စည်းရုံးမှုကို ယုံကြည်ကိုးစားလာခဲ့ကြသည်။ မုဆိုးဘို ဝန်းကျင်တွင် အိုးသစ်အိမ်သစ်များ လာရောက် တည်ထောင် ဖွင့်လှစ်နေထိုင်ကြကာ အင်အား စုစည်းခဲ့ကြသည်။

အသက်ကလည်း ရရှိလာ၊ လူအများ၏ ယုံကြည်မှုကလည်း ရရှိလာသောကြောင့် မောင်အောင်ဇေယျမှာ လူကြီးဖြစ်လာခဲ့သည်။ လူအများ၏ အားကိုး အားထားပြုရာ ပုဂ္ဂိုလ်လည်းဖြစ်လာခဲ့သည်။ မောင်အောင်ဇေယျမှ ဦးအောင်ဇေယျ ဖြစ်လာခဲ့တော့သည်။

## ထန်းလုံးခံတပ်ဖြင့် ခုခံပုန်ကန်ခြင်း

ဟံသာဝတီမင်း၏ စစ်သည်တို့ အင်းဝကို လာရောက်တိုက်ခိုက်တော့မည် ဟူသောသတင်းများ ဖြစ်နေခဲ့ရာမှ ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီမင်း၏ စစ်တပ်သည် အင်းဝသို့ ချီတက် ဖြစ်လာသည်။ အင်းဝကို သိမ်းပိုက်ရန် ရေတပ်၊ ကြည်းတပ်တို့ဖြင့် ဆန်တက်လာခဲ့ကြသည်။ ယင်းသတင်းကို ဦးအောင်ဇေယျလည်း ကြားသိခဲ့သည်။ ကြားလျှင် ကြားချင်း သူက မြို့ရွာလုံခြုံရေးကိစ္စများကို အရေးတကြီး ဆောင်ရွက်ခဲ့သည်။

ဦးအောင်ဇေယျသည် လူအများအပြားကို ခေါင်းဆောင်၍ မုဆိုးဘိုမြို့ကို စနစ်တကျ ကာကွယ်ခဲ့သည်။ ကာကွယ်ရေး အစီအစဉ်များကို စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့သည်။ မုဆိုးဘိုမြို့ကို ပတ်ဝိုင်း၍ တာပေါင်း ၄၇၀ ရှိ ထန်းလုံးတပ်၊ ပစ္စင်၊ ရင်လျှောက်၊ ကတုတ်၊ ရင်တား၊ ကျုံးမြောင်းနှင့်တကွ ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့သည်။ အနီးအနားရှိ ရွာပေါင်း ၄၆ ရွာမှ လက်နက်၊ ဆင်၊ မြင်းကိရိယာတို့ ကိုလည်း ထန်းလုံးတပ်အတွင်းသို့ ယူဆောင်ထားစေခဲ့သည်။ ထို့အပြင် ထန်းလုံးတပ်အတွင်းသို့ ယူဆောင်ထားစေခဲ့သည်။ ထို့အပြင် ထန်းလုံးတပ်အပြင်ရှိ ရေတွင်း၊ ရေကန်၊ ဆည်စသည်တို့ကို ဖျက်ဆီး၍ စစ်တလင်း ရှင်းထားခဲ့သည်။

မြို့ရွာကာကွယ်ရေးအတွက် တပ်သားများကို ဦးအောင်ဇေယျက စုဆောင်းခဲ့သည်။ စုဆောင်းရရှိပြီးသူများအား ပြောင်းသေနတ်၊ လက်နက်အပစ်အခတ်၊ မားခုတ်၊ လှံထိုး၊ ဒိုင်းရေး၊ လွှားရေး ကျွမ်းကျင်သူတို့က မိမိတို့တတ်ကျွမ်းသမျှသော စစ်ပညာများကို အပူတပြင်း သင်ကြားပေးခဲ့ကြသည်။ မြင်းစီး၊ အဲမောင်း၊ တံကျင် ကျွမ်းကျင်သူတို့ကလည်း သူတို့တတ်ကျွမ်းသည်များကို သင်ကြားပြသပေးခဲ့ကြပြန်သည်။

အင်းဝတွင် စစ်မှုထမ်းခဲ့သူများက ဦးအောင်ဇေယျတပ်၌ လာရောက်ပူပေါင်းကြပြီး သူတို့ကပင် လူငယ် လူရွယ်တို့အားစစ်ပညာများကို သင်ကြားပေးကြရာ လွန်စွာပင် ထိရောက်အောင်မြင်ခဲ့သည်။ ယင်းစစ်မှုထမ်းဟောင်းတို့သည် အင်းဝပျက်လျှင် မြန်မာတို့ ရန်သူတို့လက်အောက် ရောက်ရမည်ကို လွန်စွာပင် စိုးရိမ်ခဲ့ကြသည်။ ထို့ကြောင့် ရန်သူလက်အောက် မရောက်ရေး၊ စစ်အောင်နိုင်ရေးအတွက် စစ်ပညာများကို အထူးပင် ဂရုစိုက်၍ သင်ကြားပေးခဲ့ကြသည်။

မုဆိုးဘို ထန်းလုံးခံတပ်အတွင်းရှိ မြန်မာလူငယ်တို့မှာလည်း စစ်သွေးများ ကြွလျက်ရှိသည်။ ဦးအောင်ဇေယျ၏ ခန့်မှန်းသုံးသပ်ချက်ကို သူတို့က ကောင်း

စွာပင် အားပျော့လျက်ရှိသည်။ သို့သော် ဟံသာဝတီမင်း၏ စစ်သည်တို့မှာကား အင်အားတောင့်တင်းပြီး အင်းဝကို သိမ်းပိုက်ရန် ချီတက်လာနေကြပြီဖြစ်သည်။ မကြာမီ အင်းဝကျမည်မှာ သေချာခဲ့သည်။ အင်းဝကို သိမ်းပိုက်ပြီးလျှင် ဟံသာဝတီဘုရင်က အစုစုအကွဲကွဲ ဖြစ်နေသည့်သူများအား သူ့သစ္စာခံစေမည် ဖြစ်သည်။ ဟံသာဝတီဘုရင်၏ သံတမန်တို့က နယ်အနှံ့ သွားရောက်ကာ သစ္စာခံရန် လှုံ့ဆော်တိုက်တွန်းကြပေလိမ့်မည်။ သူတို့က ဦးအောင်ဇေယျတို့၏ မုဆိုးဘိုသို့လည်း ရောက်လာကြလိမ့်မည်။

ဦးအောင်ဇေယျ ခန့်မှန်းတွက်ချက်သည့်အတိုင်း နိုင်ငံရေးအခြေအနေတို့က ရောက်လာခဲ့သည်။

မဟာဓမ္မရာဇာဓိပတိတံဆိပ် နာခံတော်ရှိသော လောကသရဖူ ဒါယကာမင်းတရားကြီးမှာ ပြည်ထဲရေးနှင့်စီမံအုပ်ချုပ်ရေးကိစ္စများတွင် ကိုယ်တော်တိုင်မစီရင်တော်မူခဲ့။ အပျော်အရွှင်၊ သဘင်တို့ဖြင့်သာ အချိန်ဖြုန်းလျက်ရှိခဲ့သည်။ အခြေအနေမှာ ဟံသာဝတီသားတို့ထိုးစစ်ကို မဟာဓမ္မရာဇာဓိပတိ၏ တပ်များ၊ ကြံ့ကြံ့ခံနိုင်မည့်ပုံ မပေါ်ခဲ့။

၁၁၁၃ ခုနှစ်တွင် ဟံသာဝတီဘုရင်သည် ညီတော်ဥပရာဇာနှင့်တကွ ဗညားဒလ၊ ဒလပန်း စသောတပ်မှူး၊ ဗိုလ်မှူး၊ သူရဲ၊ သူမက်၊ လက်နက်၊ ဆင်မြင်းများနှင့်အတူ အင်းဝမြို့နှင့်စစ်ကိုင်းမြို့များရှိရာသို့ ချီတက်လာပြီး ဝိုင်းရံပိတ်ဆို့ထားခဲ့သည်။ ၁၁၁၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ရှစ်ရက်နေ့တွင် စစ်ကိုင်းမြို့ ပျက်ခဲ့လေသည်။

စစ်ကိုင်းမြို့ပျက်ပြီးသည်နှင့်ဟံသာဝတီဘုရင်က အင်းဝမြို့ကိုဆက်လက်ချီတက် ပိတ်ဆို့မြဲ ပိတ်ဆို့ခဲ့ပြန်သည်။ အင်းဝမြို့တွင်းမှ ဟင်းရွက်ခူး၊ ရေခပ်မျှကိုပင် ထွက်ခွင့်မပေးဘဲ ကြည်းတပ်၊ ရေတပ် အထပ်ထပ်ဖြင့် ပိတ်ဆို့ထားခဲ့သည်။ မြို့တွင်းသားတို့ ကြာရှည်စွာ မခံနိုင်ခဲ့။ အစာရေစာ ရှားပါးပြတ်လပ်လာခဲ့ရာ နောက်ဆုံး တန်ခူးလဆန်း ခြောက်ရက်နေ့၌ အင်းဝအပြင်မြို့ ပျက်ခဲ့သည်။ လဆန်း ရှစ်ရက်နေ့တွင် အင်းဝအတွင်းမြို့ ပျက်ခဲ့သည်။

သို့ဖြင့် ညောင်ရမ်းမင်းဆက် (၁၀)ဆက်မြောက် ဟံသာဝတီပါမင်းကြီး အမည်နှင့်အညီ မြန်မာမင်းမှာ ဟံသာဝတီသို့ ပါတော်မူသွားခဲ့ရရှာသည်။ ညောင်ရမ်းမင်းဆက်လည်း ပြတ်ခဲ့တော့သည်။

ဦးအောင်ဇေယျ ခန့်မှန်းတွက်ချက်ထားခဲ့သည့်အတိုင်းပင် ဟံသာဝတီဘုရင်က အင်းဝကို သိမ်းပိုက်ပြီးသည်နှင့် မြန်မာမင်း၏ သစ္စာတော်ခံများဖြစ်ခဲ့ကြသည်။ သို့သော် မြန်မာတိုင်းရင်းသားတိုင်းက ဟံသာဝတီသားတို့ထံ အညံ့မခံကြ၊

မိမိတို့ လက်ဝယ်ရှိသောလက်နက်များ မအပ်ခဲ့ကြ၊ သိုဝှက်ထားခဲ့ကြသည်။ မြစ်ကမ်းရှိ လူများကလည်း မိမိတို့ပိုင် ကုန်လှေ၊ လောင်းလှေများကို ရေအောက်သို့ ချကာ နစ်မြုပ်၍ ဝှက်ထားခဲ့ကြသည်။

ထိုကာလများအတွင်း ဦးအောင်ဇေယျသည် သူ့ထန်းလုံးခံတပ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ခဲ့သည်။ သူ့လူအများကို စစ်ပညာများ ပြည့်ဝနေစေရန် သင်ကြားစေခဲ့သည်။ လူအင်အားကိုလည်း ဆက်လက်စုဆောင်း စည်းရုံးခဲ့သည်။

အင်းဝကို ဟံသာဝတီဘုရင် သိမ်းပိုက်အပြီး တစ်နှစ်ကျော်အကြာ ၁၁၁၄ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ကြာသပတေးနေ့၌ ဦးအောင်ဇေယျ မျှော်လင့်သည်များ ဖြစ်ပေါ် လာခဲ့တော့သည်။ ထိုနေ့တွင် ဟံသာဝတီဥပရာဇာက မုဆိုးဘိုမြို့စား ဗလနန္ဒကျော်စွာဘွဲ့ခံ ဦးအောင်ဇေယျထံသို့ လူ(၃၀)စေလွှတ်ပြီး သစ္စာတော် ပေးပို့သည်။

ထိုအချိန်တော်ပင် ကွေ့ဂုဏ္ဏအိမ်ကလည်း လူ(၂၀)ဖြင့် သစ္စာတော်ပေးပို့ စေလွှတ်သည်။ နိုင်ငံမှာ စည်းလုံးခြင်းမရှိ၊ အကွဲကွဲအပြားပြားဖြစ်နေခဲ့ရာ စင်ပြိုင် အုပ်ချုပ်သူတို့ ပေါ် ပေါက်လာခဲ့သည်။ ၎င်းတို့ကပင် မိမိတို့နှင့်နီးစပ်ရာ လက်လှမ်း မီရာများကို သစ္စာတော်ခံစေခဲ့သည်။

ဦးအောင်ဇေယျထံသို့လည်း ဟံသာဝတီ ဥပရာဇာနှင့်ကွေ့ဂုဏ္ဏအိမ်တို့ထံမှ သစ္စာတော်ခံစေသည့်အဖွဲ့များ တစ်ပြိုင်တည်း ရောက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ နှစ်ဖွဲ့တစ်ပြိုင်တည်း ရောက်လာခဲ့သော်လည်း ဦးအောင်ဇေယျတွင် ပြဿနာ မရှိခဲ့၊ သူက နည်းပရိယာယ် ကြွယ်ဝစွာဖြင့် ယင်းနှစ်ဖွဲ့ကို ရှင်းပေးခဲ့သည်။

ဦးအောင်ဇေယျသည် နည်းပရိယာယ် ကြွယ်ဝသည့်အတိုင်း သံနှစ်ဖွဲ့ကို တဲကန္နားများ တည်ဆောက်၍ ကျွေးမွေးဧည့်ခံခဲ့သည်။ ထိုအခါ ဦးအောင်ဇေယျ၏ မိဘများဖြစ်ကြသည့်မင်းညိုစံနှင့်စောငြိမ်းဦးတို့သည် သားထံရောက်လာခဲ့ပြီး လက်နက်အား၊ စစ်သည်အင်အား၊ ငွေကြေးအင်အား အစစသာလွန်နေသည့် ဟံသာဝတီဘုရင်အား အခြားသော မြို့စားများကဲ့သို့ပင် စည်းစိမ်ဥစ္စာ ထက်ဝက်ပေးပြီး လောလောဆယ်တွင် သစ္စာတော်ခံရန် တိုက်တွန်းစကား ပြောကြားကြသည်။

သို့သော် ဦးအောင်ဇေယျက လက်မခံခဲ့၊ မိဘတို့ကို အကြောင်းအကျိုး ရှင်းပြခဲ့သည်။

"မည်သည်ကိုမျှ စိုးရိမ်တော်မမူကြပါနဲ့။ ယောကျာ်းကောင်းတို့မည်သည်မှာ လုံ့လဝီရိယအကြံအစည်ကို လျှော့မည်မဟုတ်ပါ။ လူများက သစ္စာခံသော်လည်း ကျွန်တော်တို့ ကြောက်ရွံ့ဖွယ် မရှိပါ။ လူနည်းသည် များသည်မှာ ပမာန

မဟုတ်၊ လုပ်ရည် ကြံရည်သာ ပမာနဖြစ်သည်။ ပြည်သူပြည်သား အကျိုး၊ သာသနာတော်၏ အကျိုး၊ ဆွေတော် မျိုးတော်တို့၏ ကျေးဇူးကို ဆပ်ပါမည်။”

ထိုအခါ မင်းညိုစံက

“ဗမာပီပီ နောက်မဆုတ်တမ်းကြံပါလေ”ဟု သားအား အားပေးစကား ပြောခဲ့သည်။

မိဘနှစ်ပါးပြန်သွားလျှင် ဦးအောင်ဇေယျသည် သားတော်များ၊ ညီတော်၊ ဆွေတော်မျိုးတော်နှင့်အမှုထမ်းတို့အား တိတ်တဆိတ်ခေါ်၍ တိုင်ပင် ညှိနှိုင်းခဲ့သည်။

လူစုံသောအခါ ဦးအောင်ဇေယျ ယခုရောက်ရှိနေသည့်သံတမန်များ ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ကြံစည်ရန် သင့်လျော်မည်နည်းဟု မေးမြန်းခဲ့သည်။

သားတော်က “ဟံသာဝတီမင်းကို စစ်သည်တို့ အင်းဝကို ရရှိသည်မှာ လူရည်ကောင်း၍ ရသည်မဟုတ်ပါ။ အင်းဝရွှေနန်းရှင်ကလည်း ကံမကောင်း၊ ဗမာအပေါင်းကလည်း ပေါ့ပေါ့လျော့လျော့ နေတယ်။ ကြိုးကြိုးပမ်းပမ်း အမှုမထမ်းကြသောကြောင့်အလွယ်တကူရရှိခြင်းဖြစ်သည်။ ဟံသာဝတီမင်းစစ်သည်များ ချီလာလျှင် ကျွန်တော်တို့က ခံနိုင်အောင် ခံကြမည်”ဟု လျှောက်တင်သည်။

ဦးအောင်ဇေယျက ညီတော်အား “မတ္တရာ အုတ်ဖိုက ကွေ့ရှမ်းတို့ အတွက်ကိုရော မည်သို့စီမံသင့်သလဲ”ဟု မေးလေသည်။

ညီတော်က “မတ္တရာ အုတ်ဖိုမှာ တစ်စခန်း၊ နှစ်စခန်းမျှသာ နီးလှသည်။ မရီးတော်၏ ခင်ပွန်း စည်သာ မင်းကြီးကလည်း ကွေ့ရှမ်းတို့လက်တွင် ရှိနေသေးသည်။ အခိုက်အတန့်အားဖြင့် ကွေ့တို့၏ သစ္စာကိုခံပြီး သူတို့နှင့်ပူပေါင်းကာ တိုက်ခိုက်မည်။ ဟံသာဝတီသားတို့ အရေးနိမ့်၍ ပြန်ကြလျှင် မြောက်ဘက်တစ်ခွင်ရှိမြို့ရွာများကို သိမ်းယူ၍ သင့်သလိုကြံသင့်ပါသည်”ဟုလျှောက်ထားသည်။

ညီတော်၏ လျှောက်တင်ချက်ကို နားထောင်ပြီးသည့်နောက် ဦးအောင်ဇေယျက အဆုံးအဖြတ်ပေးသည်။

“ညီတော်၏ လျှောက်တင်ချက်မှာ သင့်ပါသည်။ သို့သော် ကွေ့တို့၏ သစ္စာကိုခံပြီးမှ ပြန်လည်၍ စတင်တိုက်ခိုက်ရလျှင် သစ္စာမဲ့သူဟု ပြောထုံးဖြစ်ရော့မည်။ ထို့ကြောင့် ဘယ်သူ့သစ္စာကိုမျှ ခံယူဖွယ်မရှိ၊ ကွေ့တို့ကို နှုတ်ရေးဖြင့် ပြောဆိုပြီး ကြံသင့်သည်။”

ယင်းသို့ တိုင်ပင်ညှိနှိုင်းပြီးနောက် သံနှစ်ဦးစလုံးကို ခေါ်ယူတွေ့ဆုံသည်။ သံတို့အား ဦးအောင်ဇေယျက နှစ်ဦးစလုံး၏ သစ္စာကို ခံရန်မှာ အခုလောလောဆယ်တွင် မဖြစ်နိုင်။ တစ်ဦးတည်း၏ သစ္စာကိုသာ ခံယူရန်သင့်သည်။ ထို့ကြောင့်

သံနှစ်ဦးအနက် တစ်ဦးနှင့်တစ်ဦး ရှင်းလင်းရန်ရှိသည်တို့ကို ရှင်းလင်းသင့်သည်။ အကြီးအကဲဖြစ်ကြောင်း ဆောင်ရွက်သင့်သည်။ အကြီးအကဲဖြစ်ကြောင်း ဆောင်ရွက်ပြီးသည့်အခါတွင်မှ ယင်းအကြီးအကဲထံတွင် သစ္စာတော်ခံယူပါမည်ဟု အမိန့်ဆိုပြီးလျှင် အထိုက်အလျောက် လာဘ်လာဘများပေး၍ ပြန်စေခဲ့သည်။

သံတို့အား ပြန်စေခဲ့ရာ၌ ဦးအောင်ဇေယျတွင် အစီအစဉ်တစ်ခုရှိနေသည်။ ထိုအစီအစဉ်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ဦးအောင်ဇေယျက ပိပြားစွာ ဆောင်ရွက်သည်။

ဦးအောင်ဇေယျ၏ စီမံချက်အတိုင်း ကွေ့သံများကို စည်သာမင်းကြီးအားငှဲ၍ ကောင်းမွန်စွာ ကျွေးမွေးပြီး ကျောက်မြောင်းဆိပ်ကမ်းအရောက် လိုက်ပို့စေခဲ့သည်။ အခြားသံတို့ကိုမူကား ဟန်လင်းရွာ တောင်ဘက် ချုံပိတ်ပေါင်း ထူထပ်ရာအရပ်မှ ဆီးကြိုတိုက်ခိုက်ရာ ငါးဦးခန့်သာ လက်လွတ်ထွက်ပြေး၍ အင်းဝသို့ ပြန်လည်ရောက်ရှိနိုင်ကြသည်။

လက်လွတ်ထွက်ပြေးလာသူတို့က အကြောင်းစုံကို ပြန်လည်ပြောပြခဲ့ရာ ဟံသာဝတီမင်းစစ်သည်တို့ မခံမရပ်နိုင် ဖြစ်ကြသည်။ ထို့ကြောင့် ဥပရာဇာက မုဆိုးဘိုသားတို့အနေဖြင့် သစ္စာတော်ခံလျှင် ခံစေ၊ မခံလျှင် သတ်လေဟု ၁၁၁၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့၌ လက်နက်ကိုင်လူ ၃၀၀၀ခန့်ကို အမိန့်ပေး၍ မုဆိုးဘိုသို့ စေလွှတ်သည်။

ယင်းအကြောင်းကို ဦးအောင်ဇေယျကလည်း ကြိုတင်ကြားသိခဲ့သည်။ ကြားသိလျှင် ကြားသိချင်း ဦးအောင်ဇေယျက မြို့အရှေ့ချောင်းနား တောစပ်၌ လာလမ်း ဝဲယာတွင် တစ်ဖက်လျှင် မြင်းစီးသူရဲ ၁၀၀ စီ၊ ရှိန်မီး သေနတ်ဆွဲသူ ၅၀၀၊ တံကျင်(နှစ်ဖက်ချွန်တုတ်)ဆွဲသူ ရဲမက် ၅၀၀တို့ကို ပုန်းအောင်းနေရာယူ၍ အသင့်စောင့်ဆိုင်းနေစေခဲ့သည်။ ထို့နောက် အုန်းတစင်မြင်းကောင်း ဒေဝသီဟဘုရင်နှင့် လူ ၁၀ ယောက်တို့ကို ခရီးဦး ကြိုဆိုဟန်ပြု၍ အသင့်ထိုးထားသည့်သံတဲကန္နားသို့ အရောက် သွေးဆောင်ခေါ် ယူစေသည်။

ခရီးဦးကြိုဟန်ပြုသည်ကို အမှန်တကယ် ယုံကြည်၍ ဟံသာဝတီမင်းစစ်သည်တို့က လိုက်ပါလာကြသည်။ သို့သော် တောစပ်သို့ရောက်လျှင် ပုန်းကွယ်နေသော မြင်းသည်တော်တို့၏ အရိပ်အယောင်များကို မြင်တွေ့၍ ရိပ်မိကုန်ကြတော့သည်။ ထိုအခါ သူတို့က ဒေဝသီဟဘုရင်ကို ရှတ်တရက်လှံဖြင့် ထိုးလိုက်ရာ ထိုနေရာ၌ ကျဆုံးခဲ့သည်။

ပုန်းကွယ်နေသော ရဲမက်တို့လည်း သေနတ်များဖြင့်ပစ်၊ တံကျင်များဖြင့် ထိုးရိုက်ကာ တိုက်ခိုက်ကြသည်။ မြင်းတပ်သားတို့ကလည်း နှစ်ဖက်ညှပ်၍ ထိုးခုတ်

တိုက်ခိုက်ကြသည်။ အများအပြား သေဆုံးပြီး သံ့ပန်း အများအပြားကိုလည်း ဖမ်းဆီးရမိခဲ့သည်။ လူငါးယောက်သာလျှင် အပြေးသန်၍ အင်းဝသို့ရောက် အောင် ပြန်ပြေးနိုင်ကြသည်။

ဥပရာဇာသည် လူ ၃၀၀၀ အား သတ်ဖြတ် ဖမ်းယူလိုက်သောသတင်းကို ကြားသိရလျှင် အံ့လည်း အံ့ဩသည်။ မကျေမနပ်လည်း ဖြစ်ခဲ့သည်။ ထို့ကြောင့် သူက မုဆိုးဘိုကို ထပ်မံ၍ တိုက်ခိုက်ရန် စီစဉ်ပြန်သည်။ သို့သော် သူကိုယ်တိုင် ဦး မဆောင်နိုင်သည့်အခြေအနေ ပေါ်ပေါက်ခဲ့သည်။ နိုင်ငံ၏ အောက်ပိုင်းတွင် အ ခြေအနေမှာ စိုးရိမ်လာရသည်ဖြစ်သဖြင့် ဥပရာဇာက အောက်ပိုင်းသို့ စုန်ဆင်းသွား ရသည်။ မည်သို့ပင်ဖြစ်စေ ဒလပန်းအား မြင်း ၃၀၀၊ လူ ၁၀၀၀၀ ပေးထားခဲ့ပြီး မုဆိုးဘိုသာမဟုတ် ရန်ငုပ်ပေါ် သမျှ နှိမ်းနင်းရန် အင်းဝတွင် ထားခဲ့သည်။ ယင်း သို့ ထားခဲ့ရာတွင် စစ်အင်အားအဖြစ် စစ်မြင်းကောင်ရေ ၃၀၀၀၊ စစ်သည် ၅၅၀၀၀ ကိုလည်း ဒလပန်းလက်သို့ အပ်နှံထားခဲ့သည်။

မုဆိုးဘို နှိမ်နင်းရန်အတွက် ဒလပန်းက အစီအစဉ်များ ပြုလုပ်သည်။ သူ၏ လက်ရုံးတပ်မှူးများကို အသီးသီး တပ်ချနေရာယူစေသည်၊ ယင်းသို့ နေရာ ယူစေရာတွင် မြင်းကောင်ရေ ၃၀၀၊ စစ်သည် ၅၀၀၀ ဖြင့် ဗညားလက္ခန်းအိမ်ကို တည်တော ဟသ်ာအရပ်၌လည်းကောင်း၊ ဗညားငအည်ကို ကျောက်ကာ အရပ်၌ လည်းကောင်း၊ ဗညားပရံကို အမြင့်မြို့၌လည်းကောင်း၊ ဗညားအိန္ဒဗလကျော်ပုကို ငါးစို့ဇင်လေးရွာ၌လည်းကောင်း၊ ခင်ဦးစား လက်ယာပျံချီကို ခင်ဦးအရပ်၌လည်း ကောင်း အသီးသီး တပ်ချရပ်နေစေလေသည်။ လိုအပ်သော စစ်ပြင်ဆင်မှုများကို လည်း ဆောင်ရွက်ထားစေသည်။

ထို့ပြင် သမိပ်ဇိပ်ဖြဲ ပိုက်သီဟအဲနရဲ အဲကန်ကောင်းတို့အားလည်း မြင်း ကောင်ရေ ၃၀၀၊ စစ်သည် ၅၀၀၀ စီပေး၍၁၁၁၄ခု၊ ကဆုန်လပြည့်ကျော် ၁ ရက် နေ့တွင် အင်းဝမြို့မှ စစ်ကိုင်းဘက်သို့ ကူးစေခဲ့သည်။ ဟံသာဝတီမင်း စစ်သည်တို့ အနေဖြင့် မုဆိုးဘိုမျှလောက်ကို အရေးပြုလောက်စရာ မရှိဟု သဘောထားကြ သည်။ ထို့ကြောင့် မြောက်ဖက်တလွှား ရှိပြီးတပ်ငါးတပ်နှင့်တပ်ပေါင်း ကိုးတပ်၊ မြင်းကောင်ရေ ၂၇၀၀၊ စစ်သည် ၄၅၀၀၀ မျှလောက်သာ စီစဉ်၍ မုဆိုးဘို ထိုးစစ် ကိုပြင်ဆင်ခဲ့ခြင်းသည်။

ဟံသာဝတီမင်း စစ်သည်များ စစ်ကိုင်းသို့ ကူးခဲ့သည့်နေ့တွင်ပင် ဦး အောင်ဇေယျက မြင်းရည်တက် ခြောက်ကျိပ် ရှစ်ယောက်ကို ဖွဲ့စည်းသည်။

ဦးအောင်ဇေယျ၏ မြင်းရည်တက်အဖွဲ့တွင် သူ၏ သားချင်းများ အများ အပြား ပါဝင်ခဲ့သည်။ ၎င်းတို့မှာ မရီးတော် ခင်ကောင်းစံ၏ ခင်ပွန်း စည်သာမင်း

ကြီးဦးစီးစေ။ ခယ်မတော် ခင်နှိုင်းစံ၏ ခင်ပွန်း ဦးညွန့်၊ ခင်ယွန်းစံ၏ မောင်တော် ဦးအိုး၊ ဘဒွေးတော်မင်းကြီးညိုသူ၏ သား ဦးဆွေနည်း၊ အရီးတော် ခင်ပွန်းဦး ပန်း၊ ဘဒွေးတော် မင်းကြီးညိုသူသား ဦးနဲ၊ နောင်တော်ကြီး ဦးအောင်ဖြိုး၏ သား မောင်စံလှ၊ ဘဒွေးတော် ဦးထွန်းမြ၊ မရီးတော်၏ သား မောင်သွင်၊ ဘကြီး တော် မင်းညိုတင်၏ မြေး မောင်စိန်ငုံ၊ ဘဒွေးတော် ဦးညိုသူတို့ ဖြစ်ခဲ့ကြသည်။

အထူးသဖြင့် မင်းကျော်ပျံချီ၊ မင်းလှ မင်းခေါင်၊ မင်းလှမင်းခေါင်ကျော်၊ မဟာသေနာပတိ၊ အဂ္ဂမဟာသေနာပတိ(သေနတ်ဝင်)ဘွဲ့အဆင့်ဆင့် ငါးကြိမ် ပြောင်းလဲရရှိခဲ့သောဦးကောင်း၊ သီရိရွှေတောင်၊ မင်းလှရွှေတောင်၊ မင်းလှ မင်း ခေါင်၊ မင်းခေါင်နော်ရထာ၊ ဘွဲ့လေးကြိမ်ရသော ဦးတွန်တို့မှာ ဦးအောင်ဇေယျ စစ်ပွဲ၌ ပါဝင်ခဲ့သူများ ဖြစ်ကြသည်။

ယင်းမြင်းရည်ထက် ခြောက်ကျိပ် ရှစ်ယောက်အပြင် အခြားကျေးရင်း ကျွန်ရင်းများ မုဆိုးဘိုမှ လေးမျက်နှာ မိုင် ၂၀၊ ၃၀ အတွင်း ကျေးရွာ ၄၆ ရွာရှိ ရွာ ခေါင်းများကိုလည်း ဘွဲ့များပေးကာ သွေးစည်းထားခဲ့သည်။ ထိုအချိန်အခါ တွင်ပင် ဦးအောင်ဇေယျမှာလည်း အမည်ရင်းပျောက်၍ အလောင်းမင်းတရားဟူ သောဘွဲ့ဖြင့် အလိုလို ခေါ်ဝေါ်သမုတ်ခြင်းကို ခံယူခဲ့ရသည်။

အလောင်းမင်းတရား လက်ထက်တွင် သူရသတ္တိ စစ် မစစ်ကို စိစစ်ပြီးမှ လက်ရွေးစင်တို့ကို ရွေးချယ်လက်ခံသည်။ ယင်းသို့သတ္တိကို စိစစ်ရာတွင်လည်း ကြောက်မမန်းလိလိ ရှိခဲ့သည်။ သူရသတ္တိစိစစ်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျွမ်းကျင်သူတစ်ယောက်က ချွန်ထက်သော လှံတစ်စင်းကို လူတစ် ယောက်၏ လည်ဝနှင့်တိုင်း၍ ချိန်ရွယ်ထားရသည်။ သူရသတ္တိကို အစီအစစ်ခံသူက ထိုလှံချွန်ရှိရာသို့ အတင်းပြေးဝင်လာရသည်။ ယင်းသို့ပြေးဝင်လာရာတွင် မျက်စိ မမှိတ်ရ၊ မည်သည့်ကြောက်ရွံ့သည့်လက္ခဏာမျှ မပြရ၊ လှံမှူး တပ်မှူးများက ဘေး မှကြည့်ရှု၍ သတ္တိခံများကို ရွေးကောက် မှတ်သားရသည်။ လှံသွားကို အတင်း ထိုးသူသည် အသက်စွန့်၍ ထိုးရသော်လည်း လှံသွားနှင့် နီးလျှင် ကျွမ်းကျင်သော လှံကို လျင်မြန်စွာ ဖယ်ပေးခဲ့သည်။ အကယ်၍ ထိုးသူအား သွေးစွန်းလျှင် လှံကိုင် သူမှာ အပြစ်မကင်းပေ။ သူရသတ္တိ စမ်းသပ်ပွဲ အောင်မြင်သူတို့အား ရဲရောင်မြန် မာ(ဝါ)ရဲမြန်မာဟု ခေါ် ဆိုကြသည်။ သူတို့အားလုံးတွင် သူရသတ္တိနှင့် ပြည့်စုံကြသူ များ ဖြစ်ကြသည်။

ယင်းသို့ ဟံသာဝတီတို့အား ခုခံရန် ပြင်ဆင်နေကြကြောင်း ကွေ့တို့ကြား သိရလျှင် မုဆိုးဘိုသည် ငါတို့ကို အားကိုး၍ ဟံသာဝတီသားတို့ကို ခုခံလေသည်။ ငါတို့ လက်အောက်ခံကြမည်မှာ သေချာသည်ဆိုပြီး ဖမ်းဆီးထားသော စည်သာ

မင်းကြီးကို အသာတကြည် ပြန်ပို့ပေးသည်။ စည်သာမင်းကြီးမှာ ဦးအောင်ဇေယျ မရီးတော်၏ ခင်ပွန်းဖြစ်၍ ဟံသာဝတီပါမင်းတရား လက်ထက်က စည်သူကျော် ထင် မင်းကြီးကျော်စွာဘွဲ့ခံသော အမတ်ကြီးဖြစ်သည်။

ဦးအောင်ဇေယျ၏ ဗလနန္ဒကျော်စွာမှာ မြို့စားဘွဲ့သာ ဖြစ်ခဲ့သည်။ ဆွေ တော်မျိုးတော် ဗိုလ်မှူး၊ တပ်မှူးတို့က တံဆိပ်နာမည်ခံယူတော်မူပါမည့်အကြောင်း လျှောက်ထားကြသဖြင့် 'အလောင်းမင်းတရားကြီး' ဟုခေါ် တွင်နှင့်သောတံဆိပ် နာမတော်ရှိလေပြီဟုအမိန့်တော် ရှိခဲ့သည်။ ထိုအခါ၌ အလောင်းမင်းတရား၏ သက်တော်မှာ (၃၇)နှစ်အရွယ်ဖြစ်သည်။

ထိုအချိန်တွင်ပင် မုဆိုးဘိုကို ရန်သူတို့ဝိုင်းရံထားကြပြီးဖြစ်သည်။ စစ် ကိုင်းဘက်မှ ချီလာသော ရန်သူတပ်များသည် လေးစခန်းနှင့်မုဆိုးဘိုသို့ ရောက် ရှိ၍ မြို့အရှေ့မျက်နှာက တပ်မစွဲရပ်လျက် ပတ်ဝန်းကျင် အထပ်ထပ် ဝန်းရံထား နှင့်ကြပြီးဖြစ်သည်။

မုဆိုးဘိုတိုက်ပွဲကြီး

ရန်သူတပ်များ မုဆိုးဘိုကို ဝိုင်းရံထားကြသည့်အချိန်တွင်ပင် အ လောင်းမင်းတရားက သားတော်၊ ညီတော်၊ ဆွေတော်မျိုးတော်၊ ဗိုလ်မှူး၊ တပ်မှူးတို့ကို ခေါ်၍ ဟံသာဝတီသားတို့၏ ထိုးစစ်ကို မည်ကဲ့သို့ ခုခံတန်ပြန်သင့်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဦးစွာ မင်းကျော်ပျံချီက–

"ဟံသာဝတီမင်း၏ စစ်သည်တို့သည် စစ်တိုက်ရလွန်းသဖြင့် စစ်ပမ်းကာ အားအင် ကုန်ခမ်းလျက် ရှိနေကြပါပြီ။ ကျွန်တော်တို့မှာ အရှင့်အရေး၊ ကိုယ့်အရေးဖြစ်၍ တစ်ယောက်ကို တစ်ရာမတန်အမှုထမ်းကြသည့်သူများချည်း ဖြစ်ပါသည်။ လူနည်းသည့်အတွက် ကြောက်ရွံ့ဖွယ် မရှိပါ" ဟုလျှောက်တင်သည်။

သီရိရွှေတောင်က–

"ကြောက်ရွံ့ဖွယ် မရှိသည်မှာ မှန်ပါသည်။ သို့ရာတွင် မုဆိုးဘိုသားတို့သည် ဟံသာဝတီမင်း၏ စစ်သည်တို့နှင့် စစ်ကြီးမပြုသေး၍ တစ်ဦး၏ လုပ်ရည်ကိုင်ရည်ကို တစ်ဦးက မသိကြသေးပါ။ ဒီတစ်ကြိမ်တွင် အရေးတောင်း၍ သူတို့ကို ပြန်စေမည်။ သူတို့ပြန်မှ ၎င်းတို့နေရာချထားသော တည်တောစသည့်တပ်ငါး တပ်ကို တိုက်ခိုက်သိမ်းပိုက်မည်။ နောင် အင်းဝသို့ ချီတက်တိုက်ခိုက်မည်။ အင်းဝရလျှင် မြောက်ဘက် တောင်ဘက် တစ်လွှားရှိ မြို့ကြီးများပါမကျန် သိမ်းပြီး ဟံသာဝတီတိုင်အောင် လုပ်ကြသင့်ပါသည်"ဟုလျှောက်တင်သည်။

သားတော်လတ်ကမူ သူ့သဘောထားကို ပြတ်ပြတ်သားသားပင် ပြောခဲ့သည်။

"အရေးတောင်းလျှင် သူတို့ကို ကြောက်ရွံ့၍ဟု ထင်မှတ်ရော့မည်။ သို့ဖြစ်၍ အရေးမတောင်းဘဲ တပ်နှင့်ကြံ့ကြံ့ခံနေသင့်သည်။ သူတို့ ချီတက်လာလျှင် သုတ်သင်ပစ်မည်။ အသေအပျောက်များလျှင် သူတို့ကြောက်ရွံ့ပြီး မြို့သို့ မချဉ်းမကပ်ဝံ့ဘဲ ရှိလိမ့်မည်။ နေမှာလည်း အလွန်ပူ၍ ဆင် မြင်းအတွက် မြက်၊ ရေ ရှားသည်။ အဖျားအနာ ထူမည်ဖြစ်၍ မကြာခင် သူတို့ဆုတ်ခွာကြရလိမ့်မည်။"

သားတော်ကြီးကလည်း သဘောထားကို တင်ပြခဲ့သည်။

"စစ်သဘောဆိုသည်မှာ လူနည်းသည် များသည်ကား လိုရင်းမဟုတ်။ စွန့်စားခြင်းသာ အကြောင်းရင်းဖြစ်သည်။ မြန်မာ့ရဲသွေးအစစ် နဂါးဦးနှောက်

ဖောက် ၍ စားလေ့ရှိသောဂဠုန်ငှက်ကဲ့သို့ သတ္တိနှင့် ပြည်စုံသည့် ဗိုလ်မှူး၊ တပ်မှူးတို့နှင့်စစ်ဦးမှ ထွက်တိုက်မည်။ ရန်သူတို့ ခံနိုင်မည်လော မခံနိုင်၍ ဆုတ်ခွာလျှင် အင်းဝတိုင်အောင် လိုက်လံတိုက်ခိုက်မည်''

ယင်းအစည်းအဝေးတွင်ပင် ခါးတောင်းကြိုက်ထားသော လူတစ်ယောက်အား အလောင်းမင်းတရားကြီးက အမှုတော်ကို ကြိုးစားအားထုတ် ထမ်းနိုင်မည်လောဟု မေးခဲ့သည်။ ထိုအခါ အမေးခံရသူက ထမ်းနိုင်မည် မဟုတ်ပါဟု လျှောက်ထားရာ အလောင်းမင်းတရားကိုယ်တိုင် ရှုတ်ချည်းထ၍ ထိုလူ၏ ကျောကို ဓားရှည်နှင့်ခုတ်သည်။ ဗိုလ်မှူး၊ တပ်မှူးတို့က တကယ်ခုတ်သည်ဟုအထင်ရှိပြီး ယခုပင်လျှင် ဟံသာဝတီမင်း၏ စစ်သည်တို့ကိုထွက်၍တိုက်ပါမည်ဟု လျှောက်ထားကြသည်။ စင်စစ်ကား ယင်းသွေးကြောင်သူကို ဓားနှင့်ခုတ်သည်မဟုတ်ဘဲ ဓားပြားနှင့်ရိုက်ခြင်းမျှသာ ဖြစ်သည်။

ထို့နောက် အလောင်းမင်းတရားက စစ်ရေးနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခဲ့သည်။

''ဟံသာဝတီမင်း၏စစ်သည်တို့မှာ ဗိုလ်ခြေအင်အား များကြသော်လည်း စွန့်စားလုပ်ကိုင်ရည်၌ ငါတို့ကိုမမီ စိန်စစ်ကျောက်ကို ကြေမွပျက်စီးအောင် မဆောင် မရွက်နိုင်သကဲ့သို့ ငါတို့၏ကျောက်ကို ဖြိုဖျက်နိုင်မည်လော။ ငါတို့တွင် မျိုးရိက္ခာ အပြည့်အစုံရှိသည်၊ ရန်သူတို့ စစ်ညောင်း၍ ရိက္ခာပြတ်မည်။ ရေမိုးငတ်မည်၊ စစ်တို့၏ သဘောမှာ ဦးအစအောင်ပွဲ မရလျှင် အားပျော့သည်။ သို့ဖြစ်၍ သူတို့၏ ထိုးစစ်ကို ကြံ့ကြံ့ခံကြ၊ သူတို့ စစ်နွမ်းသည့်အချိန်တွင် ငါကိုယ်တိုင်ထွက်၍ တဟုန်ထိုး တိုက်တော်မူမည်''

ယင်းသို့ အမိန့်ရှိလိုက်သည့်အတိုင်း သားတော်ညီတော်၊ ဗိုလ်မှူး၊တပ်မှူးအပေါင်းတို့သည် မြို့ထိပ်တွင်နေရာများ အသီးသီးယူကြ၍ ကြံ့ကြံ့ခံကြရန် စစ်ပြင်ဆင်ခဲ့ကြလေသည်။

ဟံသာဝတီမင်း၏စစ်သည်တို့သည် ထန်းလုံးခံတပ်ကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်လာခဲ့ကြသည်။ အနောက်နိုင်ငံသားကုလားဖြူတို့ထံမှ ဝယ်ယူရရှိသော အမြောက်စိန်ပြောင်းများဖြင့် တရစပ်ပစ်ခတ်ပြီး ထန်းလုံးတပ်ရင်းသို့ ချဉ်းကပ်လာကြသည်။ အလောင်းဘုရား၏စစ်သည်တို့က ထန်းလုံးတပ်ထိပ်မှနေ၍ ချဉ်းကပ်လာသမျှတို့ကို ပြန်လည် ခုခံမောင်းထုတ်ခဲ့ကြသည်။ ရန်သူတို့သည် ငါးရက်ခန့် အကြိမ်ကြိမ် ချဉ်းကပ်ရန် ကြိုးစားကြသော်လည်း မအောင်မြင်ခဲ့ကြချေ။ အသေအပျောက်သာ လွန်စွာ များပြားခဲ့သည်။

ထို့ကြောင့် ဆက်လက် ချဉ်းကပ်ရန် မကြိုးစားဝံ့ကြတော့ဘဲ ဝိုင်းရံပိတ်ဆို့

မြဲ ပိတ်ဆို့ ထားကြတော့သည်။

ရန်သူတို့သည် အားမလျှော့ဘဲ တစ်နည်းတစ်ဖုံ ကြံစည်ခဲ့ကြပြန်သည်။ ထန်းလုံးတပ်တွင်းသို့ ဝင်နိုင်ရန် အမာခံ စစ်သည်၁၅၀၀ ကို ရွေးချယ်ပြီး ညသန်းခေါင်တွင် တောင်မျက်နှာအရပ်၌ ချောင်းကွယ် ပုန်းဝပ်နေစေသည်။ ထိုစဉ် အရှေ့မျက်နှာမှ အမြောက်စိန်ပြောင်းတို့ အရပ်မစဲ ပစ်ခတ်၍ ထန်းလုံးတပ်သို့ ချဉ်းကပ်လာကြပြန်သည်၊ အလောင်းမင်းတရား၏ စစ်သည်တို့က အရှေ့မျက်နှာမှသာ တပ်များ ချဉ်းကပ်လာသည်အထင်ဖြင့် အရှေ့မျက်နှာသို့ဖို၍ ခုခံနေကြစဉ် တောင်မျက်နှာ၌ ပုန်းကွယ်နေကြသော ဟံသာဝတီမင်း၏ စစ်သည် ၁၅၀၀ တို့က ထန်းလုံးတပ်ထိပ်ပေါ် သို့ တက်နိုင်ခဲ့ကြသည်။ တောင်ဘက်မျက်နှာ ဟာပေါက်မှ ရန်သူတို့ ချီတက်လာနိုင်သော်လည်း အလောင်းမင်းတရား၏ တပ်သားတို့က ရှပ်ရှပ်ချွံချွံ ပြန်လည် တိုက်ခိုက်ကြသည်။ မည်သို့ပင်ဖြစ်စေ တပ်မှာ မလုံတော့ဘဲ တပ်တွင်းသို့ ရန်သူ ၅၀ ခန့် ရောက်ရှိလာသည်။

ယင်းကဲ့သို့ ကျွံဝင်လာသော ရန်သူ ၅၀ ကို မြင်းရည်တက်ဆင်နင်းဗိုလ် နန္ဒကျော်ထင်ဘွဲ့ခံ ဦးကျော်စံက ရှင်းလင်းသုတ်သင်ပစ်သည်။ ရန်သူတို့အား တပ်တွင်းတွင် လိုက်လံတိုက်ခိုက်ခဲ့ရာ ၂၀ ကျော် သေဆုံး၍ ကျန်လူများ တပ်ပြင်သို့ ထွက်ပြေးသွားကြသည်။

ထိုအချိန်တွင်ပင် အနောက်မျက်နှာတွင် ထန်းလုံးခံတပ်ကို မီးတိုက်ရန် လှည်းကတုပ်များ ပြုလုပ်၍ ချဉ်းကပ်လာသူတို့ကိုအလောင်းမင်းတရားကိုယ်တိုင် ကွပ်ကဲ ခုခံတိုက်ခိုက်ရာ ရန်သူများ ထန်းလုံးခံတပ်အနီးသို့ပင် မချဉ်းကပ်နိုင်အောင် ရှိကြသည်။

ယင်းသို့ ရန်သူတပ် ဝိုင်းနေသည့်အချိန်တွင် အလောင်းမင်းတရားက ၎င်း၏ ကျွန်တော်ရင်း ငသိုက်စပ်ကို တပ်ပြင်သို့ ထွက်စေ၍ ရန်သူ ဟံသာဝတီမင်း၏ စစ်သည်တို့နှင့် ရောနှောနေစေခဲ့သည်။ ရန်သူတို့က ငသိုက်စပ်ကို သူတို့လူဟု ထင်မှတ်၍ လက်ခံထားကြခိုက် ငသိုက်စပ်က လှည်းကတုတ်များကို မီးရှို့သည်။ လှည်းကတုတ်များ မီးလောင်၍ ထွက်လာသော အလင်းရောင်ဖြင့် ရန်သူတို့ကို ကောင်းစွာ မြင်နိုင်ရာ အလောင်းမင်းတရား၏ တပ်တို့က သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ ရန်သူ အများအပြားပင် သေဆုံးကြသည်။ အလောင်းမင်းတရားက အားရတော်မူ၍ ငသိုက်စပ်ကို (သမိန်ဗရမ်း)ဟု အမည်ပေးတော်မူသည်။

ပထမစစ်ပွဲ ပြီးဆုံးခဲ့သည်။ ယင်းစစ်ပွဲ၌ အလောင်းမင်းတရားတပ်တွင် အမြောက် မရှိခဲ့ပေ။ သေနတ်ပင်လျှင် လုံလောက်အောင် မရှိ၊ ရှိသောသေနတ်

များနှင့် သုံးစွဲရမည့်ခဲယမ်းများမှာလည်း ဖောဖောသီသီ မရှိ၊ သို့သော် အလောင်းမင်းတရားတပ်၌ သူမတူအောင် ပြည့်စုံခြင်းမှာ သူရသတ္တိ၊ အကြံဉာဏ်နှင့် ရဲသွေးရဲမာန်များ ဖြစ်သည်။

အလောင်းမင်းတရား၏ စစ်နည်းပရိယာယ်မှာ ရန်သူတို့ စစ်ပညာသံကြွေးသကဲ့သို့ အတုလိုက်၍ မအော်ဟစ်စေရဘဲ တပ်အရှေ့မြောက်ထောင့်မှ အရှေ့တောင်ထောင့်တိုင်အောင် စစ်မျက်နှာဖြန့်၍ နေစေသည်။ ရန်သူတို့ ထိုးစစ်ဆင်လာသော် သေနတ်ခဲယမ်းကို အချည်းနှီး မဖြုန်းရ၊ အနီးသို့ရောက်၍ မှန်လောက်ရှိမှ ပစ်ခတ်ရသည်။ ရဲမက်တို့မှာ အသံမပြုကြရ၊ ကျောက်စာတိုင်ကဲ့သို့ ပုဆစ်တုတ်ကာ ဘေးချင်းကပ်၍ နေကြရသည်။

ပထမတိုက်ပွဲတွင် ရန်သူတို့အား အောင်မြင်ပြီးသည့်နောက် တပ်ပြင်သို့ ထွက်၍ ကြံစည်ခဲ့ကြသည်။ အမှန်မှာ အလောင်းမင်းတရားတွင် မြင်းရည်တက် ၆၈ ဦး၊ ရွာခေါင်း ၄၆ ဦးအပြင် အခြားသွေးသောက်ကြီးများပါ ခေါင်းဆောင် ၂၀၀ ခန့်နှင့်ရန်သူတို့ကို ဦးရေအားဖြင့် မယှဉ်နိုင်အောင် ကွာခြားလှသော ကျေးရွာသားတို့သာ ရှိခဲ့သည်။ ထို့ပြင် လက်နက်အရာ၌လည်း သေနတ်အနည်းငယ်သာ ရှိသည်။ အများအားဖြင့် ဓား၊ လှံ၊ ဒုတ်၊ တံကျင်တို့ကိုသာ အားကိုးခဲ့ကြရသည်။ သို့ပါလျက် တပ်တွင်းမှခုခံရန်သာ မဟုတ် ရန်သူတို့အား တပ်ပြင်သို့ ထွက်၍ တိုက်ခိုက်ရန်ကြံစည်ခြင်းမှာ သူတို့၏ ရဲရင့်ခိုင်မာသော သတ္တိစွမ်းရည်များကြောင့်ဖြစ်သည်။

ရန်သူတို့အား တပ်ပြင်သို့ ထွက်၍တိုက်ရန် တိုင်ပင်ဆွေးနွေးကြရာတွင် သားတော်နှစ်ပါးနှင့်မင်းလှစည်သူ၊ မင်းရဲကျော်စွာ၊ မင်းကျော်ပျံချီ၊ မင်းလှကျော်သူ၊ မင်းလှရွှေတော်တို့က ရန်သူတပ်အား ပြင်းထန်စွာ ထိုးစစ်ဆင် တိုက်ခိုက်ရန် လျှောက်တင်ခဲ့ကြသည်။

မင်းလှရွှေတောင်က "ဟံသာဝတီမင်း၏ စစ်ဘက်တို့ လုပ်ရည်ကိုင်ရည် ကျွန်တော်တို့ သိရပါပြီ။ ကျွန်တော်တို့၏ လုပ်ရည်ကိုင်ရည်ကိုလည်း သူတို့သိကြပြီဖြစ်ပါသည်။ ကျွန်တော်တို့နှင့် ဆင်းစီးခြင်း၊ မြင်းစီးခြင်း၊ မျက်နှာဆိုင်ဝံ့ကြမည် မဟုတ်ပါ။ ယခုပင် ထွက်၍ တိုက်သင့်ပါသည်" ဟု လျှောက်တင်သည်။
ထိုအခါ အလောင်းမင်းတရားက–

"ရန်သူတို့ မချဉ်းကပ်ဝံ့၍သာ ဒီအတိုင်း ရံနေကြခြင်းဖြစ်သည်။ ဒီတစ်ခါတွင် ငါကိုယ်တော်တိုင် ထွက်တိုက်မည်"ဟုအဆုံးအဖြတ် ပေးတော်မူသည်။

ယင်းသို့ စွန့်စားတိုက်ခိုက်ရန် ဆွေးနွေးတိုင်ပင် အမိန့်တော်ချမှတ်ပြီးသည့်နောက် တပ်ပြင်ထွက်၍ တိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်သည်။ အရှေ့

မျက်နှာမှ တပ်ပေါင်းရှစ်တပ်နှင့် မင်းလှစည်သူ၊ တောင်မျက်နှာမှ တပ်ပေါင်း ၁၁ တပ်နှင့် မင်းကျော်ပုံချို၊ အနောက်ဘက်က တပ်ပေါင်း ၁၁ တပ်နှင့်နန္ဒယော်ဒါနှင့် မင်းရဲကျော်တို့ကို မြောက်မျက်နှာက ၁၅ တပ်၊ ညီတော်သတိုးသခ်သူကို တပ်ပေါင်း ၄၅ တပ် စီစဥ်ချထားပေးသည်။ စင်စစ်အားဖြင့် တပ်ပေါင်း ၄၅ တပ်ဆိုသော် လည်း တပ်သားဦးရေမှာ မများလှပေ။

ယင်းတပ်ပေါင်းစုအား

"ငါနေရာချထားသည့်အတိုင်း စီစဥ်နေကြ၊ ထိုးစစ်ဆင်လာသော်လည်း ထွက်မတိုက်နှင့်၊ ကျောက်တိုင်ကဲ့သို့ ကြံ့ကြံ့ခံနေ၊ ငါအောင်သံပေးမှ ရှပ်ရှပ်ချုံချုံ ဖိဖိစီးစီး ထိုးနှက် တိုက်ခိုက်ကြ"ဟု အမိန့်ချမှတ်သည်။

ထို့နောက် လူနည်းနည်းနှင့်ကြဲကြဲဝိုင်းဟူသကဲ့သို့ တပ်များအားလုံး ထွက်လာ၍ မြို့နှင့် ၁၃ တာအကွာတွင် လက်ယာရစ်ပတ်ကာ တပ်စွဲနေကြသည်။

မြို့ပြင်ထွက်လာသော အလောင်းမင်းတရား ရွှေဘိုတပ်များကို ဟံသာဝတီမင်း၏ စစ်သည်တို့က နှစ်ကြိမ်မှ သုံးကြိမ်အထိ ထိုးနှက်တိုက်ခိုက်ကြသည်။ အလောင်းမင်းတရား၏ အမိန့်ချမှတ်သည့်အတိုင်း တပ်တို့က လိုက်မတိုက်ဘဲ ကြံ့ကြံ့ခံ၍သာ နေခဲ့ကြသည်။ ဟံသာဝတီမင်း၏ စစ်သည်တို့က ၎င်းတို့ထိုးစစ်ဆင်သော်လည်း လိုက်၍မတိုက်၊ စစ်ရေးငင်သော်လည်း ထွက်၍မတိုက်သောကြောင့် ဆက်လက်ပြီး တိုက်ခိုက်ခြင်းမပြုတော့ဘဲ နဂိုအတိုင်း ဝိုင်းရံမြဲဝိုင်းရံနေခဲ့ကြသည်။

နံနက် နေထွက်ချိန်မှ မွန်းတည့်ချိန်ကို ရောက်လာသည်။ အလောင်းမင်းတရားကား တပ်မြို့တွင်းမှထွက်၍ မလာပေ။ သို့ဖြင့် တစ်ဦး၏ အခြေပျက်မှုကို တစ်ဦးက စောင့်ကြည့်လျက် ရှိကြစဉ် ၁၁၁၄ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့ မွန်းတည့်နှစ်ချက်တီးနှစ်မောင်းတွင် အလောင်းမင်းတရား ကိုယ်တိုင် အောင်တံခွန်လွှင့်လျက် သားတော်နှစ်ပါး၊ မြင်းရည်တက်များနှင့်တကွ လေးဆယ့်ခြောက်ခေါင်းအစု အမှုထမ်းလက်နက်စွဲ သူရဲအပေါင်းခြံရံ၍ စည်တော်ရှမ်းကာ အရှေ့မျက်နှာ လက်ယာတံခါးမှရွှေထီးဖြန့်၍ ထွက်တော်မူလာခဲ့သည်။ အလောင်းမင်းတရား ထွက်လာသည်ကို မြင်သောအခါ ရန်သူတို့သည် သောသော ရှုတ်ရှုတ် ထ၍ကြည့်ကြသည်။

အလောင်းမင်းတရားသည် စစ်မြေတလင်းသို့ ရောက်သည်နှင့် အောင်မြင်သောအသံ ဥက္ကင်္ဌဖြင့်

'အောင်ခါရောက်ပြီ

အောင်ကြိမ်သင့်ပြီ

အောင်ခါတန်ပြီ' ဟုဟစ်ကြွေးလိုက်ရာ နှစ်ဖက်သော စစ်သည်တို့၏ နားဝ

တွင် ကပ်၍ ဟစ်ကြွေးလိုက်သကဲ့သို့ တပ်သားအားလုံး ကြားလိုက်ကြရသည်။

ယင်းသို့ကြွေးကြော်ပြီးသည်နှင့် အလောင်းမင်းတရားတပ်မှအောင်စည် အောင်မောင်းတီးကာ အမိန့်များပေးတော်မူလျှင် အလောင်းမင်းတရားတို့သည် တစ်ပြိုင်တည်း ဟစ်ကြွေး၍ ရှပ်ရှပ်ချုံချုံ စစ်ဆင်တိုက်ခိုက်ကြသည်။ စစ်မြေပြင်တွင် နှစ်ဖက်သော စစ်တပ်များ လုံးထွေးနေကြစဉ် အလောင်းမင်းတရားကြီး ကိုယ်တော်တိုင် လက်သုံးတော်ဓားကြီးကို ဝင့်ကာဝင့်ကာ ကွပ်ကဲသည်။ ယင်းသို့ အလောင်းမင်းတရားကိုယ်တော်တိုင် ကွပ်ကဲနေသည်ကို ဒိုင်း၏ စစ်သည်တို့ မြင်တွေ့ရလျှင် စိတ်ဓာတ်များ ပိုမိုတက်ကြွကာ အသက်ကို ဖက်ရွက်မျှလောက်ပင် မမှတ်တော့ဘဲ စွန့်လွှတ်စွန့်စား တိုက်ခိုက်ကြတော့သည်။

ရန်သူတို့မှာ များစွာပင် အထိနာကုန်ကြသည်။ ရှေ့မတိုးသာအောင်ဖြစ်ကုန်ကြသည်။ ထိုအခိုက် အလောင်းဘုရားနှင့်သူ၏ တပ်သည် တောင်ကြီးဖြိုလိုက်သကဲ့သို့ အလုံးအရင်းဖြင့် ပြိုဆင်းဖိတိုက်လိုက်ရာ ဟံသာဝတီမင်း၏ စစ်သည်တို့မှာ မခံနိုင်တော့ဘဲ အဆီးအတားမရှိ တပ်ပျက်တော့သည်။ အရှေ့မျက်နှာမှ အဓိကတပ်ကြီးပြိုပျက်လျှင် အနောက်မျက်နှာ၊ တောင်မျက်နှာ၊ မြောက်မျက်နှာတို့ရှိ အရန်တပ်များ အားလုံးလည်း ပျက်ပြုန်းခဲ့လေတော့သည်။

ရန်သူတို့သည် တောင်ဘက်သို့ အပြင်းဆုတ်ခွာ ထွက်ပြေးကြသည်။ အလောင်းမင်းတရားတပ်တို့က နောက်မှထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်ကြသည်။ ရန်သူတို့မှာ သေကျေပျက်စီး တကွဲတပြားစီ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးခဲ့ကြရတော့သည်။

ယင်းတိုက်ပွဲတွင် အမြောက်စိန်ပြောင်း၊ ခဲယမ်းမီးကျောက်မြောက်မြားစွာကို သိမ်းဆည်းရမိသည်။ ရန်သူသုံ့ပန်း အများအပြားတို့ကိုလည်း ဖမ်းဆီးရမိသည်။ ရရှိသော လက်နက်များဖြင့် သေနတ်သေနတ်တစ်စုံကို ကျနစွာ အသစ်ပြန်လည် ဖွဲ့စည်းနိုင်ခဲ့သည်။

စစ်ရှုံးသူ စစ်သူကြီးဒလသည် မုဆိုးဘိုမြို့ကိုတိုက်တိုင်း အရေးနိမ့်ရသည်။ ယင်းသို့ တိုက်ခြင်းအားဖြင့် လက်နက်လူသူတစ်ရပ်ကို စီစဉ်ခဲ့ပြန်သည်။ ယင်းသို့စီစဉ်ရခြင်းမှာလည်း မုဆိုးဘိုအနေဖြင့် မြောက်ဖက်တခွင်ရှိ ကျေးရွာများကို သိမ်း၍ အင်အားများလာလျှင် စစ်ကိုင်းနှင့်အင်းဝကို အံတုခြိမ့်မည်ဟု စိုးရိမ်မိ၍ဖြစ်ခဲ့သည်။ ထို့ကြောင့် မုဆိုးဘိုမြို့က အလောင်းမင်းတရား၏ ဖြစ်ခဲ့သည်။ ထို့ကြောင့် မုဆိုးဘိုမြို့က အလောင်းမင်းတရား၏ တပ်များ မခွာလာအောင် အလုံးအရင်းဖြင့် ပိတ်ဆို့ရန်တားထားမည်။ မြောက်ဘက်တစ်ခွင်ရှိ အလုံ၊ ဒီပဲယင်း၊ ကောလင်း၊ ဝန်းသိုစသောမြို့ရွာများကို အလျင်အမြန် သိမ်းဆည်းထားမည်။

ယင်းကိစ္စကို ခင်ဦးစားနှင့်တိုင်ပင်၍ မြင်းကောင်ရေ ၅၀၀၊ စစ်သည် ၁၅၀၀၀၊ ထောက်ပံ့ကာ တပ်ကြီးတစ်တပ် တည်စေမည်ဖြစ်သည်။ ယင်းအကြံအစည်အတိုင်း ၁၁၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်နေ့တွင် အင်းဝမှချီလာပြီး ထနောင်းဝင်း (မြောက်ဝင်း)အရပ်တွင် တပ်ကြီးတစ်တပ်ကို တည်လာခဲ့ပြန်သည်။

ထိုသတင်းကို အလောင်းမင်းတရား ကြားမိတော်မူသည်။ ထနောင်းတပ်သည် သူ့အတွက် အနှောက်အယှက် အဟန့်အတားဖြစ်သည်။ ယင်းတပ်ရှိနေလျှင် လုပ်ရေး ကြံရေးများ ခက်ခဲစရာရှိသည်။ ထို့ကြောင့် ကိုယ်တော်တိုင်ထွက်၍ တိုက်တော်မူမည်ဟုအမိန့်ရှိသည်။

ထိုအခါ မင်းကျော်ပျံချီက "ယခုအခါတွင် ကိုယ်တော်၏ တပ်တွင် လက်နက်ကောင်း၊ မြင်းကောင်းများ အများအပြားရှိလာပြီဖြစ်ပါသည်။ ထနောင်းဝင်းတပ်မှာ ကိုယ်တော်နှင့်မတန်ပါ။ ကိုယ်တော်တိုင် မတိုက်ပါနှင့် ကျွန်တော်တို့အလွယ်တကူသိမ်းပါမည်"ဟု တင်လျှောက်သည်။

မင်းကျော်ပျံချီ၏ လျှောက်ထားချက်ကို မင်းတရားက ခွင့်ပြုတော်မူခဲ့သည်။ ၁၁၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်နေ့၌ ၄၆ ခေါင်းတပ်မှူးတို့ကို စည်းကြပ်ပြီးလျှင် သားတော် နှစ်ပါးအား ဗိုလ်ချုပ်ခန့်၍ ထနောင်းဝင်းတပ်အား တိုက်ခိုက်စေတော်မူခဲ့သည်။

အလောင်းမင်းတရား၏ တပ်တို့သည် စစ်နှစ်ကြောင်းဖြန့်၍ မုဆိုးဘိုမှ အရှေ့မြောက်သို့ ချီတက်ခဲ့ကြသည်၊ ထနောင်းဝင်းတပ်နှင့်တွေ့လျှင် တံ့ဆိုင်းမနေဘဲ ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ရန်သူတို့မှာ မုဆိုးဘိုကို တိုက်စဉ် တပ်ကိုမြင်လျှင် ခုခံနိုင်စွမ်းအား မရှိတော့ဘဲ တပ်လုံးပျက်ခဲ့သည်။

ယင်းတိုက်ပွဲတွင် ရွှေဘိုသား အလောင်းမင်းတရား၏ တပ်တို့က မြင်း၊ လူ၊ သေနတ်၊ လက်နက် အများအပြားကို ဖမ်းဆီးရမိခဲ့ကြပြန်သည်။ မုဆိုးဘိုမှ အလောင်းမင်းတရား၏ တပ်သည် အင်အားကြီးထွားသည်ထက် ကြီးထွားလာခဲ့တော့သည်။

အောင်ပွဲများ

မုဆိုးဘိုအရေးတွင် ဟံသာဝတီမင်း၏ စစ်သည်တို့ အကြိမ်ကြိမ် အရေးနိမ့်ရခြင်းမှာ အင်းဝ၌ အစောင့်ထားခဲ့သည့် စစ်သူကြီးဒလပန်း၏ စီမံကွပ်ကဲမှု ညံ့ဖျင်းသောကြောင့်ဆိုကာ ဟံသာဝတီဘုရင်က ဒလပန်းကို ပဲခူးသို့ပြန်ခေါ်ခဲ့သည်။ ဒလပန်းနေရာတွင် တောင်ငူဒွေ့ခွန်ဝန်ကို စစ်သူကြီးအရာထားပြီး အရေးအကြောင်းရှိလျှင် ခင်ဦးစားလက်ယာပျံချီနှင့်တိုင်ပင်ဆောင်ရွက်ရန် ဟံသာဝတီဘုရင်က တာဝန်ပေးသည်။

ခင်ဦးစားလက်ယာပျံချီဘွဲ့ခံ ဦးချစ်ညိုမှာ လက်ရုံးရည်၌ မယှဉ်သာအောင် ကောင်းလှသူ ဖြစ်သည်။ ဦးအောင်ဇေယျကဲ့သို့ ဘုန်းကံမရှိသောကြောင့် အမြင့်နေရာသို့ မရောက်နိုင်သူ ဖြစ်သည်။ အလောင်းမင်းတရားက ဦးချစ်ညိုအား သူ့ထံဝင်ရန် စာရေးသား ပေးပို့ခဲ့သည်။ သို့သော် ဦးချစ်ညိုက လက်မခံခဲ့။ ငြင်းဆိုလွှတ်လိုက်သည်။

ထိုအတွင်း ဒီပဲယင်းမြို့ မြောက်ဘက် ရွှေပေါင်းလောင်း၌ ရန်သူတို့ တပ်ကြီးတပ်ခိုင်ဖြင့် စခန်းချ တပ်စွဲနေကြောင်း အလောင်းမင်းတရား သတင်းရခဲ့သည်။ နေမျိုးရွှေတောင်ကို ဗိုလ်မှူးခန့်၍ ချီတက်စေသည်။ အလောင်းမင်းတရား၏ တပ်က အင်အားချင်း မမျှသော်လည်း ဝင်ရောက်တိုက်ခိုက်ကြသည်။ ပထမအကြိမ် အရေးနိမ့်ခဲ့သည်။ ဒုတိယအကြိမ် ထိုးစစ်ဆင်ရာတွင် ရန်သူတို့က စစ်ကူတပ်များ ရောက်လာ၍ ထိုးစစ်ထပ်မံ ဆင်ခြင်းဟု ထင်မှတ်ကာ ထွက်ပြေးကြတော့သည်။

ဟံသာဝတီမင်း၏ စစ်သည်တို့မှာ မုဆိုးဘိုကို မကျေမနပ်ဖြစ်နေမြဲ ဖြစ်ကြသည်။ မုဆိုးဘိုကို မည်ကဲ့သို့တိုက်ခိုက်သိမ်းပိုက်ရမည်ဆိုခြင်းနှင့်ပတ်သက်၍ တွေးတောကြံဆ စီစဉ်နေကြသည်။ မကြာမီတွင်ပင် အင်းဝဗိုလ်မှူး ဒွေ့ခွန်ဝန်၏ အမိန့်အရ သမိန်လွှတ်ခါတစ်တပ်၊ ရဲခေါင်စံကျော်တစ်တပ်၊ ရှုံးခါးစားတစ်တပ် စုစုပေါင်း မြင်း ၅၀၀၊ စစ်သည် ၁၅၀၀၀ ကို မူးချောင်း အနောက်ဘက်ခင်လပ်အရှေ့၌ တပ်ကြီး တပ်ခိုင် နေစေခဲ့သည်။

ထိုအကြောင်းကို မုဆိုးဘိုမှ ကြားသိလျှင် မင်းတရားက သားတော် နှစ်

ပါး၊ မင်းကျော်ပျံချီ၊ မင်းလှကျော်သူတို့ကို မြင်း ၃၀၀၊ သေနတ် ၅၀၀၊ စစ်သည် ၂၀၀၀ နှင့် ၁၁၁၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ထွက်ချီတက်စေခဲ့သည်။

မင်းတရားသည် မူးချောင်းကို ဖြတ်ကူးပြီး ရန်သူတပ်ကို တိုက်ခိုက်ရာ ရန်သူများ ကြာရှည်စွာ မခုခံနိုင်ဘဲ ဆုတ်ခွာထွက်ပြေးသွားကြသည်။ ယင်းတိုက်ပွဲတွင် အမြောက် ၅၀၊ သေနတ် ၅၀၀၊ မြင်း ၁၀၀၊ သံ့ပန်း ၁၀၀၀ ဖမ်းဆီးရရှိခဲ့သည်။ မင်းတရားအား ဆက်သလျှင် အားရတော်မူ၍ ရဲဆုများချီးမြှင့်တော်မူသည်။

ထို့နောက် စစ်ကိုင်းနယ်ရှိ ရွာသစ်ကြီးတပ်တွင် ဟံသာဝတီမင်း၏ စစ်သည်တို့ ရှေးကပင် တပ်စွဲခဲ့ကြဖူးသည်။ ယခုတစ်ဖန်ပြန်လည် တပ်စွဲခြင်း မပြုနိုင်ရန် ဟန့်ထားသောအနေဖြင့် မင်းတရားက မင်းကျော်ပျံချီ၊ မင်းလှရွှေတော်တို့အား အဖျက်ခိုင်းတော်မူသည်။ ဟံသာဝတီမင်း၏ စစ်သည်တို့က မုဆိုးဘိုတပ်ကို ရင်ဆိုင်ရန် ချီတက်လာခဲ့ကြသည်။ သူတို့က ညောင်လှအရပ်တွင် တပ်စခန်းချထားခဲ့ကြသည်။

ထိုအခါ မုဆိုးဘိုတွင် ကျန်ခဲ့သည့်တပ်များက ညောင်လှတပ်များကို ချက်ချင်း သွားရောက် တိုက်ခိုက်ပါရစေဟုခွင့်တောင်းကြသည်။ လူကောင်းဟူသမျှ မင်းကျော်ပျံချီ၏ တပ်များတွင် ပါသွားသည်ဖြစ်ရာ ယခု သွားရောက်တိုက်ခိုက်ပါက အရေးမလှမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် အလောင်းမင်းတရားက ပရိယာယ်သုံးကာ–

"ရန်သူတို့မှာ တပ်တည်၍ မပြီးကြသေး၊ မပြီးခင်တိုက်သော် တပ်တည်မပြီးမီ တိုက်ခိုက်ခြင်းခံရသဖြင့် ရှုံးသည်ဟုပြောကြလိမ့်မည်၊ ထို့ကြောင့် တပ်တည်ပြီးအောင် စောင့်ကြ"ဟု အချိန်ဆွဲခိုင်းခဲ့သည်။

မကြာမီမင်းကျော်ပျံချီ၏ တပ် အောင်ပွဲဆင်၍ ပြန်ရောက်လာသည်။ ထိုအခါ မင်းတရားက "ရန်သူတို့တပ် တည်ပြီးကြလေပြီ၊ တိုက်လိုလျှင် တိုက်ကြ"ဟု ခွင့်ပြုမိန့်ပေးသည်။ မင်းကျော်ပျံချီနှင့်မင်းလှရွှေတောင်တို့တပ်များသည် ရပ်နားမနေကြတော့ဘဲ ချက်ချင်းပင် ချီတက်တိုက်ခိုက်ကြသည်။ ရန်သူတပ်များ ပျက်လေသည်။ ယင်းတိုက်ပွဲမှ လူ ၃၀၀၊ မြင်း ၂၀၀၊ သေနတ် ၁၀၀ ကျော်ရခဲ့သည်။

မုဆိုးဘိုအား အန်တုနေခဲ့သည့် ခင်ဦးစားသည် အလောင်းမင်းတရားတပ်များ၏ စွမ်းရည်ထက်မြက်မှုကို သိလာပြီဖြစ်သောကြောင့် အင်းဝငွေခွန်ထံသို့ စစ်ကူတောင်းခံခဲ့သည်။ ငွေခွန်ဝန်က စစ်ကူအဖြစ် လူပေါင်း ၃၀၀၀ ကို ခင်ဦးနှင့် မလှမ်းမကမ်းသို့ သုံးပွင့်ဆိုင်တပ်ကြီး စေလွှတ်ပြီး တပ်စွဲထားစေသည်။

ယင်းအကြောင်းကို မင်းတရား သိလေလျှင် သားတော်၊ ညီတော်နှင့် ဗိုလ်

မှူး၊ တပ်မှူးများအား ၁၁၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့၌ မြင်း ၁၀၀၊ စစ်သည် ၃၀၀၀ ဖြင့် ခင်ဦးစားရှိရာသို့ ချီတက် တိုက်ခိုက်စေသည်။

ယင်းနေ့ နှစ်ချက်တီးကျော်တွင် မင်းတရားတပ်များသည် မုဆိုးဘိုမှ ချီတက်ခဲ့ကြရာ မိုးမလင်းမီ ခင်ဦးတပ်များရှိရာသို့ရောက်ခဲ့သည်။ မင်းတရားတပ်သည် တပ်မနားဘဲ အနောက်တောင်ထောင့်က ကပ်၍ တပ်တိုင်ကို ကူးသူကူး ဖြတ်သူဖြတ် တက်သူတက်ဖြင့် တစ်ဟုန်ထိုး တိုက်ခိုက်ခဲ့သည်။

ခင်ဦးစားသည် တပ်တွင်းမှ ခုခံနေစဉ် မင်းလုစည်သူနှင့်မြင်းစစ်သည် ၂၀ ကျော်တို့က မြောက်တံခါးမှ ထိုးဖောက်ကာ တပ်တွင်းသို့ ဝင်ရောက်နိုင်ကြသည်။ မီးက တပ်လုံးသို့ ကူးစက်လောင်ကျွမ်းပြီး တပ်ပေါက်တော့သည်၊ မင်းတရားတပ်များ တပ်တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်နိုင်ကြသည်။ သို့သော် ခင်ဦးစားမှာမူ လွတ်မြောက် ထွက်ပြေးသွားနိုင်ခဲ့သည်။

ခင်ဦးစား၏ တပ်များ ပျက်လျှင် အင်းဝက လွှတ်ထားသည့်သုံးပွင့်ဆိုင်တပ်များကို မင်းတရားတပ်က ဆက်လက် တိုက်ခိုက်ခဲ့သည်။ တပ်အားလုံး အပြင်းပင် ဆုတ်ခွာ ထွက်ပြေးကြသည်။ ရန်သူ အများအပြားလည်း သေဆုံးခဲ့သည်။

ယင်းတိုက်ပွဲမှ သံ့ပန်း၊ လူသူ၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားများနှင့် မြင်း ၁၀၀ ကျော်၊ သေနတ် ၂၀၀ ကျော်တို့ကို သိမ်းပိုက်ရရှိခဲ့ပြန်သည်။

ရတနာသိင်္ဃကုန်းဘောင်ပြည်ကြီး

အလောင်းမင်းတရားအနေဖြင့် အောင်ပွဲများ ဆက်တိုက်ပင် ရရှိခဲ့ရာ ဆက်လက်၍ နိုင်ငံ၏ ရန်သူများကို သုတ်သင်ရှင်းလင်းရန် စီစဉ်ဆောင်ရွက်တော်မူသည်။

ခင်ဦးတပ်နှင့်ဟံသာဝတီမင်း၏ သုံးပွင့်ဆိုင်တပ်များကို တိုက်ခိုက်နှိမ်နင်းပြီးသည့်နောက် ရန်သူ့သစ္စာကို ခံယူနေဆဲရှိသည့်ဗမာလူမျိုးဖြစ်သော ဗညားဠဒ္ဓဗလကျော်သူ၏ တပ်ကို တိုက်ခိုက်ရန် မင်းတရားက စီစဉ်တော်မူပြန်သည်။ ဗလကျော်သူ၏ တပ်များကား အင်းဝပျက်စီးစက ဟံသာဝတီမင်း၏ စစ်သူကြီးဒလပန်းအမိန့်ဖြင့် မြောက်ဘက်တခွင် ကျေးရွာများကို သိမ်းပိုက်၍ စစ်သည် ၂၀၀၀၀ ကျော်ဖြင့် ဝါးစို့ဇင်ရွာတွင် တပ်ကြီးတပ်ခိုင် တည်နေခဲ့သည်။

ဗလကျော်သူအား သစ္စာတော်ခံယူရန် အလောင်းမင်းတရားက စာရေးအကြောင်းကြားခဲ့သော်လည်း ငြင်းဆိုလွှတ်လိုက်သဖြင့် ကိုယ်တော်တိုင် တိုက်ခိုက်မည်ဟုအမိန့်ရှိခဲ့သည်။ သို့သော် သားတော်၊ ညီတော်၊ ဗိုလ်မှူး၊ တပ်မှူးတို့က သူတို့နှင့်တန်ပါသည်ဟု လျှောက်တင်ကြသဖြင့် ၁၁၁၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ချီတက်တိုက်ခိုက်စေသည်။

မင်းတရားတပ်များသည် နှစ်ရက်ကြာအောင် ချီတက်ပြီးသော် တပ်မချဘဲ စစ်သည် ၁၉၀၀၀ ဖြင့် ခုခံနေသည့် ဗလကျော်သူ၏ တပ်ကို တိုက်ခိုက်ရာ ပျက်စီးအရေးနိမ့်ကုန်ကြသည်။ ဗလကျော်သူကား မြင်းနှင့်ထွက်ပြေးသွားနိုင်၍ လွတ်မြောက်သွားခဲ့သည်။

ထိုတိုက်ပွဲမှ လူများ၊ မြင်းများ၊ လက်နက်များ အများအပြားကို သိမ်းဆည်းရမိခဲ့ပြန်သည်။

အင်းဝ အမှုထမ်းဟောင်းတစ်ဦးဖြစ်ပြီး ရေဦးကုန်းတက်အရပ်တွင် တပ်စွဲ စခန်းချနေလျက်ရှိသော ရာဇာဓိရာဇ်အား ဠဒ္ဓဗလကျော်သူကဲ့သို့ လက်အောက်သို့ဝင်ရန် မင်းတရားက အသာတကြည် ခေါ်ယူတော်မူခဲ့သည်။ သို့သော် ရာဇာဓိရာဇ်က ငြင်းပယ်သောကြောင့် အလောင်းမင်းတရား ကိုယ်တော်တိုင် ဦးစီး၍ နတ်တော်လဆန်း ၁ ရက်နေ့တွင် ချီတက်တိုက်ခိုက်သည်။

ရာဇာဓိရာဇ်သည် ရင်မဆိုင်ဝံ့ဘဲ မြေဒူးမြို့အနောက်သို့ဆုတ်ခွာပြီး အင်တိုင်းအရပ်တွင် ထပ်မံတပ်စခန်းချပြန်သည်။ သူ့နောက်သို့ မင်းတရားက လိုက်လံတိုက်ခိုက်ရန်ဖြစ်သည်။ သို့သော် နေပြည်တော်တွင် အကြောင်းကိစ္စ ပေါ်ပေါက်

လာသောကြောင့် ပြန်လှည့်ခဲ့သည်။

၁၁၁၄ ခုနှစ်၊ ကဆုန်လမှ နတ်တော်လအထိ အလောင်းမင်းတရား၏ တပ်များအနေဖြင့် တိုက်ပွဲပေါင်း (၁၀) ပွဲကို အောင်မြင်စွာ တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ သို့သော် မြင်းရည်တက်ခြောက်ကျိပ် ရှစ်ယောက်အနက် ၅၅ ဦးသာ ကျန်တော့သည်။ အလောင်းမင်းတရား တပ်ဖွဲ့စည်းရာတွင် အခြားထူးခြားချက်တစ်ရပ်မှာ လေးပစ်တပ်သား ၁၀၀၀ ကို လေးမှူးဗိုလ်လေးဦးနှင့် ဖွဲ့စည်းခြင်းဖြစ်သည်။

ယခုအခါတွင်ကား အလောင်းမင်းတရား၏ မုဆိုးဘို ထန်းလုံးခံတပ်အနီးသို့ မည်သည့်ရန်သူမျှ လာရောက် ချဉ်းကပ်ခြင်း မပံ့တော့ချေ။ သို့သော် မိန်လွတ်နှင့်ရဲခေါင်ကျော်စံတို့သည် အင်းဝစစ်သူကြီးငွေခွန်ဝန်နှင့်တိုင်ပင်၍ တပ်ငါးတပ်ဖြင့် မူးမြစ်အနောက်ဘက်ကြောင်းသို့ ချီတက်လာကြောင်းနှင့် ယင်းတပ် ငါးတပ်တွင် မြင်း ၁၀၀၀၊ သေနတ် ၁၀၀၀၊ စစ်သား ၁၀၀၀၀ တို့ပါဝင်ကြောင်း အလောင်းမင်းတရား သတင်းရခဲ့သည်။ မူးမြစ်အရှေ့ဘက်တွင် မုဆိုးဘိုရှိနေသည်။ ထို့ကြောင့် ရန်သူတပ် ငါးတပ်ချီတက်လာခြင်းမှာ မုဆိုးဘိုနှင့် နီးကပ်လျက် ရှိသည်။

အလောင်းမင်းတရားသည် တပ်များကို ဖွဲ့စည်း၍ ရန်သူတို့ရှိရာသို့ ချီတက်စေသည်။ မင်းတရားတပ်များတွင် စုစုပေါင်းတပ် ခြောက်တပ်ပါဝင်ခဲ့သည်။

နတ်တော်လဆန်း၁ရက်နေ့တွင် ချီတက်ခဲ့ရာ နောက်တစ်နေ့၌ ရန်သူတပ်များနှင့်မင်းတရားတပ်တို့ တွေ့ဆုံကြသည်။ မျှော်လင့်ထားသည့်အတိုင်း ရန်သူတပ်များအတွင်းရှိ ဗမာစစ်သည်တို့က လက်နက်ချခဲ့ကြသည်။ ထိုအခါ ဟံသာဝတီမင်း၏ တပ်ငါးတပ်မှာ ပြန်လည် ခုခံနိုင်ခြင်း မရှိဘဲ တပ်ပျက်ခဲ့တော့သည်။

ယင်းတိုက်ပွဲတွင် အမြောက် ၇၉ လက်၊ သေနတ် ၃၃၀၊ မြင်း ၁၀၀ ကျော်၊ သံ့ပန်း ၃၀၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်။

ယင်းတိုက်ပွဲ ပြီးသည့်နောက် မင်းတရား၏ တပ်တို့ အနောက်ထက်ဝက်ကို မပြန်စေဘဲ ကျော်ကာ(မုံရွာနယ်)တွင် ဗညားအိန်နှင့် တပ်သား ၅၀၀၀ တပ်စွဲနေကြောင်း သတင်းရသဖြင့် မင်းတရားက ချီတက်တိုက်ခိုက်စေခဲ့ပြန်သည်။

သို့သော် ယင်းဒေသတွင် မင်းတရား၏ တပ်မှာ တိုက်ခိုက်ခြင်း မပြုရဘဲ အောင်မြင်မှုရရှိခဲ့သည်။ မုဆိုးဘိုမှ စစ်သည်များချီတက်လာပြီဖြစ်ကြောင်း ကြားသိရလျှင် ကျောက်ကာသား မျိုးချစ်များက ဟံသာဝတီမင်း၏ စစ်သည်တို့အား တင်ကြို၍ သုတ်သင်နှင့်ကြသည်။ ရန်သူတို့ သေကျေထွက်ပြေးခဲ့ကြရာ မင်းတရားတပ်တို့ ရောက်လျှင် ရန်သူတို့နှင့် ရင်မဆိုင်ရဘဲ ကျောက်ကာသားတို့က သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများ ဆီးကြို ဆက်သကြသည်ကို ခံယူပြီး အေး

အေးဆေးဆေး ပြန်ခဲ့ကြသည်။

၁၁၁၄ ခုနှစ်၊ တပို့တွဲလတွင် အလောင်းမင်းတရားသည် သစ္စာခံနယ်ပယ်များ တိုးချဲ့နိုင်ရန် ဆောင်ရွက်တော်မူသည်။ အနိမ့်၊ အမြင့်၊ ကျောက်ကာ၊ သာစည် စသည့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ကိုယ်တော်တိုင် စစ်သည်ဗိုလ်ပါများနှင့် ထွက်ချီခဲ့သည်။ ထို့နောက် ယင်းဒေသများရှိ သူကြီး၊ ကလန်၊ သံပျင်တို့အား သစ္စာခံယူစေသည်။ မင်းကျော်ပျံချီကို လက်နက်ကိုင်အင်အား ၃၀၀၀ ဖြင့် ဗဒုံနယ်ညောင်ကန်ရွာတွင် အစောင့်ထားသည်။ အလောင်းမင်းတရားထံ ကွေ့ဂုဏ္ဏအိမ်ညီနေက်က သစ္စာခံလာသဖြင့် မင်းတရားက မင်းကျော်ပျံချီတပ်တွင် အမှုတော်ထမ်းစေသည်။

ထိုအဖြစ်အပျက်များနှင့် အရှေးမနှောင်း မုဆိုးဘိုမြို့၌ အရေးတော်တစ်ခု ပေါ်ပေါက်သည်။ ကွေ့ဂုဏ္ဏအိမ်က တရုတ်ဝန်ဆိုသူအား လူ ၃၀၀နှင့်အတူ မင်းတရားထံစေလွှတ်၍ သစ္စာတော် ခံယူပါမည်ဟု အကြောင်းကြားလာသည်။ တရုတ်ဝန်နှင့်အဖွဲ့အား မင်းတရားက ကောင်းစွာ လက်ခံတွေ့ဆုံ နေရာထိုင်ခင်းများ ပေး၍ ကျွေးမွေးပြုစုသည်။ သို့သော် သူသည် အဆင်ခြင်တရားနှင့် ပြည့်စုံသူဖြစ် သည်။ အခြေအနေကို မင်းတရားက ဆင်ခြင်သုံးသပ်တော်မူသည်။

တရုတ်ဝန်နှင့်အဖွဲ့ ရောက်လာခြင်းမှာ သဘောရိုးဟုတ်၊ မဟုတ် စုံစမ်းစေသည်။ ယင်းသို့ စုံစမ်းသောအခါ အဖြစ်သနစ်များကို သိရှိရသည်။ ယခုကဲ့သို့ပင် ယခင်ကလည်း ဟံသာဝတီဘုရင်အား သစ္စာခံပါမည်ဆိုပြီး ကွေ့တို့သည် သွားရောက် ဆက်သွယ်ခဲ့ဖူးကြသည်။ ဟံသာဝတီဘုရင်က အမှန်ထင်မှတ်ကာ သံလှေ ၂၀၀၊ လူ ၅၀၀၀ နှင့်လွှတ်လိုက်သည်ကို အကောက်ကြံပြီး ပိုဝအရပ်တွင် သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။ မုဆိုးဘိုနှင့်ပတ်သက်၍လည်း ယင်းသို့ပင် ကြံစည်မည်ဖြစ်ကြောင်း အလောင်းမင်းတရား သိရှိတော်မူသည်။ ထို့ကြောင့် တရုတ်ဝန်နှင့်အပေါင်းအပါတို့အား တစ်ယောက် မကျန်အောင် ဖမ်းဆီးစေသည်။

တရုတ်ဝန်အား စစ်ဆေးရာတွင် ဟုတ်မှန်ကြောင်း ဝန်ခံပြီး ယခုအခါ မြို့တော်တည်မည့်ဆဲဆဲ ဖြစ်ပါသည်။ ကျုံးတူးဖော်သည့်ကိစ္စတွင် ရှေ့ကျုံးကို တာဝန်ခံ၍ မိမိလူများနှင့် ဆောင်ရွက်ပေးပါမည်။ အသက်ချမ်းသာခွင့်ပြုပါဘုရားဟု တင်လျှောက်သည်။

ထိုအခါ အလောင်းမင်းတရားက "နိုင်ငံတော်တွင် ကျုံးတူး၊ မြို့တည်မည့်အလုပ်ကား လူရှားသည်မဟုတ်၊ နင်ကဲ့သို့သော လူလိမ်လူကောက်မျိုးကို အရှင် မထားကောင်း" ဟုမိန့်ကြားကာ အာဏာသားတို့လက်ထဲသို့အပ်လိုက်သည်။

အာဏာသားတို့က တရုတ်ဝန်အား ရှေ့တော်မှဆွဲထုတ်ပြီး ကွပ်မျက်လိုက်

ကြသည်။

ထို့နောက် ညောင်ကန်အရပ်တွင် ရှိနေသောကွေ့ဂုဏ္ဏာအိမ်၏ ညီ ငနက်ကို လည်း မင်းကျော်ပျံချီသို့မှာ၍ ကွပ်မျက်စေသည်။

ယင်းသို့ စစ်ရေးစစ်ရာများကို ဆက်တိုက်ဆောင်ရွက်တော်မူနေခဲ့ရာမှ မြို့တော်လုံခြုံရေးအတွက် အလောင်းမင်းတရား ဆင်ခြင်မိသည်။ အလောင်းမင်း တရားအနေဖြင့် အခြားသို့ ထွက်ချီတော်မူလျှင် ကျန်ရစ်သော မြို့တော် လုံခြုံ စိတ်ချရန် အထူးလိုအပ်ကြောင်း ဆင်ခြင်တော်မူသည်။ ထို့ကြောင့် မြို့တော်အင်္ဂါ ရပ်နှင့်ညီစွာ လုံခြုံစိတ်ချရသော မင်းနေပြည်တော် တည်ဆောက်ရေးကို စီစဉ် သည်။

ပညာရှိအချို့က မြို့တော်လုံခြုံရေးမှာ အရေးကြီးလှသဖြင့် မြို့တော်ကို ချက်ချင်းပင် တည်ဆောက်ရန် အကြံပြုခဲ့ကြသည်။ အချို့ပညာရှိများကလည်း ထာဝရ ဇာ်မကိန်းနှစ်မျိုးအနက် ထာဝရကိန်း မကြုံကြိုက်သေးသောကြောင့် မနှစ် ခြိုက်သော်လည်း ဇာ်မကိန်းတွင်ပင် ဇာတာစန်းလက် နေ့ရက် နက္ခတ်တို့ကို ရွေး ချယ်လျှောက်ထားရန် မင်းတရားက အမိန့်တော်ရှိသဖြင့် မင်းတရား သဘောတော် အကျ လျှောက်တင်ခဲ့ကြသည်။ ရဟန်းပညာရှိ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့ ပေးသောအခါကား... ... ...။

၁၁၁၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေသို့အဝင် ညဥ့်သုံးချက်တီးကျော် ငါးနာရီပါဒ်ပြည့် ၁၁ ဗီဇနာပါဒ်ပြည့် ခရာပြည့်ပြုဗ္ဗာဘဒြပိုဒ် နက္ခတ်တစ်ပါဒ်မွန်းတိ ဗုဒ္ဓဟူးတြင်း တနင်္လာနဝင်း လက်စီးနက္ခတ်လေးလုံးပါဒ် ပြည့် အချိန်ဖြစ်သည်။

ရွှေအုတ် ငွေအုတ် ကြေးအုတ်၊ မိုးကြိုးအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ်အုတ်မျိုးခုနှစ်ပါးကို အရှေ့မျက်နှာမြောက်စွန်းဗုဒ္ဓဟူးသား အလယ်ကြာ သပတေးသား တောင်စွန်တနင်္ဂနွေသားတို့ကိုနေစေ၍ တစ်ပြိုင်နက် မြေစနစ် စေ ရာသည်ဟု ပညာရှိတို့ဆက်သွင်းသော အခါတော်အတိုင်း(၁) မြို့တာဝန်းနှစ် ထောင်ရှိသောမြို့တစ်ဌာန၊ (၂)ငါးဆဲ့လေးဆောင်းရှိသော ရွှေနန်းတော်တစ်ဌာန၊ (၃)မြို့မှ ၁၀ တာကွာ အကျယ်တာ ၂၀ရှိသောကျုံးတော်တစ်ဌာန၊ (၄)ချောင်း ၉၉ ခု မှ စီးဝင်ရာ မဟာနန္ဒာကန်တော်တစ်ဌာန၊ (၅)သာသနာစောင့်နတ်တို့အား ဗာလိ နတ်စာပေးရာ နတ်ကွန်းတော်ကြီးတစ်ဌာန (၆)နာရီတော်လျှောက်ကြားရာဗဟို တစ်ဌာန၊ (၇)ဖွားတော်မူသောနေရာ၌ ရွှေချက်သိုစေတီတော် တစ်ဌာန၊ ဤခုနစ် ဌာနကို တစ်ပြိုင်နက်တည်း မြေစ၍ စနစ်စေ၏။

မြို့တည်ပုံအနေအထားမှာ ရှေးစနစ်အတိုင်း ခုနစ်ထောင့်ခုနစ်စပ်စပ်

ဖြစ်သော်လည်း နန်းတော်နှင့်အတွင်းမြို့ကိုမူ အလယ်ဗဟိုတွင် မတည်ဆောက်ဘဲ အရှေ့တောင်ထောင့်၌ တည်ဆောက်ခဲ့သည်။ နောင်အခါ ထပ်မံ တည်ဆောက်သည့် အရှေ့မြောက်ထောင့်အပြင် မြို့ရိုးထိပ်တွင် မော်စောမြင်သာ မဟာစေတီကြီး ထီးထီးစွင့်စွင့်ရှိနေသည်မှာ မြို့၏ အသရေကို ဆောင်လျက်ရှိသည်။ မြို့ရိုးတံခါးပေါက် စုစုပေါင်းမှာ မြို့ရိုး၌ ပင်ကျိုင်း၊ ဟသ်ာ၊ ကောလင်း၊ ဝန်းသို၊ မြေဒူး၊ ဒီပဲယင်း၊ ကန္နီ၊ မော်တုံ၊ စေတုတ္တရာ၊ တကောင်းအရှေ့ဘက်၌ စဥ့်ကူး၊ ကျောက်မြောင်း၊ ရွှေဂူ၊ ချွန်းတောင်မြတောင်၊ ဟံလင်း၊ အနန္ဒာ၊ ဆင်ဖြူ၊ သူဇာသာဇံတောင်ဘက်၌ကုန်းဘောင်၊ မြန်အောင်၊ ရန်မျိုးနှိမ်၊ အင်းဝ၊ ပုဂံ၊ ဖသာ၊ ရမည်းသင်းယင်းတော်၊ ပင်းတလဲ၊ သာယာဝတီ အနောက်၌ ယော၊ ရှဲအမြင့်ရန်ကုန်၊ ပြည်၊ ထီးလင်း၊ ကလေး၊ ပဒုံ၊ မင်းခင်း၊ ပင်းသာ၊ တံခါးများဟူသော အမည်ဖြင့် နောင်အခါတွင် ခေါ်ဝေါ်သမုတ်လေသည်။

ရန်ကြီးအောင်၊ ကရဝိက်၊ ဇေယျာ အမည်ရှိသောတံခါးများသည်ကားအတွင်းမြို့၏ အနောက်ဘက်တံခါးများဖြစ်ရာ မြောက်ဘက်တွင်လည်း လှိုင်သာ၊ မို့အား တံခါးနှစ်ပေါက်ရှိသေးသည်။ ယင်းတံခါးနှစ်ပေါက်အကြားအတွင်း မြို့အတွင်းဘက်တွင် ရွှေချက်သိုစေတီတော်ကြီး တည်ရှိသည်။ အရှေ့ဘက်နှင့်တောင်ဘက်တွင် အပြင်မြို့ရိုးကြီးတံခါးအချို့ကို အတွင်းမြို့တံခါးအဖြစ် အသုံးပြုသည်။ ရွှေးတော်ယူတံခါးမှာ အတွင်းမြို့အရှေ့ဘက်တွင်ရှိ၍ အတွင်းတံခါးဖြစ်သည်။ ရွှေနန်းတော် တောင်ဘက်တည့်တည့်တွင် နတ်ကွန်းတော်ကြီးများရှိသည်။ နေရဗာန်ဘုရားမှာ အတွင်းမြို့အနောက်တောင်ဘက်တွင်ရှိ၍ ခိုနန်းချိုးဘုရားမှာ နန်းတော် အနောက်ဘက်တွင် ရှိသည်။

မဟာနန္ဒာ ကန်တော်ကြီးမှာ အပြင်မြို့ရိုး မြောက်ဘက်တွင်ရှိ၍ အောင်မြေမှာ နန်းတော်နှင့်တည့်တည့် အပြင်မြို့ရိုးတောင်ဘက်တွင် ရှိသည်။ ရိုးတောင်ဘို့စေတီကား မော်တုံ၊ စေတုတ္တရာ၊ တံခါးနှင့်ရွှေကူချွန်းတောင်းတံခါးများစုံရာအလယ်တွင် တည်ရှိသည်။

မြို့တည်ဆောက်ရေး လုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်နေရသည် ဖြစ်သဖြင့် ၁၁၁၅ ခုနှစ်၊ ပထမဝါဆိုလမှ တန်ဆောင်မုန်းလ တိုင်အောင် အလောင်းမင်းတရားက စစ်ဆင်တိုက်ခိုက်ခြင်းများ မပြုဘဲနေခဲ့သည်။ ထိုအတွင်း လက်နက်ကိရိယာများ စုဆောင်းခဲ့သည်။ စစ်ဝတ်တန်ဆာများ ပြည့်စုံအောင်ဆောင်ရွက်စေသည်။

မြို့တော် လုံးဝတည်ဆောက်ပြီးသောအခါ မြို့တော်၏ အမည်ကို “ရတနာသိင်္ဃ ကုန်းဘောင်ပြည်ကြီး”ဟု သမုတ်တော်မူသည်။

## အင်းဝကို အောင်မြင်တော်မူခြင်း

မင်းနေပြည်တော် တည်ဆောက်နေသည့်ကာလအတွင်း အလောင်းမင်းတရားသည် တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စည်ပင်သာယာရေး လုပ်ငန်းများကို ကြိုးကြိုးစားစားဆောင်ရွက်တော်မူသည်။ အလောင်းမင်းတရားသည် စစ်ရေးစွမ်းရည်နှင့်ပြည့်စုံသူဖြစ်သည်သာမက စီမံကွပ်ကဲရေးစွမ်းရည်အုပ်ချုပ်ရေးစွမ်းရည်တို့တွင်လည်း ပြီးပြည့်စုံသူတစ်ယောက်ဖြစ်သည်။

အင်းဝပျက်စဉ်က လယ်ပစ်ယာပစ်ခဲ ရန်သူတို့ကိုရှောင်တိမ်းခဲ့ကြသူများအား မင်းတရားက လယ်မြေယာမြေများ ပြန်လည်ပေး၍ လုပ်ကိုင်စေသည်။ တောင်သူလယ်သမားတို့၏ ဘဝများ သာယာစိုပြည်စေသည်။

သာသနာရေးတွင် ရဟန်းတော်များမှာ မိမိတို့ယုံကြည်ရာဝါဒအလျောက် ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တာလပတ်နီဖြူ ဆောင်းကြသည်ကို မင်းတရားက တစ်မျိုးတည်း ဖြစ်စေသည်။ သံဃာများတွင် ဒုကုဋ်တင်ဂိုဏ်း၊ သင်္ကန်းရုံဂိုဏ်း နှစ်ဂိုဏ်းကွဲနေသည်ကိုလည်း ဒုကုဋ်တင်ဂိုဏ်း တစ်ဂိုဏ်းတည်းသာ ရှိစေသည်။

မိမိ လက်အောက်ခံ မြို့နယ် ကျေးရွာတို့တွင် သားထိုးနွားသတ်၊ ထန်းရည်၊ အရက်၊ ကစော်၊ လျှော်ဇာ၊ ခေါင်ရည် ဘိန်းဘင်းစသော ယစ်မျိုးများကို ပိတ်ပင် တားမြစ်တော်မူသည်။

တိုင်းပြည် သာယာဖွံ့ဖြိုးအောင် မြောက်မြားစွာ ပြုပြင်တော်မူပြီးသည့်နောက် သားတော်အကြီးကို သတိုးဓမ္မရာဇာ၊ သားတော်အလတ်ကို သတိုးမင်းစော၊ မင်းကျော်ပုံချီကို မင်းလှမင်းခေါင်ကျော်၊ မင်းလှရွှေတောင်ကို မင်းလှမင်းခေါင်ဘွဲ့သစ်များဖြင့် ချီးမြှင့်တော်မူသည်။

"အလောင်းမင်းတရားသည် မင်းနေပြည်တော်တည်ပြီး နိုင်ငံတည်ထောင်မိချေပြီ။ နောင်အခါတွင် ငါတို့ထံလာရောက်၍ ချေမှုန်းမည်မှာအမှန်ဖြစ်လိမ့်မည်"ဟုကွေ့ဂုဏ္ဏအိမ်က စိုးရိမ်ပြီး အစီအစဉ်များ လုပ်ခဲ့သည်။ ၎င်းစခန်းချနေသည့် ကျောက်မြောင်းအရှေ့ဘက်စခန်းရှိ ကျွဲနွားလူသူတို့ကို သိမ်းသွင်းကာ တောင်သုံးဆင့်(မိုးမိတ်အနီး)သို့ ပြောင်းလဲ၍ အခိုင်အလုံ တပ်စွဲနေခဲ့သည်။

ယင်းသတင်းကို အလောင်းမင်းတရား ကြားတော်မူသည်။ ထို့ကြောင့် တပ်ပေါင်းငါးတပ်ကို ၁၁၁၅ခု၊ နတ်တော်လဆန်း ၅ ရက်နေ့တွင် တောင်သုံးဆင့်ကို ချီတက် တိုက်ခိုက်စေသည်။

တောင်သုံးဆင့်မှာ မြေအနေအထားအရ ကွေ့တို့က အသာစီးရနေခဲ့ကြသည်။ တောင်များ ခံတပ်သဖွယ်ရှိပြီး ပုန်းကွယ်တိုက်ခိုက်နိုင်သောကြောင့် မင်းတရား၏ ရဲမက်တို့ အကျအဆုံးများခဲ့သည်။ ထို့ကြောင့် နောက်ပြန်ဆုတ်ခဲ့သည်။ ဤသည်ကို အလောင်းမင်းတရား ကြားသိလျှင် တပ်မှူးတို့ကို အကျဉ်းချထားသည်။ သတိုးမင်းစော တောင်းပန်မှ လွှတ်ပေးသည်။

ထို့နောက် ဒုတိယအကြိမ်အဖြစ် ချီတက်တိုက်ခိုက်စေပြန်သည်။ တပ်တို့သည် စစ်ကြောင်းနှစ်ကြောင်းဖြန့်၍ ချီတက်လာရာ ရေနံ့သာမြို့သို့ရောက်လျှင် ရန်သူတို့ စေလွှတ်ထားသော မြင်း(၁၀၀)ပါသည့် ကင်းတပ်နှင့်တွေ့၍ တိုက်ခိုက်သည်။ ကွေ့ရှမ်းတို့ မခံနိုင်သဖြင့် ထွက်ပြေးခဲ့ကြသည်။ ထိုအကြောင်းကို ကွေ့ဂုဏ္ဏအိမ်ကြားလျှင် ကြောက်လန့်ပြီး တောထဲသို့ ထွက်ပြေးတော့သည်။ ရဲမက်တို့က တောနင်းပြီး ကွေ့ဂုဏ္ဏအိမ်ကို ရှာဖွေခဲ့ကြသော်လည်း မတွေ့ရှိဘဲ ကျန်ရစ်သော လက်နက်ကိရိယာ သုံ့ပန်းများကိုသာ ဖမ်းဆီးသိမ်းယူ၍ မင်းနေပြည်တော်သို့ ပြန်ခဲ့ကြသည်။

မင်းတရား၏ စွမ်းဆောင်မှုများကြောင့် နိုင်ငံ၏ မြောက်ဘက်တစ်ခွင်တွင် ကျေးရွာများ ငြိမ်ဝပ်ပိပြားလာခဲ့သည်။ မြန်မာ့ဦးစွန်း ပြန်လည်၍ထူထောင်မည်ဟူသော အလောင်းမင်းတရား၏ ရည်ရွယ်ချက်အတိုင်း အကောင်အထည်ပေါ် သည် ထက်ပေါ် လာလျက်ရှိသည်။ သူ့ရည်ရွယ်ချက် လုံးဝအကောင်အထည်ပေါ် လာရန်ကိုလည်း အလောင်းမင်းတရားက ယတိပြတ် ဆုံးဖြတ်ထားသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် မင်းတရားသည် လက်နက်အင်အား မည်မျှနည်းပါးသည်ဖြစ်စေ ဆက်လက်အောင်မြင်ရန် တိုက်ခိုက်နိုင်လျှင် လက်နက်အင်အား များပြားလာမည်မှာ စစ်တို့၏ သဘောသဘာဝပင်ဖြစ်သည်။

မုဆိုးဘိုမြို့နန်းတည်ပြီးကတည်းက အလောင်းမင်းတရား၏ အဓိကတာဝန်များအနက် တာဝန်တစ်ရပ်မှာ မြန်မာမင်းဆက်နောက်ဆုံးစိုးစံသွားသော မုဆိုးဘိုနှင့်အနီးဆုံး အင်းဝမြို့ကို ရန်သူတို့၏ လက်မှ သိမ်းယူရန်ဖြစ်သည်။ သို့သော် အင်းဝမြို့ကို ရန်သူတို့က အခိုင်အမာ ကာကွယ်စောင့်ရှောက်ထားသည်။ လက်နက်အင်အား၊ လူအင်အားမှာလည်း ရန်သူတို့တွင် အပြည့်အစုံ ရှိနေသည်။

အင်းဝ၏ စစ်သူကြီး ငွေခွန်ဝန်က သူ၏ ဗိုလ်မှူးများနှင့်တိုင်ပင်၍ မုဆိုးဘိုသည် မကြာမီ အင်းဝကို လာရောက်ဝိုင်းရံတိုက်ခိုက်တော့မည်။ လိုအပ်သည်များကို ပြင်ဆင်ထားမှဖြစ်မည်ဟုညှိနှိုင်းကာ အစီအစဉ်များ ဆောင်ရွက်ခဲ့သည်။ အင်းဝတောင်ဘက်နှင့် မြောက်ဘက်ရှိကျေးရွာများကို ငွေခွန်ဝန်က သိမ်းသွင်းပြီး အင်းဝ၏ အောက်ဘက် လောင်းသာအရပ်တွင် ကျောထောက်နောက်ခံတပ်ကြီးကို

အသင့်တပ်စွဲထားစေခဲ့သည်။

ဟံသာဝတီမင်း၏ စစ်သည်တို့ တွေးထင်သည့်အတိုင်းပင် အခြေအနေတို့မှာ ပေါ်ပေါက်လာခဲ့သည်။ မင်းလှမင်းခေါင်ကျော်နှင့်မင်းလှမင်းခေါင်ထံသို့ အလောင်းမင်းတရားထံမှ အမိန့်တော်ရောက်ရှိလာသည်။ ယင်းအမိန့်တွင် "မင်းလှမင်းခေါင်ကျော်မှာ ပခုက္ကူမြောက်ဘက် ချင်းတွင်းမြစ်ဆုံတွင် တပ်နှင့်အခိုင်အမာနေရမည်။ မင်းလှမင်းခေါင်လည်း မူးဝမြစ်ဆုံအရောက် ချီလာရမည်။ ထို့နောက် မောင်မင်းတို့နှစ်တပ်ပေါင်းပြီး လောင်းသာတပ်ကို တိုက်ကြစေ"ဟု ဖော်ပြထားသည်။ ယင်းအကြောင်းကို အင်းဝမှ ငွေခွန်ဝန်တို့လည်း ကြားသိခဲ့ရသည်။

မင်းတရား၏ အမိန့်တော်အတိုင်း မင်းတရား၏ တပ်တို့သည် အသီးသီးချီတက်လာခဲ့ကြရာ သတ်မှတ်ထားသည့်နေရာ၌ နှစ်တပ်ပေါင်းမိကြသည်။ နှစ်တပ်ပေါင်းမိလျှင် လောင်းသာတပ်ကို အတင်းဖိ၍ တိုက်ကြရာ လောင်းသာတပ်ပျက်စီးပြီး အင်းဝတပ်များနှင့်ပေါင်းရန်အတွက် အင်းဝသို့ အပြင်းဆုတ်ခွာ ထွက်ပြေးသွားကြသည်။

မင်းတရားတပ်တို့လည်း လောင်းသာမှနေ၍ ရန်သူများနောက်သို့ ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်ကြသည်။ အင်းဝသို့ရောက်လျှင် မြောက်မျက်နှာလေသာတံခါးနှင့်မာန်အောင်တံခါးတို့မှ မြို့တွင်းသို့ဝင်နိုင်ရန် ကြိုးစားကြသည်။ မြို့တွင်းရှိလူများကလည်း အင်းအားကောင်းကောင်းဖြင့် ခုခံတွန်းလှန်ကြရာ ထိုးစစ်ဆင်သူများ မြို့တွင်းသို့ မဝင်နိုင်ဘဲ အကျအဆုံးများစွာ ရှိသည်။ ထို့ကြောင့် မြစ်ငယ်မြစ်၏ အနောက်ဘက်သို့ ကူး၍ ဆုတ်ခွာကြသည်။ ထို့နောက် ချင်းတွင်းမြစ်ဆုံတွင် မင်းလှမင်းခေါင်ကျော်သည် တပ်စွဲနေသည်။

မင်းလှမင်းခေါင်ကျော်၏ တပ်များ ဆုတ်ခွာရကြောင်း အလောင်းမင်းတရား ကြားတော်မူလျှင် သားတော်၊ ညီတော်ဗိုလ်မှူး၊ တပ်မှူးတို့နှင့်တိုင်ပင်၍ ဒုတိယအကြိမ်တိုက်ခိုက်ရန် တပ်ကို စေလွှတ်တော်မူပြန်သည်။ ထိုအခါတွင်ကား အင်းဝတွင် ရန်သူတို့သည် မြင်း၃၀၀၀၊ စစ်သား ၂၀၀၀၀ တို့ဖြင့် စောင့်ကြပ်နေလျက် ရှိခဲ့ကြသည်။

ယခုတစ်ကြိမ်တွင် မင်းတရားတပ်တို့သည် အင်းဝကို အလယ်တွင် ထား၍ စစ်ကြောင်းသုံးကြောင်းဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ မြောက်မျက်နှာက မင်းလှမင်းခေါင်တပ်များ၊ အနောက်မျက်နှာက မင်းလှမင်းခေါင်ကျော်၏ တပ်များ၊ အနောက်မျက်နှာက မင်းလှမင်းခေါင်ကျော်၏ တပ်များ၊ အရှေ့မျက်နှာမှ မုဆိုးဘိုတပ်များဖြင့် စစ်သုံးဖက်ညှပ်၍ ဗမာအမှုထမ်းတို့ကလည်း ဟံသာဝတီမင်းစစ်သည်တို့ကို ဆန့်ကျင်မည့်သဘောထားများ ပြသလာသဖြင့် ဟံသာဝတီမင်းစစ်သည်

တို့မှာ ဆက်လက်၍ ရင်ဆိုင်တည်နိုင်ခြင်း မရှိကြတော့ဘဲ နတ်တော်လပြည့်ကျော် ၁၃ ရက် ညအချိန်တွင် တိတ်တဆိတ်ထွက်ပြေးသွားကြသည်။ ရဲမက်တို့ သိရှိ၍ ငွေခွန်ဝန်အပါအဝင် အကြီးအကဲများကို လိုက်လံဖမ်းသော်လည်း မမိဘဲ လွတ်မြောက်သွားကြသည်။ အင်းဝမြို့ကိုသာ အလွယ်တကူ ရရှိလိုက်သည်။

ထိုအကြောင်းကို အထောက်တော်များမှတစ်ဆင့် အလောင်းမင်းတရား ကြားသိရလျှင် ပြာသိုလဆန်း ၅ ရက်နေ့၌ မင်းနေပြည်တော်မှထွက်၍ မြို့ရှေ့တွင် တပ်ချနေသည်။ လဆန်း ၆ ရက်နေ့တွင် ဆက်လက်ချီတက်ရာ သရက်ရွာတွင် လည်းကောင်း၊ ၇ ရက်နေ့တွင် ခမွန်ရွာတွင်လည်းကောင်း၊ ၈ ရက်နေ့တွင် စစ်ကိုင်း မြို့ သဲပြင်တွင်လည်းကောင်း စခန်းချသည်။ ၁၀ ရက်နေ့တွင် စစ်ကိုင်းကို သာစည် တံခါးမှဝင်၍ သိမ်းတော်မူသည်။ ထိုနေ့တွင်ပင် ရွှေကြက်ယက်သို့ကူး၍ မြစ်ငယ် မြစ်ကို ဖြတ်ကာ အင်းဝမြို့ကို သိမ်းယူတော်မူသည်။

ပြိုကျပျက်စီးကုန်သော ရှေးဘုရား ၂၂ ဆူကို မင်းတရားကြီးက ပြင်ဆင် တော်မူ၍ အင်းဝတွင် နေထားတကျရှိစေရန် စီစဉ်ပေးခဲ့သည်။ မင်းလှကျော်သူ အား အင်းဝမြို့စောင့် ခန့်တော်မူသည်။ မင်းလှကျော်ခေါင်ကိုမူ ရောဝတီမြစ် နှင့်ချင်းတွင်းမြစ်ဆုံရာ ပခုက္ကူမြောက်ဘက် နန္ဒင်းကိုင်အရပ်တွင် ရှေးကအတိုင်း တပ်နှင့်နေစေခဲ့သည်။

အလောင်းမင်းတရားသည် တပို့တွဲလပြည့်ကျော် ၈ ရက်နေ့တွင် အင်းဝ မြို့တော်မှ အညာဆင်ဗိုလ်မှန်ကင်းသို့ ချီတော်မူသည်။ ရောဝတီမြစ်တစ်လျှောက် ရတနာရွှေဖောင်တော်နှင့်ဆန်ခဲ့ခြင်းဖြစ်သည်။လပြည့်ကျော် ၁၂ ရက်နေ့တွင် ကျောက်မြောင်းသို့ရောက်၍ ကျောက်မြောင်းမှဆန်တက်ရာ သီဟတောဘုရားကို ရောက်သည်။ နောက်တစ်နေ့ ဆက်လက်ဆန်တက်တော်မူရာ ကသာသို့ ရောက် တော်မူခဲ့သည်။ ကသာမြို့တွင်ရှိနေစဉ် မင်းရဲကျော်စွာနှင့်မင်းလှမင်းခေါင်တို့အား မိုးညှင်း၊ မိုးကောင်းတို့ကို သိမ်းယူရန် စေခိုင်းတော်မူပြီး ဆန်တက်ပြန်သည်။

ဗန်းမော်အနီးသို့ ရောက်သောအခါ မိုးမိတ်စော်ဘွား၊ ဗန်းမော်စော် ဘွားတို့က သစ္စာတော် ခံယူလာကြသည်။

ထို့နောက် သမိုင်းရွာဟောင်း(ဗန်းမော်နှင့်ဆင်ဗိုလ်အကြား)အနီးရောက် သောအခါ လူ ၁၀၀၀၀ ခန့် တပ်တည်နေကြောင်း သိရသဖြင့် သားတော် ညီတော် တို့အား ချေမှုန်းစေသည်။ မင်းတရားသည် ဆင်ဗိုလ်ရောက်အောင် ဆန်တက်၍ နယ်မြေအခြေအနေ အေးချမ်းအောင် စီမံဆောင်ရွက်တော်မူခဲ့ပြီးမှ ပြန်လည် စုန် ဆင်းတော်မူသည်။

မင်းနေပြည်တော်သို့ ဆက်လက်စုန်တော်မူခဲ့ရာ စခန်းချရာနေရာအချို့

တွင် စေတီတည်ခြင်း၊ ဇရပ်ဆောက်ခြင်းများ ဆောင်ရွက်တော်မူ၍ ၁၁၁၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်တွင် မင်းနေပြည်တော်သို့ ကောင်းမွန်စွာ ပြန်လည်ရောက်သည်။

မင်းနေပြည်တော်သို့ရောက်ပြီး မကြာမီ ရာဇာဓိရာဇ်သည် လက်နက်ခဲယမ်းများ၊ လက်ဆောင်ပဏ္ဏာများဖြင့် မင်းတရားထံ ဝင်ရောက်သစ္စာပေးတော်မူပြီး နေပြည်တော်တွင် အစုအကွက်ချ၍ နေစေသည်။ ရာဇာဓိရာဇ်အား မင်းလှရာဇာဘွဲ့ပေးတော်မူသည်။ ရာဇာဓိရာဇ်အား မဟာရွှေတော်ကြီး ဟူ၍လည်း ခေါ်တော်မူသည်။

သတ္တိနှင့် ရဲမာန်တို့ကို ဖော်ပြသော တိုက်ပွဲကြီးများ

အင်းဝမြို့ ကျသည်ဆိုသောအခါ ဟံသာဝတီစစ်သည်တို့ မျက်လုံးပြူး ကုန်ကြသည်။ အကြီးအကျယ်လည်း စိုးရိမ်ကြသည်။ အမှန်ဆိုရလျှင် သူတို့သည် မုဆိုးဘိုသားတို့ကို အထင်မကြီးခဲ့။ ထန်းလုံးခံတပ်ဖြင့် လက်နက် စုဆောင်းခြင်း သဘောမျှသာရှိသည်ဟုလည်း ဟံသာဝတီစစ်တပ်က သဘောထားခဲ့ကြသည်။ သို့သော် ယခုမူ သူတို့အထင်၊ သူတို့ယူဆချက်များနှင့်ဗီလာဆန့်ကျင်လာပြီဖြစ်ကြောင်း လက်ခံလာကြတော့သည်။ အလောင်းမင်းတရား၏ တိုက်တိုင်းအောင်မြင်သော စစ်ပွဲများကိုလည်း ထိတ်လန့်တကြား ရှိလာခဲ့ကြသည်။

အလောင်းမင်းတရားမှာမူကား ရန်သူကို အထင်မသေးခဲ့။ အင်အား မည်မျှ များပြားမည်ကိုလည်း သူက တွက်ဆထားပြီးဖြစ်သည်။ ထို့ကြောင့် ဟံသာဝတီ စစ်တပ်တို့အနေဖြင့် လက်လွှတ်ခဲ့ရသော အင်းဝမြို့ကို ပြန်လည်ရယူရန် တိုက်ခိုက်လာလိမ့်မည်ဟု ယူဆထားသည်။ သို့ဆိုလျှင် အင်းဝကို အင်အား အလုံးအရင်းဖြင့် တားဆီးထားရန် မလိုပေပြီလော။ အင်းဝ၏ လုံခြုံရေးကို ယခုထက်တိုး၍ စီစဉ်ရန် မသင့်ပေပြီလော။

အင်းဝမြို့စောင့်တပ်များကို အင်အား ဖြည့်တင်းရန် လိုအပ်သည့်အတိုင်း အလောင်းမင်းတရားက သားတော် သတိုးမင်းစောအား ဗိုလ်ချုပ်အဖြစ်ခန့်ထား၍လည်းကောင်း၊ မင်းလှမင်းခေါင်အား စစ်ကဲ(ဒုတိယဗိုလ်ချုပ်)အဖြစ် ခန့်ထား၍လည်းကောင်း မြင်းရည်တက် ၂၅ ဦး၊ မြင်း ၅၀၀၊ သေနတ် ၂၅၀၀၊ စစ်သား ၅၀၀၀ တို့ကို အင်းဝမြို့စောင့်တွင် ရှိနှင့်ပြီးဖြစ်သော မင်းလှကျော်သူ၏ တပ်နှင့် ထပ်မံပူးပေါင်းကာ အခိုင်အခံ့ နေစေခဲ့သည်။

အင်းဝမြို့ပတ်လည်တွင်ရှိသော ကျေးရွာများ၌ ဆင်၊ မြင်း၊ လူသူ ဆန်စပါး၊ လက်နက်ကိရိယာများကိုလည်း မြို့တွင်းသို့သိမ်းသွင်း၍ စစ်တလင်းအတွက် ကျုံး၊ မြောင်း၊ မြို့ပြ၊ ဆင်ခလုပ်၊ ကတုတ်၊ ဆူးငြောင့် စသည်တို့ကို အသင့်ပြုပြင်စီမံထားသည်။ ထို့ပြင် ရေကြောင်းမှလည်း မင်းလှမင်းခေါင်ကျော်အား တပ်အင်အား ထပ်ဖြည့်ပြီး မြစ်ဆုံမှ အခိုင်အမာ စောင့်နေစေခဲ့သည်။

အင်အားများ ဖြည့်တင်းပြီးသည့်အချိန်လောက်တွင်ပင် အလောင်းမင်းတရား ကြိုတင်ခန့်မှန်းသည့်အတိုင်း ဟံသာဝတီမင်းစစ်သည်တို့ အင်းဝမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် အလုံးအရင်းဖြင့် ချီတက်လာကြောင်း သတင်းကြားရတော့သည်။ ဟံသာဝတီမင်း၏ စစ်သည်များတွင် ကြည်းတပ်မှ ၁၁ တပ် စုပေါင်း

ပါဝင်လာသည်။ မြင်း ၄၀၀၀၊ စစ်သား ၁၁၀၀၀၀ ပါဝင်သည်။

ရေတပ်တွင် တပ်ပေါင်း ၂၁ တပ် ပါဝင်လာသည်။ ဥပရာဇာက ဗိုလ်ချုပ်ပြုလုပ်၍ အုပ်ချုပ်လာပြီး တိုက်လှေကြီး ၁၂၀၀၊ ရိက္ခာတင်လှေ ၁၃၀၀၊ စစ်သား ၁၂၅၀၀၀ ပါဝင်လေသည်။

ဟံသာဝတီမင်း၏ တပ်များသည် ရောဝတီမြစ်အတိုင်း ဆန်တက်ခဲ့ကြသည်။ ပုဂံအထက် ဆင်တဲဝသို့ ရောက်လျှင် ဗိုလ်လက်ဝဲသီဟကျော်ထင်၊ စလင်္ဂသူ၊ ဗိုလ်တုရင်ပျံချီနှင့် ဝင်းညီမင်းလှပျံချီတို့အား ဟံသာဝတီမင်း၏ စစ်သည်တို့က သူတို့ဘက်သို့လာရောက်စေရန် ဆင့်ခေါ် ခဲ့သည်။ လက်ဝဲသီဟကျော်ထင်သာ ဝင်၍ ကျန်ညီအစ်ကိုနှစ်ဦးမှာ ခုခံရာ တုရင်ပျံချီ ဆုံးရှုံးရရှာလေသည်။ မင်းလှပျံချီမှာ ထွက်ပြေး၍ အင်းဝမြို့သို့ ခိုဝင်ခဲ့သည်။ တုရင်ပျံချီ၏ တပ်ပျက်လျှင် ၎င်းထံ ဝင်ရောက် ခိုလှုံနေသော ခင်ဦးစား ဦးချစ်ညိုသားအဖက ဟံသာဝတီမင်း၏ တပ်သို့ ဝင်ရောက်ပြန်ရာ ဗိုလ်ဒလပန်းက မသင်္ကာသဖြင့် ဦးချစ်ညိုအား သတ်ပစ်ခဲ့သည်။ ဤတွင် အလောင်းမင်းတရားကို အမျိုးမျိုး ဆန့်ကျင်ခဲ့သည့်လက်ရုံးရည်ကောင်းလှသော ဦးချစ်ညိုမှာ နိဂုံးချုပ်ရှာခဲ့ရသည်။

ယင်းသို့သော အခြေအနေတွင် အလောင်းမင်းတရားက သားတော် သတိုးဓမ္မရာဇာအား အင်းဝမြို့သို့ စစ်ကူ စေလွှတ်လိုက်သည်။ သတိုးဓမ္မရာဇာနှင့်အတူ မင်းတရား၏ အမိန့်တော်လည်း ပါလာခဲ့သည်။ ယင်းအမိန့်တော်တွင်‘ရန်သူတို့ ကြည်း၊ ရေ ပိတ်မျှချီတက်၍ တလုပ်မြို့သို့ ရောက်ရှိနေကြသည်။ သားတော်မောင်သတိုးသုဓမ္မရာဇာသည် အင်းဝမြို့ရှိ သတိုးမင်းစော၊ သေနတ်ဝန်မင်းလှမင်းခေါင်ကျော်တို့နှင့်ပေါင်း၍တိုက်စေ’ဟု ဖော်ပြထားသည်။

အင်းဝမြို့သို့ရောက်လျှင် ညီနောင်နှစ်ပါးက ရောဝတီမြစ်တောင်ဘက်မှ တလုပ်မြို့အရောက် ချီတက်မည်။ မင်းလှမင်းခေါင်ကျော်ကလည်း ရေကြောင်းဖြင့် ချီတက်ခဲ့ရမည်ဟု နေ့ရက်ချိန်းဆိုပြီးနောက် ညီနောင်နှစ်ပါးတို့က အလုံးအရင်းဖြင့် ကုန်းကြောင်းမှ ချီတက်ခဲ့ကြသည်။ မင်းလှမင်းခေါင်ကျော်လည်း ရေကြောင်းမှ လိုက်ပါချီတက်ခဲ့သည်။

သတ်မှတ်ထားသည့်နေရာသို့ တပ်များ အစုံအညီ ရောက်ကြသည်။ ရောက်သည်ဆိုသည်နှင့် မင်းတရားတပ်က ဝင်ရောက် တိုက်ခိုက်သည်။ သို့သော် အင်အားချင်းမှာ မမျှတသဖြင့် ညီနောင်နှစ်ပါး ဆုတ်ခွာခဲ့ရသည်။ ကြည်းတပ်ဆုတ်သည်ကိုမြင်လျှင် ဒလပန်းသည် တိုက်လှေ ၅၀၀ နှင့်မင်းလှမင်းခေါင်ကျော်၏ ရေတပ်ကို တိုက်ခိုက်ခဲ့သည်။ အပြင်းအထန်ခုခံသော်လည်း အင်အားချင်းမမျှသဖြင့် မင်းတရား၏ လှေတပ် ပျက်ခဲ့လေသည်။

စစ်ဆုတ်ရာတွင် သတိုးဓမ္မရာဇာမှာ နေပြည်တော်အရောက် ဆုတ်ခဲ့ပြီး သတိုးမင်းစောမှာ အင်းဝသို့အရောက် ဆုတ်ခဲ့သည်။ မင်းလှမင်းခေါင်ကျော်မှာ မြစ်ဆုံအနီးရှိ ဆန်ရေစပါးများကို မီးရှို့၍ အညာသို့တက်ပြီး ဝန်ပိုရွာတွင် ရဲမက်များ စုရုံးကာ တပ်ချထားသည်။

စစ်အောင်နိုင်သူများပီပီ အားတက်ကာ ဟံသာဝတီစစ်တပ်များ ဆက်လက်ချီတက်ခဲ့ရာ အင်းဝမြို့တိုင်အောင် ရောက်လာကြသည်။ အင်းဝမြို့ကို ကြည်းကြောင်း၊ ရေကြောင်းတို့မှ ပိတ်ဆို့ဝိုင်းရံ ထားလိုက်တော့သည်။

အင်းဝမြို့ကိုပိတ်ဆို့ဝိုင်းရံရာတွင် အင်အားအလုံးအရင်း သုံး၍ ထွက်ပေါက်မရှိ ပိတ်ဆို့ကြခြင်း ဖြစ်သည်။ ယင်းသို့ ပိတ်ဆို့ရာတွင် ခရမ်းပေါက်တွင် မင်း၏ ညီ ဗညားဒလနှင့်၁၁ တပ်၊ ရေတပ်မှ ဥပရာဇာတပ် ငါးတပ်ဖြင့် ဝိုင်းရံသည်။ စောဖြသည် ရောဝတီမြစ် လက်ယာဘက်ကမ်း နွားချေးကျွန်းတွင်အခြေချ၍ တပ်ငါးတပ်နှင့် သံလွင်ဖြူ ငါးထပ်ကြီးအရောက် လှေတပ်ဖြင့် ဝိုင်းရံသည်။ ဒေါ်စွယ်ယစက်သည် အရှေ့ဘက် ယောဝအရပ်တွင် စခန်းချ၍ တပ်လေးတပ်ဖြင့် ရွှေကြက်ယက် အိုးထိန်းပေါ် အရောက် လှေတပ်ဖြင့် ဝိုင်းရံသည်။ ဒလပန်းသည် ရောဝတီမြစ်ညာသို့ ဆန်တက်၍ တပ်ခုနစ်တပ်ဖြင့် ကျောက်မြောင်းအရောက် သွားကာ ကျေးရွာများကို မီးတင်ရှို့သည်။

ဟံသာဝတီမင်း စစ်သည်တို့အား ခုခံတိုက်ခိုက်ရန်အတွက် အလောင်းမင်းတရားကညီတော် သတိုးသိခ်သူအား အလုံးအရင်းဖြင့် ကျောက်မြောင်းသို့ စေလွှတ်လိုက်သည်။ ကျောက်မြောင်းမှနေ၍ နောက်မဆုတ်တမ်း ခုခံရန် အမိန့်တော် ချမှတ်လိုက်သည်။ သားတော် သတိုးဓမ္မရာဇာကိုလည်း စစ်သည်၁၀၀၀၀ ဖြင့် စစ်ကိုင်းမြို့မှ ခုခံရန် ချီတက်စေသည်။ ထိုအတွင်း အင်းဝမြို့အတွင်း၌ပိတ်၍မိနေသော တပ်တို့နှင့် အကြီးအကဲတို့သည် ရန်သူအားနောက်မဆုတ်တမ်း အသေခံ၍ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိကြသည်။

ယင်းသို့ အခြေအနေဆိုးနေသောအချိန်တွင် အလောင်းမင်းတရားက သစ္စာပြုတော်မူခဲ့သည်။ မင်းတရားကြီးက ရွှေကရားကိုကိုင်တော်မူ၍ ''ငါသည် သာသနာတော်ကို ချီးမြှောက်ထိုက်သူဖြစ်လျှင် ရန်သူတို့အား အောင်မြင်စေသတည်း''ဟုရေသွန်းတော်မူလေသည်။

အလောင်းမင်းတရား သစ္စာပြုသည်ကို ကျောက်မြောင်းအနောက်ဘက်ကမ်းရှိ တပ်သားများ။ အရှေ့ဘက်ကမ်းရှိတပ်သားများမြင်လျှင် စိတ်ဓာတ်များစွာတက်ကြွခဲ့ကြသည်။ ထို့ကြောင့် ရေတပ်ကို ရသမျှလှေများနှင့် စီစဉ်ဖွဲ့စည်းပြီး

အောက်သို့စုန်ဆင်းသည်။ မင်းတရားတပ်တို့၌ လှေတပ်မရှိ၊ အလောင်းမင်းတရားတပ်များ လှေအနည်းငယ်နှင့်လာလျှင် အလွယ်တကူ သိမ်းယူမည်ဟုစီစဉ်ပြီး ဒလပန်းက တိုက်လှေကြီး ၂၀၀ တွင် အမြောက်စိန်ပြောင်းများတင်ကာ မြစ်ငယ်မှ ဆီးဆို့၍ထားသည်။ သို့ရာတွင် မုချနိုင်မည်ဟု ယုံကြည်ထားသည့်မင်းတရားတပ်သားတို့သည် အခါတော်ရောက်သည်နှင့် ကြည်းတပ်၊ ရေတပ်ချီ၍ ရန်သူများကို တိုက်ခိုက်ကြလေသည်။

ဟံသာဝတီမင်းစစ်သည်တို့ ထင်သည့်အတိုင်း အခြေအနေမှာ မကောင်းခဲ့ချေ။ မင်းတရားတပ်သားတို့၏ စွန့်လွှတ် စွန့်စား စိတ်များဖြင့် ထိုးနှက်တိုက်ခိုက်သည်များကို ကြာရှည်စွာ မခံနိုင်ခဲ့တော့ချေ။ ဒလပန်းသည် သူ့လူများကို ကွပ်ကဲနိုင်ခြင်းမရှိတော့ဘဲ လှေဖြင့် စုန်ဆင်းပြေးသည်။ ဒလပန်းပြေးလျှင် သူ့နောက်လိုက်များသည် လိုက်၍ ဆုတ်ခွာထွက်ပြေးကြသည်။ ထိုတိုက်ပွဲ၌ ရိက္ခာများနှင့်တိုက်လှေ ၆၀၀ ခန့်ရလိုက်ရာ မင်းတရားရေတပ်တွင် အင်အားပြည့်လာပြန်သည်။

ပထမတစ်ချီတိုက်ပြီးလျှင်ပြီးချင်း ထိခိုက်ဒဏ်ရာရသူများနေရာတွင် အမြန်အစားထိုး ဖြည့်တင်း၍ ရန်သူထံမှ သိမ်းဆည်းရမိသော လှေများဖြင့်ပင် ဟံသာဝတီမင်းစစ်သည်တို့၏ နောက်သို့ တဟုန်ထိုး လိုက်ကြသည်။

ရွှေကြက်ယက်တွင် တပ်စွဲနေသည့် ဟံသာဝတီမင်းရေတပ်နှင့်စတင်၍ မင်းတရား ရေတပ်တို့ ဆုံတွေ့ကြသည်။ မင်းတရားရေတပ်က အတင်းဝင်ရောက်တိုက်ခိုက်ရာ ဟံသာဝတီမင်းစစ်သည်တို့ ဆုတ်ခွာထွက်ပြေး ကြသည်။ ခရမ်းပေါက်၌ တပ်စွဲနေသော ဥပရာဇာရှိရာသို့ စုန်ပြေးကြသည်။

ကြည်းတပ်မှ ချီတက်သွားခဲ့သည့် သတိုးဓမ္မရာဇာလည်း စစ်ကိုင်းသို့ရောက်သည်နှင့် စောဗြ၏ လှေတပ် ငါးတပ်ကို အတင်းဝင်ရောက် တိုက်ခိုက်သည်။ အထက်အညာတွင် လှေတပ်ပျက်နှင့်ကြုံခဲ့ပြီးဖြစ်ရာ ကြာရှည်စွာ မခုခံနိုင်ဘဲ လှေတပ်မှာ ဥပရာဇာနှင့်သွားရောက် ပူးပေါင်းကြပြန်သည်။

ယင်းတိုက်ပွဲများ အားလုံးကို အလောင်းမင်းတရားကိုယ်တော်တိုင် ချီတက်ပါ၍ ကြီးကြပ်ကွပ်ကဲတော်မူသည်။ မင်းတရားသည် မုဆိုးဘိုမှ စစ်ကိုင်းသို့သုံးစခန်းနှင့် အရောက်ချီတက်တော်မူသည်။ တပ်ပေါင်းစုံမှာ မင်းတရားကိုယ်တိုင်လိုက်ပါချီတက်တိုက်ခိုက်သည်ဖြစ်သောကြောင့်တစ်ကြောင်း၊ တိုက်တိုင်း အောင်မြင်နေသောကြောင့်တစ်ကြောင်း လွန်စွာပင် စိတ်အားတက်နေကြသည်။ သူတို့၏ ရေတပ်အား၊ ကြည်းတပ်အားများမှာလည်း ယခုအခါတွင် ရန်သူထံမှ သိမ်းပိုက်ရရှိသည့်ပစ္စည်းများဖြင့် အင်အားတောင့်တင်းသည်ထက် တောင့်တင်းလာနိုင်သည်။

အင်းဝမြို့စောင့် သတိုးမင်းစောနှင့်အပေါင်းအပါတို့ကလည်း မင်းတရား တပ်များ၏အောင်မြင်ခြင်း သတင်းကောင်းကို ကြားသိကြသည်။ သူတို့ကလည်း စိတ်ဓာတ်များတက်ကာ မြို့ကိုဝိုင်းရံထားဆဲရှိသည့် တပ်တို့ကို ထွက်၍ တိုက်ခိုက်ကြသည်။ အင်းဝမြို့ကို ဝိုင်းရံ ထားသည့်တပ်များလည်း ကြာရှည်စွာ မခံနိုင်ခဲ့။ တပ်များ ပျက်ပြီး ဥပရာဇာနှင့်သွားရောက် ပူးပေါင်းခဲ့ကြရသည်။

ခရမ်းပေါက်တွင် ရှိနေကြသည့် ဥပရာဇာနှင့် ဗိုလ်မှူး တပ်မှူးတို့က စစ်အခြေအနေကို ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ ဟံသာဝတီမင်းတပ်များ အရေးနိမ့်ပြီး မင်းတရားတပ်တို့ အရေးသာနေသည်ကို သူတို့က လက်ခံခဲ့ကြသည်။ လောလောဆယ်တွင်လည်း မင်းတရားတပ်တို့ ဆက်လက် ထိုးစစ်ဆင်လာပါက သူတို့တပ်များ ပိုမိုအထိနာကြစရာရှိကြောင်းကိုလည်း သဘောပေါက်ခဲ့ကြသည်။ ထို့ကြောင့် မိုးရာသီလည်း ရောက်ခါနီးပေပြီ၊ မိုးကုန်မှအင်းဝကို တစ်ကြော့ ပြန်လာတိုက်မည်ဟု သဘောတူကြကာ အပြင်းဆုတ်ခွာခဲ့ကြသည်။

ရန်သူတပ်များ ၁၁၁၆ ခုနှစ်၊ နယုန်လဆန်း (၆) ရက်နေ့ အလောင်းမင်းတရား စစ်ကိုင်းသို့ရောက်သည့်နေ့တွင်ပင် ဟံသာဝတီသို့ဆုတ်ခွာကြသည်။ ရန်သူတပ်များအားလုံး ဆုတ်ခွာထွက်ပြေးသွားကြပြီ ဖြစ်ကြောင်း သိကြလျှင် နောက်မှလိုက်၍ တိုက်ခိုက်ဖျက်ဆီးကြသည်။

ယင်းတိုက်ပွဲများတွင် မင်းတရားတို့က ဆန်စပါး၊ ငါးပိ၊ ဝန်တင်လှေ ၃၀၀၊ တိုက်လှေ ၃၀၀၊ အမြောက်အလက် ၃၀၀ ကျော်၊ သေနတ်အလက် ၅၀၀၀ ကျော်၊ သံ့ပန်း ၅၀၀၀ကျော်၊ ယမ်း ၂၀၀၀၊ ကျည်စေ့ ၁၀၀၀၀ ခန့်ရရှိခဲ့သည်။

ရန်သူတို့ ထွက်ပြေးပြီးသည့်နောက် အလောင်းမင်းတရားက ဟံသာဝတီကို သိမ်းပိုက်ရေးအတွက် စီစဉ်တော်မူသည်။ လူသူလက်နက်များ စုဆောင်းရေးကိစ္စအဝဝအတွက် အစီအစဉ်များကို လုပ်သည်။ တစ်ချိန်တည်းတွင်ပင် ပြိုကွဲနေသည့်နိုင်ငံတော် ပြန်လည်စည်းရုံးရေးကိစ္စကိုလည်း ဆောင်ရွက်တော်မူသည်။ သိမ်းသင့်သည့် မြို့ရွာများကို သိမ်းပိုက်၍ သစ္စာခံစေသင့်သည့်သူများကို သစ္စာခံစေသည်။

ဝါဆိုလဆန်း(၈)ရက်နေ့တွင် အလောင်းမင်းတရားသည် ရတနာသိင်္ဃမင်းနေပြည်တော်သို့ပြန်ရောက်သည်။ မြို့တော်သို့ပြန်ရောက်သည်နှင့် ချီးမြှောက်သင့်သည့်သူများအား မင်းတရားက ချီးမြှင့်မြှောက်စားသည်။

သားတော်ကြီး(အိမ်ရှေ့မင်း)အား ဒီပဲယင်း၊ တောင်တွင်း၊ စဉ့်ကူးမြို့များကို အသုံးကံကျွေး သနားတော်မူသည်။ သားတော်သတိုးမင်းစောကို သီရိဓမ္မရာဇာအမည်နှင့် မြေဒူးမြို့၊ စလင်းမြို့၊ သားတော်လတ်တစ်ပါးကို သတိုးမင်း

လှကျော်အမည်နှင့် အမြင့်မြို့၊ တလုပ်မြို့၊ သားတော်မောင်ဝိုင်းကို သတိုးမင်းလှ ရွှေတောင်အမည်နှင့် ပဒုံမြို့အထက် ဆယ်ရွာတိုက်၊ အောက်ဆယ်ရွာတိုက် ပေးသနားတော်မူသည်။ ညီတော် သတိုးသိခ်သူကို ပိတ်တောကိုးပင်ရွာအား ပေးသနားတော်မူခဲ့သည်။

ထို့အပြင် အခြားပုဂ္ဂိုလ် အများအပြားကိုလည်း ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်သည်။ ထို့နောက် မပြီးစီးသေးသော ရွှေနန်းတော် တည်ဆောက်ရေးကိစ္စ ပြီးစီးအောင် ဆောင်ရွက်ရေး စီမံကွပ်ကဲတော်မူသည်။

ထိုအတွင်း ဟံသာဝတီမင်းလက်သို့ ပါသွားခဲ့ရသော စစ်ကိုင်းရာဇာမင်းမှာ အကျဉ်းထောင်ထဲတွင်ပင် ကွယ်လွန်သွားရရှာသည်။ ယင်းအကြောင်းကို အလောင်းမင်းတရား ကြားသိသောအခါ စိတ်မကောင်းခြင်း ဖြစ်ရသည်။

"ငါသည် ဟံသာဝတီကို လုပ်ကြံ၍ အင်းဝရွှေနန်းရှင်ပြန်ရလျှင် ကိုးကွယ်မည့်အကြံ ရှိတော်မူခဲ့သည်။ ယခု ဟံသာဝတီမင်း စစ်သည်တို့ နှောင်ယှက်၍ ရွှေနန်းရှင် မရှိတော့ကြောင်း ကြားသိရသည်။ နှမြောစွတကား"ဟု ဗိုလ်ပုံအလယ်တွင် မင်းတရားက မိန့်ကြားသည်။

ဦးအောင်ဇေယျသည် အလောင်းမင်းတရားဘွဲ့ကို ခံယူ၍ အထက်မြန်မာနိုင်ငံတွင် စုစည်း၍ နိုင်ငံတော်ကို ထူထောင်နေချိန်တွင် တစ်ချိန်က တိုင်းရင်းသား ပိုင်ဆိုင်ခဲ့သည့် ပြည်မြို့၌ ဟံသာဝတီဘုရင်၏ တပ်များက အုပ်ချုပ် ပိုင်စိုးနေသည့်ကာလလည်း ဖြစ်ခဲ့သည်။ ပြည်မြို့တွင် ဟံသာဝတီဘုရင် အုပ်ချုပ်မှုအောက်၌ တောင်ငူရာဇာ၏ အမှုထမ်း မြင်ကွန်းမြို့သား အာကာရွှေတောင်နှင့် မြန်မာအများ ရှိနေခဲ့ကြသည်။ သူတို့မှာ ရုန်းထွက်ရန် အချိန်အခါကောင်းကို စောင့်နေခဲ့ကြသူများလည်း ဖြစ်ကြသည်။

အလောင်းမင်းတရားက ဟံသာဝတီမင်း စစ်သည်တို့အား အင်းဝမှ ဒုတိယအကြိမ် အောင်မြင်စွာ တိုက်ထုတ်လွှတ်လိုက်ကြောင်း ကြားသိရသောအခါ သူတို့စောင့်မျှော်နေသည့် အချိန်အခါကောင်း ရောက်ပေပြီဟု အာကာရွှေတောင်တို့က ယုံကြည်ခဲ့ကြသည်။

အာကာရွှေတောင်နှင့်သူ့တပ်သည် ပြည်မြို့စောင့်ဟံသာဝတီမင်းတပ်ကို အမှတ်မထင်ဝင်ရောက် တိုက်ခိုက်ကြသည်။ ပြည်မြို့သားတို့သည် မုဆိုးဘိုသားတို့နှင့်ပူးပေါင်းတိုက်ခြင်း ဖြစ်သည်ဟုယုံကြည်ပြီး ဟံသာဝတီမင်း စစ်သည်များ ထွက်ပြေးကြရာ တပ်ပျက်တော့သည်။

အာကာရွှေတောင်နှင့်သူ့လူများ အကြောင်းကို ၁၁၁၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်နေ့တွင် အာကာရွှေတောင်တို့က လူလွှတ်၍ အကြောင်းကြား

သဖြင့် အလောင်းမင်းတရား သိတော်မူသည်။

သို့သော် ဟံသာဝတီဘုရင်က ပြည်မြို့၏ အရေးပါပုံကို သိထားသည်။ ပြည်မြို့ကို သူ့အနေဖြင့် လက်လွှတ်မခံနိုင်၊ အာကာရွှေတောင်နှင့် သူ့လူများ ပြည်မြို့တွင် တာရှည်စွာ ကြီးစိုးနေခြင်းကိုလည်း ခွင့်မပြုနိုင်။ သူတို့တစ်တွေ တာရှည်နေလျှင် မင်းတရားကို သွားရောက်ပင့်ဆောင်ကြလိမ့်မည်။ ထို့ကြောင့် ပြည်မြို့ကို အမြန် တိုက်ခိုက် သိမ်းပိုက်မှ ဖြစ်မည်ဟု ဟံသာဝတီဘုရင်က ယူဆသည်။

မင်းတရားသည် ပြည်မြို့ကိုရောက်လျှင် ဟံသာဝတီသို့တိုင်အောင် ချီတက်လာမည်ကိုလွန်စွာပင် စိုးရိမ်မိသောကြောင့် ဟံသာဝတီဘုရင်က ပြည်မြို့ကို အမြန်ဆုံးတိုက်ခိုက် သိမ်းပိုက်ရန် စီမံဆောင်ရွက်သည်။ ပြည်မြို့ကို တိုက်ခိုက်ရန် တပ်များကို ဖွဲ့ပေးသည်။ သမိန်သံလိုက် တစ်တပ်၊ လက္ခန်းအိမ် တစ်တပ်၊ ဗညားကျော်တစ်တပ်၊ ဒေါစွယ်ယစက် တစ်တပ်၊ ဒလပန်း တစ်တပ်၊ သားမက်တော် စောဗြတစ်တပ်၊ တိုက်လှေ ၉၀၀၊ ဝန်တင်လှေ ၁၀၀၀၊ အမြောက် ၇၀၀၊ သေနတ် ၅၀၀၀၊ စစ်သည် ၅၀၀၀၀ ကျော်ဖြင့် ရေကြောင်းမှပြည်မြို့သို့ အရောက်ချီတက်စေခဲ့သည်။ တပ်ပေါင်းခြောက်တပ်နှင့် ညီတော်ဗညားဒလာကို အကြီးအကဲ ပြုလုပ်၍ မြင်း ၁၀၀၀၊ အမြောက် ၅၀၀၊ သေနတ် ၁၀၀၀၀၊ စစ်သား ၇၀၀၀၀ဖြင့် ကုန်းကြောင်းမှ ချီတက်စေသည်။

ယင်းသို့ ကြည်းတပ်၊ ရေတပ်များဖြင့် ဝိုင်းရံပြီး ဟံသာဝတီစစ်သည်တို့သည် ပြည်မြို့ကို အလုံးအရင်းဖြင့် တိုက်ခိုက်ကြသည်။ တိုက်ခိုက်သည်မှာ တစ်ကြိမ်တည်းသာ မဟုတ်၊ အကြိမ်ကြိမ်တိုက်ခိုက်ကြခြင်း ဖြစ်သည်။ အကြိမ်ကြိမ် တိုက်ခိုက်ရခြင်းမှာလည်း တိုက်တိုင်းမအောင်မြင်သောကြောင့်ဖြစ်သည်။ မြို့တွင်းမှအာကာရွှေတောင်ခေါင်းဆောင်သူတို့က ရန်သူများ မြို့တွင်းသို့ မဝင်ရောက်နိုင်ရန် ရင်မြေကတုတ် လုပ်၍ ခုခံတိုက်ခိုက်ကြသောကြောင့်ဖြစ်သည်။

မြို့ကိုဝင်ရောက်မစီးနိုင်သောအခါ ဆံတော်ရှင်ဘုရားတောင်ထိပ်ပေါ်တွင် အမြောက်ကြီးများ တပ်ဆင်၍ မြို့တွင်းသို့ပစ်ခတ်ခဲ့ကြပြန်သည်။ သို့သော်လည်း မြို့သူမြို့သားတို့သည် ထွက်၍ မပြေးကြဘဲ ကတုတ်ကျင်းများ တူးကာ ဆက်လက်၍ ကြံ့ကြံ့ခံကြသည်။

ထိုအတွင်း အာကာရွှေတောင်သည် မကြာခဏဆိုသကဲ့သို့မြို့ပြင်သို့ထွက်၍ ရန်သူများကို မြင်းနှင့်လည်းကောင်း၊ ခြေကျင်သွား၍လည်းကောင်း တိုက်ခိုက်တတ်သည်။ သူ့ကို ဝိုင်း၍ဖမ်းဆီးကြသော်လည်း မမိနိုင်။ သို့သော် နောက်ဆုံးတစ်ကြိမ်တွင် မြင်းဦးခေါင်းကို အမြောက်ကျည်ဆန် ထိမှန်သောအခါ သူလည်း မြင်းပေါ် မှ လွင့်စင်ကျသည်။ ထိုအခါတွင်မှ သူ့ကို ဖမ်းမိကြသည်။

သို့သော် အာကာရွှေတောင်ကို နည်းမျိုးစုံဖြင့် သတ်ကြသော်လည်း မသေခဲ့။ အရှင်လိုက် မြေတွင်းတူးပြီး သတ်မှ သေဆုံးသည်။

အာကာရွှေတောင် ကျဆုံးပြီဆိုလျှင် ဟံသာဝတီမင်းစစ်သည်တို့က အားတက်ကာ ပြည်မြို့ကို ထိုးဖောက်ဝင်ရောက်ကြရန် ထိုးစစ်ဆင်ကြပြန်သည်။ သို့သော် ကျန်ရှိသော မြို့သူမြို့သားတို့က စိတ်မလျှော့ကြဘဲ ရန်သူတို့ကို ရှပ်ရှပ်ချွံချွံ ခုခံခဲ့ကြပြန်ရာ ရန်သူတို့မှာ ယခင်ကအတိုင်း မြို့တွင်းသို့ မဝင်ရောက်နိုင်ဘဲ မြို့ကို ဝိုင်းရံထားမြဲ ဝိုင်းရံထားခဲ့ကြရသည်။

အာကာရွှေတောင် ကျဆုံးခြင်းအတွက် မြို့သူမြို့သားတို့စိတ်အားငယ်ကြရသည်မှာမူ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် မြို့သူမြို့သားများအား ကြီးကြပ်ကွပ်ကဲနေသည့် စလေမြို့ဝန်သတိုးကျော်သူနှင့်ရမ္မသီရိ၊ ပုခန်းငယ် မြို့သူကြီးတို့က အလောင်းမင်းတရားထံ ဆက်သားများ စေလွှတ်၍ အာကာရွှေတောင် ကျဆုံးသွားပြီဖြစ်ကြောင်း၊ ရန်သူတို့က ကြည်းတပ်၊ ရေတပ် အထပ်ထပ်ဖြင့် ပြည်မြို့ကို ဝိုင်းရံထားကြကြောင်း၊ မကွေးတိုင်အောင် ရန်သူတို့ ဆန်တက်သွားကြကြောင်း၊ နေပြည်တော်မှတပ် အမြန်စုန်ဆင်းလာပါမည့်အကြောင်းများကို သံတော်ဦးတင်ကြသည်။

သတင်းစုံကို ကြားသိရလျှင် အလောင်းမင်းတရားက “ပြည်မြို့ကို ငါကိုယ်တော်တိုင် ချီတက်တော်မူမည်” ဟု အမိန့်တော်ချမှတ်ခဲ့သည်။ ထိုအခါ မင်းလှစည်သူက မိမိအနေဖြင့် စစ်ဦးဘီလူးမှ ချီတက်ခွင့်ပေးပါမည့်အကြောင်း မကွေးတိုင်အောင်ချီတက် ရောက်ရှိနေသည့်ရန်သူများမှာ လူအင်အား များပြားသော်လည်း မိမိတို့က လူအင်အားနည်းနည်းဖြင့် နှိမ်နင်းတိုက်ခိုက်ခွင့် ပြုပါရန် တင်ပြလျှောက်ထားသည်။ အလောင်းမင်းတရားက မင်းလှစည်သူအား အခွင့်အရေး ပေးတော်မူသည်။ ထို့ကြောင့် မင်းလှစည်သူသည် နတ်တော်လဆန်း ၁၁ ရက်နေ့ ကျောက်မြောင်းအရောက် ချီတက်သည်။

မင်းလှစည်သူ၏ ရေတပ်သည် ကျောက်မြောင်းဆိပ်ကမ်းမှနတ်တော်လဆန်း ၁၃ ရက်နေ့တွင် စုန်းဆင်းခဲ့သည်။ အလောင်းမင်းတရားလည်း ခမ်းနားကြီးကျယ်သော ဘုရင်မင်းမြတ်တို့၏ အဆောင်အယောင်များဖြင့် မြို့တော်တောင်မျက်နှာ ဣန္ဒာတံခါးမှထွက်ခွာတော်မူ၍ ကျောက်မြောင်းသို့ ရောက်တော်မူသည်။ ကျောက်မြောင်း ရောက်တော်မူလျှင် ထီးလင်း၊ ကလေး၊ သောင်သွပ်၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမိတ်၊ ရှမ်းစော်ဘွားတပ်တို့နှင့်တကွ ကြည်းတပ် ရှစ်တပ်၊ မြင်း ၂၀၀၀၊ စစ်သည်သူရဲ ၂၀၀၀၀ စီရင်တော်မူသည်။ ရေတပ်တွင် သားတော်နှစ်ပါး၊ ညီတော်၊ ယောက်ဖတော်၊ ဗိုလ်မှူး၊ တပ်မှူးများနှင့်တကွ တပ်ပေါင်း ၁၃ တပ်၊ တိုက်လှေ၊ ဝန်လှေ၊ စစ်သည် ၃၀၀၀၀ အသင့်ရှိနေသည်။

အခါတော်ရောက်၍ အမြောက်သံပေးသည်နှင့် မြစ်လုံးပဲ့တင်ထပ်မျှ အော်ဟစ်ကြွေးကြော်ပြီး စုန်ဆင်းတော်မူသည်။

တပ်ဦးမှ စုန်ဆင်းသွားသော မင်းလှစည်သူတို့၏ ရေတပ်သည် ရေနံချောင်းအောက်ရောက်လျှင် ရန်သူတို့၏ ရေတပ်နှင့်စတင်တွေ့ဆုံသည်။ မင်းတရားတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ရာ ရန်သူတို့၏ လှေတပ်ပျက်ပြီး ဆုတ်ခွာသွားသည်။

သို့ဖြင့် မလွန်သို့ မင်းလှစည်သူတို့ ရေတပ်ရောက်ခဲ့ပြန်သည်။ မလွန်တွင် တိုက်လှေကြီး ၅၀၀ ကျော်နှင့်ဗညားငကျဉ်က ဆီး၍ ခုခံတိုက်ခဲ့သည်။ သို့သော် မင်းတရားတပ်က အကြောက်အရွံ့မရှိဘဲ ဝင်ရောက်တိုက်ခိုက်ကြရာ ယင်းရေတပ်မှာလည်း မခံတော့ဘဲ နောက်ဆုတ်သွားရပြန်သည်။

မင်းတရား ရေတပ်သားတို့ စိတ်ဓာတ် အလွန်တက်ကြွခဲ့သည်။ ထို့ကြောင့် ညောင်ပင်ဆိပ်ရောက်၍ မြစ်လုံးပြည့် စစ်လှေများဖြင့် ပိတ်ဆို့ခုခံနေနှင့်သည်ကို အမှုမထားဘဲ အတင်းဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ရန်သူတို့၏ လှေများပေါ်သို့ခုန်တက်ကြပြီး တိုက်ခိုက်ကြသည်။ မကြာမီတွင်ပင် ရန်သူ့ရေတပ်ပျက်သည်။

ထွက်ပြေးသော ရန်သူတို့၏ လှေများနောက်သို့ မင်းတရားတပ်၏ လှေများက အတင်းလိုက်၍ တိုက်ခိုက်ကြသည်။ ထိုအခါ တိုက်လှေကြီး ၃၀၀ ခန့်နှင့် အသင့်စောင့်နေသည့် ဒလပန်းက သူ့လူများ ထွက်ပြေးလာသည်ကိုတွေ့သော် မင်းတရားရေတပ်ကြီး စစ်ဆင်လာပြီဟု အထင်မှားကာ ထွက်ပြေးလေတော့သည်။ သူပြေးသည်ကိုမြင်လျှင် အရှေ့ဘက်ကမ်းတွင် စစ်လှေ ၂၀၀ ကျော်နှင့် ရှိနေသော ဒေါ်စွယ်ယစက်လည်း ထွက်ပြေးသည်။

ပြည်မြို့သားတို့မှာ မုဆိုးဘိုမှ စစ်ကူတပ်များ ရောက်လာမည်ကို တင်ကြိုမသိကြသောကြောင့် ရေတပ်တိုက်ပွဲကို မြို့ထိပ်မှ စောင့်နေခဲ့ကြသည်။ ရန်သူတို့က သူတို့ကို ဥပါယ်ပြုနေသည်ဟု ထင်ကြသည်။

မင်းလှစည်သူ၏ စစ်လှေကြီးမှာ ရန်သူများ နောက်သို့လိုက်ရင်း အလိုက်လွန်ကာ ရန်သူတို့၏ ဝိုင်းရံတိုက်ခိုက်ခြင်းခံရသည်။ မင်းတရားတပ်၏ သူရဲကောင်းတို့က ဝိုင်း၍တိုက်ခိုက်ရသော်လည်း မလျှော့တမ်း ပြန်လည်ခုခံကြသည်။ စစ်သည် ၃၀၀ ခန့် သေဆုံးကုန်သော်လည်း သတ္တိကို ပြောင်မြောက်စွာဖြင့်ပြသကြသည်။

စစ်လှေကြီးတွင် မင်းလှစည်သူနှင့် မြန်မာသူရဲကောင်း ၃၀ ခန့်သာ ကျန်တော့သည်။ သူတို့က မလျှော့စတမ်း ခုခံနေကြဆဲဖြစ်သည်။ ထိုစဉ် ရဲစက်ကျော်ခေါင် ရာဇကုမ္မာန်တို့လှေတပ်မီလာသဖြင့် ရန်သူများကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ထိုအခါတွင်မှ မင်းလှစည်သူနှင့်သူ့စစ်လှေကြီးမှာ ရန်သူတို့လက်မှ ကင်းလွတ်

သည်။

မင်းတရား ရေတပ်လှေများ ကျောက်ကြီးဆိပ်သို့ထိုးကပ်ပြီး ရှင်းပြတော့မှ ပြည်မြို့သားတို့က စစ်ကူများရောက်လာကြောင်း သိကြရသည်။ သူတို့အားလုံး ဝမ်းပမ်းတသာ ဖြစ်ကြသည်။

အလောင်းမင်းတရားသည် ပြည်မြို့ နဝင်းဆောင်းရောက်သည်အထိ ၁၀ စခန်းချနှင့်ချီတက်ခဲ့သည်။ နဝင်းချောင်းရောက်၍ ဖောင်တော်ဆိုက်ရာတွင် စေတီတစ်ဆူတည်သည်။ ဖောင်တော်ဦးစေတီဟု သမုတ်သည်။

အလောင်းမင်းတရား ပြည်မြို့သို့ရောက်ပြီး ပြည်မြို့တွင် စခန်းချနေပြီဆိုသည်ကို ဟံသာဝတီဘုရင်ကြားသိလျှင်အညာမှရိက္ခာများ လာရောက်မပေးပို့နိုင်အောင် ဖြတ်တောက်ရေးအတွက် ဗိုလ်လက္ခန်းအိမ်ကို တာဝန်ပေးသည်။ ဗညားအဂ္ဂအား လက္ခန်းအိမ်တပ်ကို အထောက်အကူပေးနိုင်ရန် နောက်ဆွယ်တပ်အဖြစ် လိုက်ပါစေသည်။ အခြားစစ်ဗိုလ်များကိုမူ လက်ရှိအတိုင်း ပြည်မြို့ကို အဝေးမှ ဝိုင်းရံမြဲဝိုင်းရံနေရန် တာဝန်ပေးသည်။

ထိုအကြောင်းကို ကြားလျှင် အလောင်းမင်းတရားက မင်းလှစည်သူအား လှေ ၅၀ ဖြင့် လက္ခန်းအိမ်တပ်ကို တိုက်ရမည်ဟု အမိန့်တော်ချမှတ်သည်။ မင်းလှစည်သူတပ်က လှေဦးဖွင့်ကာ ရှပ်ရှပ်ချွံချွံ ရန်သူများအား တိုက်ခိုက်ရာ လက္ခန်းအိမ် ခုခံခြင်းမရှိဘဲ ဆုတ်ခွာ ထွက်ပြေးသွားသည်။

သတိုးကျော်သူနှင့်ရမ္မာသီရိတို့လည်း လူ ၅၀၀၀ ကျော်ပါဝင်သော ဗညားအဂ္ဂ၏ တပ်ကို ဝင်ရောက် တိုက်ခိုက်ခဲ့ပြန်ရာ ရန်သူတို့မှာ လက်နက်များ၊ ရိက္ခာများကိုပင် မယူနိုင်တော့ဘဲ ထွက်ပြေးသွားခဲ့ကြသည်။

လက္ခန်းအိမ်တို့၏ တပ်နှစ်တပ် ပျက်ကြောင်း ကြားသိလျှင် ဟံသာဝတီမင်း၏ စစ်တပ်က ပြည်မြို့တောင်ဘက် ဆံတော်ရှင်တပ်ကို မြို့စီးပြစီးတင်၍ အခိုင်အမာ နေခဲ့ကြသည်။ မင်းတရားတပ်များ ထိုတပ်အနီးသို့ ကပ်၍ စစ်ရေး မြူကြသော်လည်း ဟံသာဝတီမင်း၏ စစ်သည်တို့က ထွက်၍မတိုက်၊ သူတို့က အမြောက်များ၊ စိန်ပြောင်းများ ထူထပ်စွာ ချထားကာ ပစ်ခတ်၍ ခုခံကြသည်။ ထို့ကြောင့် မင်းတရားတပ်မှာ မချဉ်းကပ်နိုင် ဖြစ်ရသည်။

ထိုအကြောင်းကို အလောင်းမင်းတရား ကြားသိလျှင် လွန်စွာမကျေမနပ်ဖြစ်ခဲ့သည်။ ထို့ကြောင့် မင်းဆွေ၊ မင်းမျိုး၊ ဗိုလ်မှူး၊ တပ်မှူးတို့အား ခေါ်ယူ၍–

''နင်တို့သည် အမှုတပ်ထမ်းရာတွင် နင်တို့အရေး မဟုတ်သကဲ့သို့ ကြိုးကြိုးပမ်းပမ်း မထမ်းရွက်ကြ၍ အရေးတော်မပြီး ရှိရသည်။ ငါကိုယ်တော်တိုင် တပ်ထိပ်ကနေ၍ ကြည့်တော်မူမည်။ ဆင်သည်ဆင်၊ မြင်းသည်မြင်းနှင့် ခြေသည်

လည်း လှေကား၊ တူရွင်း၊ ရဲတင်း၊ ပုဆိန်ဖြင့် တင်ရင်းသို့ ရောက်စေ၊ နောက်လျို ၍မလိုက်ဘဲနေ သူတို့ကို သည်မားနှင့်ကွပ်မျက်မည်”ဟု မားပြပြီး ကြိမ်းတော်မူ သည်။

ထိုစကားကြောင့် ဗညားဒလ ရှိနေသော ဆံတော်ရှင်တပ်သို့ မင်းတရား စစ်သည်တို့က ပြင်းပြင်းထန်ထန်ပင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။ တပ်ထိပ်မှ နေ၍ ရန်သူတို့က ကျောက်၊ ပွဲညက်ရေများဖြင့် သွန်ချ၊ အမြောက်၊ စိန်ပြောင်းတို့ ကို မိုးရွာသကဲ့သို့ ပစ်ခတ်၊ လှေတပ်ကလည်း သင်္ဘောသားမျက်နှာဖြူများထံမှ ရ ရှိထားသည့် အမြောက်ကြီး များဖြင့် ပစ်ခတ်ခဲ့ကြသည်။ သို့သော် မင်းတရားတပ် တို့က ဂရုမပြု၊ ရှေ့သို့ ချီတက်မြဲသာချီတက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ များစွာ အထိနာပြီး တပ်တွင်းသို့ မဖောက်နိုင်သည့်အခြေအနေကား ရှိနေဆဲ ဖြစ်ခဲ့သည်။ ထိုအခါ အလောင်းမင်းတရားက သူ၏ တပ်ကို နုတ်သိမ်းတော်မူသည်။

စစ်ပွဲ၏ အခြေအနေကို အလောင်းမင်းတရားက သုံးသပ်ဆင်ခြင်တော် မူသည်။ ဆံတော်ရှင် တပ်ရင်းသို့ ရွှေဘိုတပ်များ မချဉ်းကပ်နိုင်ခြင်း၏ အဓိကအ ကြောင်းရင်းမှာ တပ်ရင်းမှနေပြီး အမြောက်၊ စိန်ပြောင်းများဖြင့် ပြင်းပြင်းထန် ထန် ခုခံပစ်ခတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် အမြောက်ဒဏ်၊ စိန်ပြောင်းဒဏ် ခံနိုင်မည့်နည်းလမ်းကိုတွေ့ရှိပါက အောင်နိုင်မည်ဖြစ်ကြောင်း သိမြင်တော်မူသည်။

အမြောက်ဒဏ်၊ စိန်ပြောင်းဒဏ်ကို ခံနိုင်မည့် နည်းလမ်းအား အလောင်း မင်းတရားက ကြံဆစဉ်းစားတော်မူသည်။ ယင်းသို့ကြံဆဆင်ခြင်တော်မူသည့်အ တိုင်း နည်းလမ်းကို နောက်ဆုံးတွင် တွေ့ရှိသည်။

အဝအကျယ် ခြောက်ပေ၊ အလျား ပေ ၂၀ မှ ပေ ၃၀ ရှိသော ခြင်းလုံး ကြီးများကို ရက်လုပ်စေသည်၊ ယင်းခြင်းလုံးကြီးများ၏ အတွင်းပိုင်းတွင် ကောက် ရိုးများကို အပြည့်သိပ်၍ ထည့်ထားသည်။ ယင်းခြင်းလုံးကြီးများ နောက်မှခိုကာ မြန်မာတပ်တို့က ဆံတော်ရှင်တပ်ရင်းသို့ ချဉ်းကပ်ကြရန် ဖြစ်သည်။ တပ်ရင်းသို့ ချဉ်းကပ်မိသည်နှင့် အသင့်ယူဆောင်သွားသောအမြင့် ကိုးတောင်၊ ၁၀ တောင်ရှိ ဝါးလုံးရှူးမီးများထိပ်တွင် ယမ်းနှင့်ငရုတ် ရောထားသည့် မီးခိုးငွေ့များကို တပ် ထိပ်ရှိရန်သူတို့ ကြာရှည်ခံနိုင် ကြလိမ့်မည်မဟုတ်။

ယင်း အစီအစဉ်အတိုင်း ခြင်းလုံးကြီးများကို အမြန်ရက်လုပ်ကြသည်။

စီမံစရာရှိသည်များကို ဆောင်ရွက်ပြီးသော် ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့် ကျော် ၁ ရက် နံနက် နှစ်ချက်တီးကျော်တွင် တပ်များကို ချီတက်စေခဲ့သည်၊ တပ် များကို ချီတက်စေရာတွင် အလောင်းမင်းတရားက ရှေ့တွင် မြင်းညှံ့၊ လူညံ့များကို သွားစေသည်။ ရန်သူတို့ ထွက်တိုက်ကြလျှင် ယင်းမြင်းညှံ့၊ လူညံ့တို့ကို ဆုတ်ခွာစေ

ပြီး မြင်းတော်၊ လူတော်များကို ရှေ့တန်းသို့ထိုးကာ ချီတက်တိုက်ခိုက်သွားရန် စီစဉ်ဆောင်ရွက်သည်။

ရှေ့တပ်ကို ရန်သူတို့မြင်လျှင် တက်တိုက်ကြသည်၊ မူလစီစဉ်ထားသည့်အတိုင်း နောက်ဆုတ်ပေးကြရာ မြင်းကောင်း၊ လူကောင်းတို့က ရှေ့တန်းသို့ တက်လာပြီး ဟံသာဝတီမင်း၏ စစ်သည်တို့အား တိုက်ခိုက်ခဲ့ကြသည်၊ ရန်သူတို့မှာ မခံနိုင်ဘဲ တပ်အတွင်းသို့ ပြန်လည်ဝင်ပြေးခဲ့ကြသည်။

အလောင်းမင်းတရားကိုယ်တိုင် တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ သားတော်နှစ်ပါးတို့လည်း ရွှေထီးများဆောင်း၍ စစ်သည်များနှင့်အရောရော အထွေးထွေး စွန့်စားတိုက်ခိုက်ကြသည်။

ကြိုတင်စီစဉ်ထားသည့် ခြင်းကတုတ်များ ရန်သူတပ်ရင်းအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။ ဗညားဒလကလည်း သူ့လူများကို မီးကုန်၊ ယမ်းကုန်ဖွင့်၍ ပစ်ခတ်စေသည်။ သို့သော် ကျည်ဆန်တို့မှာ ခြင်းလုံးများကို မပေါက်ဘဲရှိသည်။ ထိုအခါ တပ်ထိပ်သို့တက်ရန် ခြင်းလုံးနောက်ကွယ်မှ ထွက်လာသည့် မင်းတရားစစ်သည်တို့အား ရန်သူတို့က တပ်ထိပ်မှနေ၍ အစွမ်းကုန် ပစ်ခတ်တိုက်ခိုက်ကြပြန်သည်။

မင်းတရားတပ်သားတို့က ရှို့မီးများကို စတင်ရှို့ကြသည်။ တပ်ထိပ်ရှိ ရန်သူတို့ ယမ်းငွေ့နှင့်ငရုတ်သီးငွေ့ဒဏ်များကို ကြာရှည်စွာ မခံနိုင်ခဲ့ကြသည်။ တပ်ထိပ်မှ ဆင်းပြေးကြရသည်။ ရန်သူတို့၏ တပ်ပေါက်တော့သည်။ ခြေမြန်တပ်များ တပ်အတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ကြသည်။ ဗညားဒလမှာ ဆက်လက်မခုခံနိုင်တော့၊ မိသားစုများကို ခေါ်ပြီး လွတ်ရာသို့ အချိန်မီထွက်ပြေးသွားသည်။

ဆံတော်ရှင်တပ်ပျက်လျှင် ကျန်ရှိသော ရန်သူတပ်များကို ဆက်လက်၍ တိုက်ခိုက်ရာ ရန်သူတို့၏ ရေတပ်၊ ကြည်းတပ်များအားလုံး ပျက်စီးခဲ့သည်။

ထိုတိုက်ပွဲတွင် မင်းတရားတပ်သားတို့က ဝန်တင်လှေ ၄၀၀ ကျော်၊ တိုက်လှေ ၅၀၀ ကျော်၊ သံ့ပန်း ၅၀၀၀ ကျော်၊ သိုးဆောင်းကုလား ၅၀၀ ကျော်၊ သေနတ်နှင့်မြင်း ၃၀၀ ကျော်၊ စပါးတင်း ၅၀၀၀ ကျော်၊ ဆန်တင်း ၁၀၀၀၀ ကျော်၊ ရိက္ခာ အများအပြားကို ဖမ်းဆီးမိလိုက်သည်။

ဒဂုံသို့

ပြည်မြို့တွင် ဟံသာဝတီမင်းစစ်တပ်တို့အပေါ် ကြီးမားသော အောင်မြင်မှု ရရှိပြီးသည့်နောက် အလောင်းမင်းတရားသည် ပြည်မြို့ရှိ ပျက်စီးနေသော စေတီ၊ ပုထိုးများကို ပြင်ဆင်တော်မူသည်။ ပြည်နယ်တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာ အကြီးအကဲတို့က လာရောက်သစ္စာတော်ခံခဲ့ကြရာ မင်းတရားမှာ ၂၀ ရက်ကြာအောင် မအားမလပ် ဖြစ်တော်မူရသည်။

ပြည်မြို့တွင် အခြေအနေ တည်ငြိမ်သောအခါ အလောင်းမင်းတရားသည် အောင်စည်အောင်မောင်းများ တီး၍ ဆက်လက်စုန်ဆင်းသည်။ လွန်ဆေးသို့ ရောက်လျှင် တာ ၇၀၀ ရှိသောသစ်မြို့တည်တော်မူသည်။ မြန်မာတို့ ယင်းနေရာတွင် အလျင်အမြန် အောင်မြင်သည်ဖြစ်၍ 'မြန်အောင်'ဟု အမည်ပေးသည်။

မြန်အောင်တွင် ရက်ပေါင်း ၃၀ မျှ စံနေစဉ်အတွင်း ဟင်္သာတ၊ မြောင်းမြ၊ ပုသိမ်စသည့် မြို့ရွာများနှင့် ကျေးလက်များက ကျွန်တော်ခံ ဝင်ရောက်လာကြသည်။ သာယာဝတီ၊ ဥက္ကံ၊ သုံးဆယ်၊ ဘောလယ်စသည့် မြို့များနှင့်ကျေးရွာများလည်းပါဝင်ကြသည်။ ၁၁၁၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် တစ်ရက်နေ့တွင် ဖောင်တော်ဦးအရပ်၌ စေတီတစ်ဆူ တည်ခဲ့သည်။ ယင်းစေတီကို ရွှေဘုံသာစေတီဟု သမုတ်တော်မူသည်။

ယင်းသို့ မြန်မာတိုင်းရင်းသားတို့အပေါ် တွင် အလောင်းမင်းတရားက ဩဇာအာဏာညောင်းခဲ့သည် မဟုတ်၊ ပုသိမ်မြို့နယ်အဝင် ဟိုင်းကြီးကျွန်းရှိ ကုလားဖြူတို့ကိုလည်း အမိန့်တော်စာနှင့် အခေါ် တော်လွှတ်သည်။ ကုလားဖြူတို့လည်း မင်းတရား၏ ဘုန်းရှိန်ကြောင့် အမိန့်တော်ကို မပယ်ဝံ့ကြဘဲ လက်ဆောင်ပဏ္ဏာများစွာဖြင့် ခြေတော်ဦးခိုက် ရောက်လာကြသည်။ ထိုအတွင်း ရခိုင်နှင့်တောင်ငူတို့ကလည်း ခိုဝင်လာကြသဖြင့် အမိန့်တော်ချိပ် တံဆိပ်ပေးအပ်သည်။

အလောင်းမင်းတရားသည် မြန်အောင်တွင် မြို့စောင့်ထား၍ တစ်လခန့်နေပြီး ဒဂုံသို့ ဆက်လက် စုန်ဆင်းတော်မူသည်။ အင်အားဖြည့်ထားသည့်တပ်ပေါင်းစုံသည်လည်း ၎င်းနှင့်အတူ ပါဝင်သည်။

နှစ်သစ်ကူးပြီးစ ကဆုန်လဆန်း ၄ ရက်နေ့တွင် အလောင်းမင်းတရား၏ တပ်များ ရွှေ့မှချီတက်သွားသော ရွှေ့ပြေးလှေတပ်နှင့်သန်လျင် ကင်းဝတွင် ရှိနေကြသော စောဖြေ၊ ဒလပန်းတို့၏ လှေတပ်များ တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ မင်းတရားရေတပ်က ရန်သူတို့၏ အတားအဆီးများကို ဇွတ်ဝင်ထိုးကာ တိုက်ခိုက်ကြသည်။ ဟံသာဝတီမင်း၏ စစ်သည်တို့က ချောင်းနှစ်ဖက်ညှပ်၍ အမြောက်၊ စိန်ပြောင်းတို့ဖြင့် ပစ်ခတ်ကြရာ မင်းတရားရေတပ်မှာ ရှေ့မတိုးနိုင်အောင် ဖြစ်ရသည်။

ထိုသို့ရှိနေစဉ် အလောင်းမင်းတရား၏ သားတော်နှစ်ပါးတို့၏ တပ်များ ရောက်လာကြသည်။ သားတော်များက ရွှေထီးများဖြန့်ကာ အပြင်းကူညီတိုက်ခိုက်ကြသည်။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ အမြောက်သံများ ဆူညံနေခဲ့သည့်နေရာ သို့အလောင်းမင်းတရား ရောက်လာခဲ့သည်။ အမြောက်သံများကို ကြားရလျှင် အခင်းကြီးပြီ ဖြစ်ကြောင်း သိလိုက်၍တိုက်ပွဲဖြစ်ရာသို့ အရှိန်ဖြင့် စုန်ဆင်းစေသည်။

အပြင်းစုန်ဆင်းလာသော အလောင်းမင်းတရား၏ လှေတပ်ကို ရန်သူတို့ တွေ့သွားကြသည်။ ယင်းသို့မြင်လျှင် ရန်သူတို့ကြောက်ရွံ့ကုန်ကြသည်။ သူတို့က မင်းတရားကို ရင်မဆိုင်ဝံ့ကြ။ ထို့ကြောင့် ဆုတ်ခွာထွက်ပြေးသွားကြတော့သည်။ ယင်းတိုက်ပွဲတွင် အမြောက်ကြီးငါးလက်၊ အမြောက်ငယ်အလက် ၃၀၀ ကျော် အပါအဝင် လက်နက်ပစ္စည်း အများအပြားကို ဖမ်းဆီးရမိသည်။

ဆုတ်ပြေးသူတို့သည် ပန်းလှိုင်ဝရှိ ၎င်းတို့၏ တပ်များနှင့်သွားရောက်ပူးပေါင်းကာ ချီတက်လာမည့်တပ်များကို ဟန့်တားခုခံကြရန် စီစဉ်ကြပြန်သည်။ အလောင်းမင်းတရားသည် မူလအစီအစဉ်အတိုင်း ဆက်လက်စုန်ဆင်းတော်မူမြဲ စုန်ဆင်းတော်မူသည်။

ပန်းလှိုင်ဝတွင် ရွှေ့ချီရေတပ်နှင့်ဟံသာဝတီစစ်သည်တို့၏ ရေတပ်များ တွေ့ဆုံပြီး တိုက်ပွဲဖြစ်ပွားကြပြန်သည်။ ရွှေဘိုတပ်များ အရောရောအထွေးထွေး တိုက်ခိုက်နေကြစဉ် သားတော်နှစ်ပါးကရွှေထီးများဖြန့်၍ အပြင်းချီတက်လာသည်ကို ရန်သူတို့ လှမ်း၍မြင်ကြသောအခါ ဆက်လက်ခုခံနိုင်ရန် မဝံ့ကြတော့ဘဲ ဆုတ်ခွာထွက်ပြေးသွားကြသည်။ ရန်သူတို့အားလုံးပင် သူတို့၏ တပ်များနှင့်အတူ ပဲခူးမြို့သို့အရောက် ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဒဂုံမြို့မှာ အကာအကွယ်မဲ့ခဲ့တော့သည်။ ထို့ကြောင့် အလောင်းမင်းတရားက ဗိုလ်ပါအပေါင်း ခြံရံ၍ ဒဂုံမြို့သို့ရောက်လာပြီး မြို့ကို အောင်မြင်စွာ သိမ်း

တော်မူသည်။ ဒဂုံမြို့ဟောင်းအနက် တာနှစ်ရာကျော်အကွာတွင် မင်္ဂလာတပ်တည်၍ စံတော်မူသည်။ သို့သော် ရန်သူတို့နှင့် နီးစပ်နေသောကြောင့် မနေဝံ့တော့ဘဲ သန်လျင်ကို စွန့်ခွာသွားသည်။

အလောင်းမင်းတရားသည် ဒဂုံမြို့ဟောင်းတွင် ယာတောဖြစ်လျက်ရှိသည်ကို ခုတ်ထွင်ရှင်းစေ၍ မြေများတူးဖို့ပြီး ၁၁၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့တွင် မြို့သစ်ကို မြို့အင်္ဂါများ ပြည့်စုံစွာဖြင့် ခုနစ်ရက်အတွင်း အပြီးတည်တော်မူစေသည်။ မြို့သစ်တည်ပြီးသောအခါ ရန်သူများကိုကုန်စင်အောင် လုပ်ကြံတော်မူနိုင်သည့်နေရာ ဖြစ်သောကြောင့် "ရန်ကုန်"ဟု သမုတ်တော်မူသည်။

အောင်ပွဲအဆင့်ဆင့် ရယူ၍ နောက်ဆုံးတွင် ရန်ကုန်ကို မြို့သစ်တည်နိုင်ခဲ့သည့် အလောင်းမင်းတရားအား နိုင်ငံခြားသားတို့ကလည်း လာရောက် သစ္စာတော် ခံယူကြသည်။ ထိုစဉ်က သန်လျင်၌ ကျန်ရစ်သော အရှေ့အိန္ဒိယကုမ္ပဏီက အထူးလက်ဆောင်ပဏ္ဏာများဖြင့် အလောင်းမင်းတရားကို လာရောက်ခစားပြီး သစ္စာတော် ခံကြသည်။

အရေးနိမ့်သွားခဲ့သည့် ဟံသာဝတီမင်းသည် အလောင်းမင်းတရား၏ အန္တရာယ်ကို အစဉ်ပင် စိုးရိမ်သည်။ အလောင်းမင်းတရားသည် ရန်ကုန်ကို အောင်မြင်၍ မြို့သစ်တည်၊ တပ်များ အခိုင်အမာ တည်ဆောက်ပြီးလျှင် ပဲခူးသို့ လာရောက်တိုက်ခိုက်မည်ဖြစ်ကြောင်း ယုံကြည်လက်ခံထားသည်။ ထို့ကြောင့် အလောင်းမင်းတရား လာရောက်မတိုက်မီပင် လက်ဦးမှုရရှိအောင် တိုက်ခိုက်ရန် စီစဉ်သည်။

ဒေါ်စွယ်ယစက်ကို လှေ ၁၀၀ ဖြင့် ပုသိမ်ကြောင်းမှလှည့်ပြီး မင်းတရားတပ်များသို့ ရိက္ခာတင်သွင်းသည်များကို သန်လျင်မှနေ၍ နှောင့်ယှက် ဟန့်တားရန် အမိန့်ပေးခဲ့သည်။ ထို့အပြင် လက်ယာဗိုလ်ကို ဒဂုံရှိတပ်များအား တိုက်ခိုက်ရန် နယုန်လဆန်း(၃)ရက်နေ့တွင် ချီတက်စေ၍ ငမိုးရိပ်ချောင်းများ တာမွေအရပ်၌ တပ်စွဲထားစေသည်။

ယင်းသို့ ဟံသာဝတီမင်း စစ်သည်တို့ ရန်ကုန်မြေတွင် လာရောက် တပ်တည်ကြကြောင်း အလောင်းမင်းတရားကို လျှောက်တင်ခဲ့ကြရာ မင်းတရားက သူတို့ တပ်များ တည်၍ မပြီးခင် မတိုက်ကြနှင့်၊ တပ်မပြီးခင် တိုက်၍ ရှုံးသည်ဟုဆိုကြချိမ့်မည်။ ထို့အပြင် စိတ်မကျေဘဲ နောက်ထပ်တစ်ဖန်ပြန်လာကြလိမ့်ဦးမည်၊ ထို့ကြောင့် တပ်တည်ပြီးအောင် စောင့်ပြီး ချေမှုန်းကြဟု အမိန့်တော်ချမှတ်သည်။

ထို့နောက် ငါးရက်ကြာသောအခါ ဟံသာဝတီမင်းတပ်တို့ တပ်တည်ပြီးဖြစ်ပြီဖြစ်ကြောင်း၊ ရွှေတိဂုံဘုရား မြောက်ဘက်တောထဲမှ သေနတ် ၃၀၀ ဖြင့်

ချောင်းဝပ်နေကြကြောင်း လာရောက် လျှောက်တင်ကြပြန်သည်။ ထို့ကြောင့် မင်းတရားက အမိန့်တော်ကို ခိုင်ခိုင်မြဲမြဲ ချမှတ်သည်။

“သားတော် ဒီပဲရင်းက လက်ဝဲကချီတက်စေ၊ သားတော်မြေဒူးက လက်ယာက ချီတက်စေ၊ ငါ၏ တပ်က အလယ်ကြောင်းဝမ်းလှိုင်က ချီတက်မည်၊ ယင်းသို့ ထွက်မပြေးနိုင်အောင် တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် ရဲမက်များရှိနေကြ”

ယင်းသို့ အမိန့်တော်ချမှတ်ပြီးနောက် နယုန်လဆန်း ၈ ရက် နံနက်တစ်ချက်တီးကျော် ငါးမောင်းတွင် မင်းလှမင်းခေါင်ကို တပ်မှူးကြီးခန့်၍ တိုက်ခိုက်စေသည်။ ရန်သူတို့က ၎င်းတို့၏ တပ်အတွင်းမှမခုခံဘဲ သေနတ် ၁၀၀၀ ဖြင့် တပ်ပြင်ထွက်၍ ခုခံကြသည်။ ဆီးကြိုတိုက်ခိုက်ကြသည်။ သို့သော် မင်းတရားတပ်တို့က ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြရာ ရန်သူတို့လက်နက်များပင် မယူနိုင်ကြတော့။ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားကြသည်။ အကျအဆုံးလည်း များပြားခဲ့ကြသည်။ ထိုတိုက်ပွဲတွင် အမြောက် ၅၀၊ သေနတ် ၁၀၀၀၊ မြင်း ၅၀၀ ရရှိ၍ သံ့ပန်း ၁၀၀၀ ကိုလည်း မိသည်။ ရန်သူ ၂၀၀၀ ခန့် သေဆုံးသည်။

ဟံသာဝတီမင်းသည် အခြေအနေကို တွက်ဆနိုင်ခဲ့သည်။ ယခုကဲ့သို့ အထိနာစွာ ဆုံးရှုံးရခြင်းမှာ မင်းတရားတပ်အား သွားရောက် တိုက်၍ဖြစ်သည်။ ထို့ကြောင့် နောင်တွင် သွားရောက် မတိုက်ခိုက်တော့၊ လာရောက် တိုက်ခိုက်လျှင်သာ ဆီးကြို ခုခံတိုက်ခိုက်မည်ဟု အစီအစဉ်များ ဆောင်ရွက်သည်။ လိုအပ်သော တပ်များကိုလည်း နေရာအသီးသီးတွင် ချထားစွဲနေစေသည်။

ယင်းကဲ့သို့ ဘောင်းနစ်မလစ်တွင် ဟံသာဝတီမင်းစစ်တပ်တို့က တပ်ကြီးငါးတပ်ဖြင့် တပ်စွဲနေကြောင်း အလောင်းမင်းတရား သိရှိသောအခါ ၎င်း၏ တပ်သုံးတပ်ကို စေလွှတ်၍ တိုက်ခိုက်နှိမ်နင်းစေသည်။ လူပေါင်း ၅၀၀၀ ပါဝင်သည့် တပ်သုံးတပ်တွင် မင်းလှရာဇာအား ဗိုလ်ချုပ်အဖြစ် တာဝန်ပေးသည်။

မင်းတရားတပ်များက ရန်သူတို့ကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ကြသည်။ သို့သော် ရန်သူတို့တွင် လက်နက်အင်အား သာလွန်ကောင်းမွန်သည်၊ ထို့ကြောင့် တပ်များအနီးသို့ မကပ်နိုင်ဘဲ ပြန်လည် ဆုတ်ခွာရသည်။ ယင်းသို့ အဆုတ်တွင် ရန်သူတပ်များက အလုံးအရင်းဖြင့် လိုက်လံတိုက်ခိုက်ခဲ့ရာ မြန်မာတပ်များမှာ များစွာပင် အထိနာရသည်။

အလောင်းမင်းတရားက မင်းလှမင်းခေါင်ကို ဦးဆောင်စေ၍ ဒုတိယအကြိမ် ပြန်လည်တိုက်ခိုက်စေသည်။

ဒုတိယအကြိမ် စိတ်မကျေပွဲ ပြန်လည်တိုက်ခိုက်ရာတွင် ဟံသာဝတီမင်း

စစ်တပ်များ အရေးနိမ့်လေတော့သည်။ တပ်ငါးတပ်စလုံး ပျက်၍ ဆုတ်ခွာထွက်ပြေးသွားကြသည်။ ယင်းစစ်ပွဲနှင့်ပတ်သက်၍ ရန်သူတို့အား မြန်မာပိုင်ဟိုင်းကြီးကျွန်းရှိ ကုလားဖြူတို့က လက်နက်ခဲယမ်းများ ကူညီထောက်ပံ့ကြကြောင်း မင်းတရား ကြားသိတော်မူခဲ့သည်။ လွန်စွာပင် မကျေမနပ် ဖြစ်သည်။ ထို့ကြောင့်–

"သာသနာတော်နဲ့ဆန့်ကျင်ဘက်၊ သူ့ကျေးဇူးကို မသိတတ်၊ မျိုးခြားဖြစ်သော မိစ္ဆာဒိဋ္ဌိကုလားတို့ကို ငါ့နိုင်ငံတော်ဟိုင်းကြီးကျွန်းတွင် နေသင့်သည်မဟုတ်၊ ယခုပင် ချီ၍ သင်းတို့ကုလားဆိုးမျိုးဟူသမျှအား ဖမ်းဆီး၍ ဆက်သစေရမည်"ဟု မိန့်ကြားကာ။

မင်းရဲကောင်းပုံနှင့်ကလန်ပွား မြင်းစီးသိခ်နရာတို့ကို လှေတော်နှစ်စင်း၊ လူ ၁၀၀ ကျော်ပေး၍ ချီတက်စေတော်မူသည်။

(အလောင်းမင်းတရားလက်ထက် ဟိုင်းကြီးကျွန်းအရေးအခင်းနှင့် ပတ်သက်၍ အကျယ်ကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြသွားပါမည်။)

## ရန်ကုန်ကို ပြန်လည်သိမ်းပိုက်ရန် အကြံအစည်

ရန်ကုန်ကို အောင်မြင်စွာ သိမ်းပိုက်ခဲ့သည့် အလောင်းမင်းတရားသည် ရန်ကုန်ဝန်းကျင်တွင်ရှိသော ရန်သူများကို ဆက်လက်သုတ်သင်ရှင်းလင်းခဲ့ရာ အောင်မြင်တော်မူခဲ့သည်။ နောက်ဆုံးတွင် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့ရှိ ရန်သူတို့အား နှိမ်နင်းပြီးနောက် ရန်ကုန်မြို့စောင့်အဖြစ် မင်းလှမင်းခေါင်အား တာဝန်ပေးသည်။ သူနှင့်အတူ တိုက်လှေ ၅၀၊ မြင်း ၁၀၀၀၊ သေနတ် ၃၀၀၀၊ စစ်သည် ၃၀၀၀၀ ကို ပေးအပ်သည်။

ယင်းသို့ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပြီးသောအခါ မင်းတရားက သာသနာအတွက် ဆောင်ရွက်တော်မူပြန်သည်။ ရွှေတိဂုံစေတီတော်ကြီး၌ ဇရပ်သုံးဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆွေတော်၊ မျိုးတော်၊ မှူးမတ်၊ ဗိုလ်မှူးတို့ ခြံရံ၍ ဂုဏ်တော်ကိုးပါး တစ်ထောင်ပြည့်အောင် ရွတ်ဆိုကာ ဆီမီးများ ပူဇော်ကန်တော့ကြသည်။

မည်သို့မည်သို့ပင်ဖြစ်စေ ရန်ကုန်နှင့်လက်တစ်ကမ်း သန်လျင်နှင့်ပဲခူးတွင် ရန်သူတို့ ရှိနေဆဲ အခြေအနေကို မင်းတရားက လက်မခံခဲ့၊ သို့သော် အခြေအနေအရ တိုက်ခိုက်သိမ်းပိုက်ခြင်းကား မပြုခဲ့သေး၊ မိုးလေစဲသောအချိန်၌ သန်လျင်မှစ၍ ပဲခူးရောက်အောင် ချီတက်တိုက်ခိုက် သိမ်းပိုက်မည်ဟု မိန့်တော်မူပြီး ၁၁၁၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အညာသို့ ပြန်လည် ဆန်တက်တော်မူသည်။

မင်းတရား မြို့တော်သို့ ပြန်လည် ဆန်တက်သွားပြီ ဖြစ်ကြောင်း သိကြသောအခါ ပဲခူးသားတို့က တစ်စခန်း ထခဲ့ကြပြန်သည်။ ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းယူရန် သူတို့က စီစဉ်ခဲ့ကြသည်။ လှေကြီး ၇၀၀ ကျော်၊ သမ္ဗန် ၅၀၊ သင်္ဘော ခုနစ်စင်းနှင့်ဒလပန်းကို ရေကြောင်းမှလည်းကောင်း၊ မတ္တရာဗိုလ်ဘယ်ကျော်အား စစ်သည် ၁၅၀၀၀ ဖြင့် ကြည်းကြောင်းမှလည်းကောင်း ဟံသာဝတီဘုရင်က ချီတက်စေ၍ ရန်ကုန်ကို ဝိုင်းရံကြသည်။

ဒီရေတက်သည်နှင့် ရန်သူတို့၏ သင်္ဘောခုနစ်စင်းက အမြောက်များဖြင့် မနားတမ်း ပစ်ခတ်ကြသည်။ ကြည်းတပ်မှလည်း အမြောက်များကို နေရာကောင်းယူ၍ ရန်ကုန်မြို့တွင်းသို့ ပစ်ခတ်ကြပြန်သည်။ ယင်းသို့ ကြည်းတပ်၊ ရေတပ် နှစ်ဖက်ညှပ်၍ တိုက်ခိုက်ခြင်းကြောင့် အလူးအလဲပင် ခံခဲ့ကြရသည်၊ သို့သော် သူတို့က အညံ့မခံခဲ့ကြ၊ မြို့ကို ဝိုင်းခဲ့ကြသည်မှာ ခုနစ်ရက်ကြာသွားသည်၊ သို့သော် မြို့တွင်း

က အပြင်သို့ထွက်၍မတိုက်၊ အပြင်ကလည်း မြို့တွင်းသို့ ဝင်ရောက် တိုက်ခိုက်ခြင်း မပြုခဲ့ကြသေး။ ရှစ်ရက်မြောက်သောနေ့တွင်မူ ရန်သူတို့က ရေကြောင်းမှနေ၍ တိုက်ခိုက်လာကြသည်၊ ဤသည်ကို မင်းလှမင်းခေါင်က မြို့ တောင်တံခါးမှထွက်ပြီး ရန်သူများကိုဆီးကြို၍ တိုက်ခိုက်သည်။ ရေတပ်ကဲ့သို့ပင် ကြည်းတပ်ကလည်း ချီတက်လာသည်။

မင်းတရားတပ်က ထိုးစစ်ဆင်လာသည့်ရန်သူများကို မကြောက်စတမ်း၊ နောက်မဆုတ်တမ်း တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ရန်သူတို့၏ တပ်များမှာ တစ်တပ်ပြီး တစ်တပ် ပျက်ခဲ့သည်။ ကြည်းတပ်ကဲ့သို့ပင် ရေတပ်လည်း ပျက်ခဲ့သည်၊ သင်္ဘောခုနစ်စင်းမှာ ကျောက်ကြိုးများကိုဖြတ်ပြီး ထွက်ပြေးတော့သည်။ မင်းလှမင်းခေါင်သည် ရန်သူတို့၏ နောက်သို့ လိုက်၍မတိုက်ဘဲ ရန်ကုန်တွင် တပ်စွဲနေမြဲနေခဲ့သည်။

နေပြည်တော်သို့ပြန်ရောက်သွားသည့် အလောင်းမင်းတရားက ရန်ကုန်ကို စိတ်မချတော်မူသဖြင့် သေနတ်ဝန် မဟာသေနာပတိအား ရိက္ခာအများအပြားဖြင့် ရန်ကုန်သို့ ပြန်လည်စုန်ဆင်းစေသည်။ မင်းလှမင်းခေါင်နှင့်သေနတ်ဝန်တို့သည် ရန်ကုန်မြို့တော် ကာကွယ်ရေးကိစ္စများကို စနစ်တကျ ဆောင်ရွက်ကြသည်။

ဟံသာဝတီမင်းစစ်သည်တို့ စိတ်တွင် မင်းလှမင်းခေါင်နှင့်သေနတ်ဝန်မင်းကို ဖမ်းဆီးမိလျှင် မင်းတရား၏ လက်ရုံးနှစ်ဖက်ပြတ်မည်၊ ရန်ကုန်ကျမည်၊ ရန်ကုန်သာမက မြန်မာနိုင်ငံတစ်နိုင်ငံလုံးပင် ကျမည်ဟု နားလည်ကြသည်၊ ထို့ကြောင့် ရန်ကုန်သို့ သေနတ်ဝန် ပြန်လည်ရောက်နေပြီဖြစ်ကြောင်း ကြားသိကြသောအခါ ရန်ကုန်ကို တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ဆောင်ရွက်ကြပြန်သည်။

ဟံသာဝတီဘုရင်က ဗိုလ်ဘယ်ကျော်နှင့်လယ်ယာဗိုလ်တို့အား စစ်ကြောင်း တစ်ကြောင်း၊ ရေတပ်မှ သင်္ဘောကြီး ခုနစ်စင်း၊ တိုက်လှေကြီး ၃၅၀ ဖြင့် စစ်ကြောင်းတစ်ကြောင်း၊ ဒေါ်စွယ်ယစက်၊ ဒလပနး၊ စောဗြတို့အား တပ်ခွဲများ အသီးသီး ပေးအပ်ကာ ရန်ကုန်ကို အရ တိုက်ခိုက်သိမ်းပိုက်ခိုင်းခဲ့သည်။ ရန်သူတို့က ရန်ကုန်ကို ဝိုင်းရံထားခဲ့ကြသည်၊ သင်္ဘောခုနစ်စင်းက ရန်ကုန်မြစ်လယ်တွင် ကျောက်ချရပ်ထားကြသည်။

ဝိုင်းရံပြီး ငါးရက်အကြာတွင် ရန်သူတို့က ထိုးစစ်ဆင်ခဲ့ကြသည်။ ရေတပ်က အလုံးအရင်းဖြင့် ချီတက်လာကြသည်။ မင်းတရားတပ်က ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သည်။

ရန်သူ၏ လှေတပ်ကို ကြာကြာပင် မတိုက်လိုက်ရ၊ အားလုံးပျက်လေတော့သည်။ ရန်သူတို့၏ လှေတပ်ပျက်လျှင် မင်းကျော်စည်သူက မြင်သောအခါ အောင်

စည်တီး၍ ကုန်းကြောင်းမှ ချီတက်တိုက်ခိုက်ခဲ့ရာ လှေတပ်ပျက်ကတည်းက စိတ်ဓာတ်ကျနေသည့်ရန်သူများမှာ ကစဥ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။ ဗိုလ်ဘယ်ကျော်နှင့်လက်ယာဗိုလ်တို့မှာ ကိုယ်လွတ်ရုန်းပြေးနိုင်၍ အသက်ချမ်းသာရာရသွားကြသည်။

## သန်လျင်တိုက်ပွဲကြီး

၁၁၁၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် အလောင်းမင်းတရားသည် ကြည်းတပ်၊ ရေတပ်များ ခြံရံ၍ စုန်ဆင်းတော်မူခဲ့သည်။ ယခုတစ်ကြိမ် စုန်ဆင်းခြင်းကား ဟံသာဝတီဘုရင်နန်းစိုက်ရာ ဟံသာဝတီကို သိမ်းပိုက်ရန်ဖြစ်သည်။

ထို့ကြောင့်လည်း မင်းတရား၏တပ်တွင် အလုံးအရင်းဖြင့် ပါဝင်လာသည်။ ညီတော်သိခ်သူကို ကြည်းတပ်မှ ချီတက်စေသည်။ ကြည်းတပ်တွင် တပ်ပေါင်း ၁၁ တပ်ပါဝင်သည်။ ရေတပ်တွင် မင်းလှသီရိအား စစ်ကဲအဖြစ် ခန့်အပ်၍ အပ်နှံလိုက်သော တိုက်လှေကြီး ၃၀၀ ကျော်နှင့်စစ်သည် ၁၀၀၀၀ ကျော် ပါဝင်သည့်စစ်ကြောင်း၊ ယင်းစစ်ကြောင်းတွင် သားတော်ကြီး မြေဒူးမင်းသားကို လိုက်ပါကွပ်ကဲစေသည်။ တပ်အားလုံး၏ ရှေ့မှ ချီတက်စေသည်။ ထို့နောက် တိုက်လှေကြီး ၃၀၀ ကျော် စစ်သည် ၁၀၀၀၀ ကျော်နှင့်လက်ဝဲကုမ္ဘာဏ်အား စစ်ကဲခန့်၍ သားတော်လတ် ဒီပဲယင်းကို လိုက်ပါ ကွပ်ကဲစေသည့် စစ်ကြောင်းတို့ပါဝင်သည်။

ယင်းသို့စုန်ဆင်းရာတွင် ပုဂံသို့ရောက်စဉ် ရွှေစည်းခုံဘုရား၌ ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်တို့ကို မင်းတရားက လှူဒါန်းတော်မူသည်။ စစ်အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် ဆုများတောင်းသည်။

ဟံသာဝတီကို မတိုက်မီ သန်လျင်ကို သိမ်းပိုက်နိုင်ရေးမှာ အရေးကြီးကြောင်း သိသဖြင့် အလောင်းမင်းတရားက သန်လျင်မြို့ တိုက်ခိုက်သိမ်းပိုက်ရေး အစီအစဉ်များ ဆောင်ရွက်တော်မူသည်။ လှေတပ်သုံးတပ်ကို သန်လျင်အနီးတွင် တပ်စွဲစေသည်။

သန်လျင်မြို့တွင်းရှိ ဟံသာဝတီမင်းသည်တို့က မင်းတရားတပ်က လှုပ်ရှားမှုကို စောင့်ကြည့်နေခဲ့ရာမှ လှေတပ် သုံးတပ်လာရောက် တပ်စွဲကြောင်း တွေ့ကြလေလျှင် သင်္ဘောခုနစ်စင်းတွင် အမြောက်ကြီးများတင်၍ တိုက်လှေ ၅၀၀ ကျော်ဖြင့် ထွက်တိုက်ခိုက်ခဲ့ရာ ရန်သူတို့၏ လှေတပ်များက တွန်းလှန် တိုက်ခိုက်ခဲ့ရာ ရန်သူတို့၏ လှေတပ်ပျက်သည်။ သင်္ဘောခုနစ်စင်းကို ကုလားဖြူများ အကူအညီဖြင့် သန်လျင်အရောက် ပြန်လည် ဆွဲယူထွက်ပြေးသွားကြသည်။

သန်လျင်ရေတပ် ပျက်သောအခါ အလောင်းမင်းတရားက ကြည်းတပ် ရေတပ်များကို ပဲခူးမြို့တောင်ဘက်၊ မြောက်ဘက်အစွန်အနားကျေးရွာများဆီသို့ စေလွှတ်ပြီး မီးတင်ရှို့စေသည်။ သားတော်နှစ်ပါးကလည်း သန်လျင်မြို့တွင်းသို့ ရိက္ခာများ ဝင်ရောက်စေခြင်း မရှိစေရန် ရေကြောင်းမှ ပိတ်ဆို့ကြသည်။

ဗိုလ်မှူးဝေရကျော်သူနှင့်နန္ဒယော်ဓာတို့တပ်အား သန်လျင်မြို့ကို ညအချိန် ရုတ်တရက် ဝင်ရောက်တိုက်ခိုက် ခြောက်လှန့်ရမည်ဟု အမိန့်ပေးထားတော်မူခဲ့သည်။ ထို့ကြောင့် မင်းတရားတပ်မှ သူရဲ ၇၀၀ ကျော်က မြို့ကိုချဉ်းကပ်ခဲ့ကြသည်။ မြို့တွင်းသို့ ဝင်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ကျုံးကို မကျော်ဖြတ်နိုင်ဘဲ ပြန်လည်ဆုတ်ခဲ့ကြရသည်။ မည်သို့ပင်ဖြစ်စေ သန်လျင်တောင်ဘက်မွေ့နန်းကန်၌ မင်းတရားစစ်သည်တို့ တပ်စွဲနိုင်ခဲ့ကြသည်။

သန်လျင်ကို လုပ်ကြံနေစဉ်ကာလအတွင်းမှာပင် ဟံသာဝတီကို သိမ်းပိုက်နိုင်ရေးအတွက် အလောင်းမင်းတရားက စိတ်ဓာတ်စစ်ဆင်သည်။ မင်းလှမင်းခေါင်နှင့်အခြားဗိုလ်လေးဦးတို့အား မြင်း ၅၀၀၊ သေနတ် ၁၀၀၊ စစ်သည် ၂၀၀၀ ကျော် ပေးအပ်ကာ ၁၁၁၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့တွင် ဟံသာဝတီသို့ ပန်းသုန်းစိုက်ရန် စေလွှတ်တော်မူသည်။

ယင်းအကြောင်းကို ဟံသာဝတီဘုရင်ကလည်း တင်ကြို သိထားနှင့်ရှိသည်။ ထို့ကြောင့် မင်းလှမင်းခေါင်တို့အား ဆီးကြိုတိုက်ခိုက်ရန် ပြင်ဆင်သည်။ ပဲခူးမြစ် အနောက်ဘက်တွင် ရန်သူတပ်များနှင့် မင်းတရားတပ်တို့ တွေ့ကြသည်။ မင်းတရားတပ်တို့၏ တိုက်ခိုက်မှုကိုမခံနိုင်၍ ဟံသာဝတီမင်းတပ်တို့ ဆုတ်ခွာသွားကြသည်။ ယင်းတစ်ကြိမ်သာ နှောင့်ယှက်မှုရှိခဲ့ကြသည်။ နောက်ထပ်မံ၍ နှောင့်ယှက်မှုများကို မတွေ့ရတော့။ သို့ဖြင့် မင်းလှမင်းခေါင်တို့သည် ဟံသာဝတီမြို့တွင်းသို့ ဝင်နိုင်ကာ မြို့တံခါးနှင့်တည့်တည့်တွင် တစ်ရှက်ကိုဆွဲ၍ ရန်ကုန်သို့ပြန်လာနိုင်ကြသည်။

မင်းတရားတပ်များပြန်မှ ပေစာကို ယူ၍ဖတ်ခဲ့ကြရာ ပါဠိဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ အဓိပ္ပာယ်မှာ “အကြင်သူယုတ်တို့သည် ခပ်သိမ်းသောသူ မပေးသည့်ဥစ္စာတို့ကို ခိုးဝှက်ဆောင်ယူတတ်သောကြောင့် သူတော်ကောင်းတရားသည် မင်းတို့၌ မရှိ။ သို့ သူတော်ကောင်းတို့တရား မရှိသောကြောင့် ဟံသာဝတီပြည်သည် တောကဲ့သို့ ကပ်သုံးပါးရောက်၍ ပျက်စီးဆိတ်ငြိမ်ခြင်းဖြစ်လတ္တံ့၊ ထိုပြည်၌ မင်းဟူ၍ သမုတ်သော သူခိုးခေါင်းအကြီးသည်လည်း မကြာမရှည်လျှင် မရဏာပြည်သို့ ကူးပြောင်းရလတ္တံ့ဖြစ်သည်။

သန်လျင်ကို လုပ်ကြံရာတွင် ဒေါပုံတပ်မှာ အရေးကြီးသော အဟန့်အတားဖြစ်ခဲ့သည်။ မင်းတရားတပ်များ သန်လျင်သို့အလွယ်တကူ မလာနိုင်ရန် ဟံသာဝတီမင်းစစ်သည် ၃၀၀၀ ကျော် မုတ္တမတပ်သား ၃၀၀၀ ကျော်တို့သည် ရန်ကုန်နှင့်သန်လျင်အကြား၌ အခိုင်အမာ တပ်စွဲနေခဲ့ကြသည်။ မင်းတရားတပ်တို့သည် ဒေါပုံတပ်ကို အကြိမ်ကြိမ်ပင် ထိုးဖောက်နိုင်ရန် တိုက်ခိုက်ကြသည်။ သို့သော် အ

မြောက် စိန်ပြောင်းများ ထူထပ်လှသောကြောင့် တပ်ရင်းသို့ မချဉ်းကပ်နိုင်အောင် ရှိကြသည်။ ထို့ကြောင့် စစ်ရေးနည်းပရိယာယ်သုံးပြီး ထိုးဖောက် ဝင်ရောက်ခြင်းထက် ဝိုင်းရံပိတ်ဆို့ထားခြင်းကို ပြောင်းလဲ ကျင့်သုံးကြသည်။ ဒေါပုံတပ်အတွင်းသို့ အဝင်အထွက် မရှိနိုင်အောင် ပိတ်ဆို့ဝိုင်းရံထားခဲ့ကြသည်။

သို့သော် ရက်ကြာရှည်စွာ ဝိုင်းရံ မထားခဲ့ကြ။ အကယ်၍ ပဲခူးမှရန်သူတပ်များ ချီတက်လာပြီး ဒေါပုံတပ်နှင့်ညှပ်တိုက်လျှင် မင်းတရားတပ်များ အထိနာမည်။ ထို့ကြောင့် ဒေါပုံတပ်အတွင်းသို့ ဝင်ရောက်နိုင်ရန် နည်းလမ်းများ ရှာကြံကြသည်။

ဒေါပုံတပ်အတွင်းသို့ ဝင်နိုင်ရန် ဥမင်များ တူးကြသည်။ ယင်းဥမင်များမှတစ်ဆင့် ဒေါပုံတပ်အတွင်းသို့ ဝင်ကြပြီး အတိုက်အခိုက်ခံရသဖြင့် ကိုယ်လွတ်ရုန်း ပြေးကြသည်။ ရုန်းပြေးစရာ ထွက်ပေါက်မှာလည်း တပ်များ ဝိုင်းရံထားသောကြောင့် အရှေ့မျက်နှာတစ်ပေါက်တည်းသာ ရှိခဲ့သည်။ ထိုအရှေ့မျက်နှာတစ်ပေါက်ကိုလည်း တမင်ပင် ဖွင့်ပေးထားခြင်းဖြစ်သည်။ ရန်သူတို့သည် မင်းတရားတပ် ဖွင့်ထားသော အရှေ့မျက်နှာလမ်းကြောင်းမှ ထွက်ပြေးကြရာ မင်းတရားတပ်တို့က အလွယ်တကူပင် လိုက်လံ ထိုးခုတ်နိုင်ကြသည်။

အလောင်းမင်းတရားအတွက် သန်လျင်မြို့အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရန်သာ ကျန်ရှိတော့သည်။

သန်လျင်မြို့ အနောက်စစ်မျက်နှာ၊ မြောက်စစ်မျက်နှာများ၌ ဟံသာဝတီဘုရင်၏ ညီ ဗညားဒလသည် စစ်သင်္ဘောကြီး ခုနစ်စင်းနှင့် တိုက်လှေကြီးများတွင် အမြောက်များ၊ စိန်ပြောင်းများတင်၍ ခံစစ်အတွက် တပ်စွဲထားသည်။

မင်းတရား၏ တိုက်လှေ ၁၀၀ ကျော်တို့သည် သန်လျင်ဘက်သို့ကူးခဲ့ကြပြီးနောက် ရန်သူ့ရေတပ်ပတ်လည်ရှိ ရေခလုတ် တိုင်တိုတိုင်ရှည်များကို နုတ်လျက် သင်္ဘောကျောက်ကြိုးများမှ အတင်းတွယ်တက်ခဲ့ကြသည်။ သင်္ဘောပေါ်၌ ရှိနေကြသည့်ပြင်သစ်လူမျိုး၊ အင်္ဂလိပ်လူမျိုးများအပါအဝင် ရန်သူတို့က မင်းတရား၏ စစ်လှေများအား အမြောက်များဖြင့် ပစ်ခတ်ကြရာ ရဲမက်တို့ကျဆုံးခဲ့ကြရသည်။ ထို့ကြောင့် မင်းတရား မင်းတရား စစ်သည်တို့ သင်္ဘောကြီးများအနားမကပ်နိုင်ဘဲ ဆုတ်ခွာကြသည်။ ကြည်းတပ်မှလည်း အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း ရန်သူတို့၏ ခံစစ်မှာ လုံလှသဖြင့် မထိုးဖောက်နိုင်ဘဲရှိသည်။

ထိုအတွင်းရန်ကုန်မြို့၌ မင်းတရားရေတပ်က သင်္ဘောကြီးတစ်စင်းကို ရေသို့ချနိုင်ခဲ့သည်။ ယင်းသင်္ဘော ကြီး၏ အမည်မှာ ''ရေနန်းစကြာ မဟာသင်္ဘောကြီး''ဖြစ်သည်။ ထိုသင်္ဘောကို မင်းလှမင်းခေါင်အား သန်လျင်၏ သင်္ဘောများမှ အ

မြောက်ကြီးများဖြင့် ပစ်ခတ်ရာ မင်းတရားလှေများနှင့်လှေတပ်ကို ပျက်အောင် တိုက်ဖျက်ရမည်။ ငါကိုယ်တော်တိုင် သန်လျက်စွန်းမှကြည့်တော်မူမည်ဟု မိန့်တော် မူသည်။

ရေနန်းစကြာ မဟာသင်္ဘောကြီးသည် ၁၁၁၈ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်တွင် ချီထွက်ခဲ့ရာ သင်္ဘောခုနစ်စင်းနှင့်လှေသမ္ဗန်များအား ပင်လယ်ဝသို့ ထွက် ပြေးကြမည်ပြုခိုက် တွေ့ရှိသဖြင့် တိုက်ပွဲဖြစ်သည်။ ရန်သူစစ်သင်္ဘောများမှ အ မြောက်ကြီးများဖြင့် ပစ်ခတ်ရာ မင်းတရားလှေများနှင့်သင်္ဘောတော်ကြီးများ မ ချဉ်းမကပ်နိုင် ဖြစ်ရသည်။

ယင်းအခြေအနေတွင် မင်းလှမင်းခေါင်သည် သင်္ဘောပေါ်မှဆင်း၍လှေ ပေါ်သို့ကူးပြီး ကျည်ဆန်များ တဖွဲဖွဲကျနေသည့်ကြားမှ သင်္ဘောများဆီသို့ လှေဖြင့် ကူးသွားသည်။ သင်္ဘောများအနီးသို့ ချဉ်းကပ်မိလျှင် မင်းလှမင်းခေါင် ဦးဆောင် သည့် သူရဲကောင်းတို့သည် ကျောက်ကြိုးများကို ဆွဲ၍ သင်္ဘောပေါ် တက်ကြသည်။ ရန်သူတို့က သင်္ဘောပေါ်မှ နည်းမျိုးစုံဖြင့် ဆီးကြိုတိုက်ခိုက်ကြသည်ကို အရေး မထားကြပေ။

ထိုစဉ် သင်္ဘောတော်ကြီးမှာ ရန်သူသင်္ဘောများနှင့်ယှဉ်၍ ရပ်မိသည်။ မင်းတရား စစ်သည်တို့သည် သင်္ဘောချင်း ကပ်မိသည်နှင့် ခုန်ကူးကြပြီး ရန်သူတို့ အား တစ်ဟုန်ထိုး တိုက်ခိုက်ကြသည်။ ရန်သူတို့မှာ မခုခံနိုင်ကြတော့သဖြင့် ရေ ထဲသို့ ခုန်ဆင်းထွက်ပြေးသွားကြသည်။ ရန်သူတို့၏ သင်္ဘော ခုနစ်စင်းစလုံးကို ရရှိ လိုက်သည်။ ထို့အပြင် အမြောက်ကြီး ၈၀ ကျော်၊ အမြောက်ငယ် ၁၀၀ ကျော်၊ စိန်ပြောင်း ၁၀၀ ကျော်၊ သေနတ် ၁၀၀၀ ကျော်နှင့် ရွှေငွေများကိုလည်း ရရှိလိုက် သည်။

အောင်ပွဲသတင်းကို ကြားရသောအခါ အလောင်းမင်းတရားက ရန်သူ့ ရေတပ် ပျက်လေပြီ။ ကြည်းတပ်နှင့်ရေတပ်ဝိုင်း၍ သန်လျင်ကို ညှပ်ပြီး တိုက်ကြ ဟု အမိန့်တော် ရှိပြန်သည်။

သေနတ်ဝန်လည်း ရက်မဆိုင်းဘဲ နောက်တစ်နေ့တွင်ပင် သန်လျင်ကို တိုက်ခိုက်သည်။ သို့သော် ဗညားဒလသည် သန်လျင်မြို့ပတ်လည်ရှိ ကျုံးကို အကျ အန ပြင်ဆင်ထားသဖြင့် ရဲမက်တို့ကျုံးကို မကူးနိုင်ခဲ့ကြ။ မြို့တွင်းသို့ ချဉ်းကပ် ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ကြ။

သန်လျင်ကျုံး ကူးရန် အခြေအနေကို သေနတ်ဝန်သည် မြင်းနှင့်လိုက်၍ ကြည့်ရှုရာ ဝက်သားတံခါးနားသို့ ရောက်လျှင် စိန်ပြောင်းမှန်၍ ဒဏ်ရာရသည်။ ယင်းဒဏ်ရာဖြင့်ပင် သေနတ်ဝန် ကျဆုံးရသည်။

သေနတ်ဝန် ဆုံးရှုံးရသော်လည်း သန်လျင်မြို့ တိုက်ခိုက်ရေးကိုမူ အလောင်းမင်းတရားက အားမလျှော့၊ သန်လျင်မြို့ရရန် မည်သို့စီမံရမည်ကို အကြံထုတ်လျက်ရှိနေခဲ့သည်။ အလောင်းမင်းတရား၏ အစီအစဉ်အတိုင်း မကြာမီရက်အတွင်း ထူးချွန်သော အသွင်အပြင်ရှိသည့် မင်းတရား၏ စစ်သားအချို့သည် ရန်ကုန် တနန်းတော် လျောင်းတော်ဦးတွင် စားကောင်းသောက်ဖွယ်များကို စားသောက်၍ ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်ကို တွေ့ကြရသည်။ သစ်လွင်သောအဝတ်အစားများဖြင့် ရှိနေသော ထိုလူတစ်စု၏ အရေအတွက်မှာ မများလှ။ ၉၃ ဦးသာရှိသည်။ ၎င်းတို့မှာ သန်လျင်ကို သိမ်းပေးရန် အထူးရွေးချယ်ထားသော သတ္တိခဲများဖြစ်ကြသည်။

မင်းတရား၏ ကျွေးမွေးပြုစုခြင်းကို ငါးရက်ခန့် ခံစားပြီးသည့်နောက် ရဲမက်တစ်စုသည် သန်လျင်ဆီသို့ ချီထွက်လာခဲ့ကြသည်။ မှောင်စပြုသောအချိန်တွင် သန်လျင်ဘက်ကမ်းသို့ ရောက်ကြသည်။

"ခဏဆိုင်းကြဦး သိပ်မမှောင်သေးဘူး။ မှောင်မဲတဲ့အချိန်မှာ သတ္တိခဲကိုးကျိပ်သုံးယောက်က မြို့ရိုးပေါ် တက်ပြီး မြို့တံခါးကို အတင်းဖွင့်ပေးလိမ့်မယ်၊ အဲဒီအချိန်ကို ငါတို့ကုန်းတပ်ရေတပ်တွေက အသင့်ပြင်ထားကြ"ဟု ဗိုလ်အသီးသီးတို့က၎င်းတို့၏ တပ်များသို့ တီးတိုးအမိန့်ပေးလျက် ရှိကြသည်။

ရေနွေး ချိပ်ရည်ခံသရေကို သစ်ဆေး သရိုးကိုင်ထားသည့်ဒိုင်းချွန်းအုပ်ဆောင်းထားသောသူရဲကောင်းတို့သည် သန်လျင်မြို့ထိပ်သို့ တဖြည်းဖြည်း တက်လာကြသည်။ ထိုအချိန်တွင် မိုးမှောင်ကျလျက် မိုးလည်း ရွာလျက်ရှိသည်။

မြို့ထိပ်ပေါ်ရှိ အစောင့်စစ်သားတို့သည် လျှပ်စီးလက်ချိန်တွင် မြို့ထိပ်ပေါ် တက်လာသော စစ်သားတို့ကို တွေ့ကြသည်။ သူတို့က အသင့်ပြုလုပ်ထားသော စစ်သားတို့ကို တွေ့ကြသည်။ သူတို့က အသင့်ပြုလုပ်ထားသည့် ပွဲညက်ရည် သလွဲရည် အုတ်ခဲကျောက်ခဲများဖြင့် သွန်လောင်းပစ်ချကြသည်။ ခါတိုင်းဆိုလျှင် မြို့ရိုးပေါ် တက်လာသူတို့မှာ ယင်းသို့ သွန်းလောင်းချလိုက်လျှင် လန်ကျသွားကြစမြဲ ဖြစ်ခဲ့သည်။ ယခုမူ သူတို့က တွဲကပ်နေကြသည်။ အောက်သို့လန်မကျကြ။

သူရဲကောင်းတို့သည် တဖြည်းဖြည်းနှင့် မြို့ထိပ်သို့ ရောက်လာကြသည်။ ရန်သူတို့နှင့် ယှဉ်ပြိုင်ထိုးခုတ်ကြသည်။ အချို့က မြို့တွင်းသို့ ခုန်ဆင်းကာ အဆောက်အအုံများကို မီးရှို့ကြသည်။ ဝက်သားတံခါးကို ဖွင့်သူက ဖွင့်ပေးသည်။ ရန်သူတို့မှာ အခြေအနေကို ရိပ်မိသည်ဖြစ်သည့်အတွက် ဆုတ်ခွာထွက်ပြေးကြသည်။ ဗညားဒလလည်း ကိုယ် လွတ်ရုန်းကာရှမ်းတံခါးမှ မြင်းစီး၍ ထွက်ပြေးသွားသည်။

သန်လျင်မြို့ကို အလောင်းမင်းတရား၏ တပ်များ လုံးဝသိမ်းပိုက်ရရှိကြသည်။

ဝါဆိုလကွယ်နေ့တွင် သန်လျင်မြို့ကို သိမ်းပိုက်ရရှိသောအခါ ကုလားဖြူ ကုလားနက် သံ့ပန်း ၁၀၀၀ ကျော်၊ မြင်း ၁၀၀ ကျော်၊ သေနတ် ၁၅၀၀ ကျော်၊ အမြောက်ကြီး ၅၀ ကျော်၊ ကြေးစင် ၁၀၀၀၀ ကျော်၊ သင်္ဘောကိရိယာတန်ဆာများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ရွှေထည်ငွေထည်အမျိုးမျိုးများကို သိမ်းဆည်းရရှိတော်မူသည်။ ရရှိသောပစ္စည်းများကို သိမ်းယူပြီးနောက် အောင်လံဝင့်လျက် အောင်စည်တီးကာ အလောင်းမင်းတရားက ရန်ကုန်မြို့သို့ပြန်လည် ချီတက်တော်မူသည်မှာ မြစ်လုံး ပွဲတင်ထပ်မျှ ရှိသည်။

ဟံသာဝတီသို့ချီတက်တော်မူခြင်း

ဟံသာဝတီမင်း၏ဗိုလ်မှူးတစ်ဦးဖြစ်ခဲ့သော ဒေါ်စွယ်ယစက်သည် အလောင်းမင်းတရား ဘုန်းကံကို ကြောက်ရွံ့လာသဖြင့် မင်းတရားထံသို့ ဝင်ရောက်၍ အညံ့ခံသည်။ မင်းတရားကလည်း သူ့ကို ကောင်းစွာ ချီးမြှောက်တော်မူသည်။ ၎င်း၏ သားမယား ကျေးကျွန်တို့ကို စိစစ်ပေးသနားတော်မူ၍ ဒေါ်စွယ်တော်စက်အမည်ကိုလည်း ဗညားဒလဟုဘွဲ့ပြောင်းကာ သားတော်သီရိသုဓမ္မရာဇာ လက်သို့ အပ်၍ အမှုတော်ထမ်းစေသည်။

ဟံသာဝတီမင်းစစ်သည်တို့က သူတို့၏မြို့တော်သို့အလောင်းမင်းတရား ချီတက်တိုက်ခိုက်လာတော့မည်ဟု ကြိုတင်၍ တွက်ဆထားသည်။ ယင်းသို့တိုက်ခိုက်လာလျှင် အလောင်းမင်းတရား၏ထိုးစစ်ကို ကောင်းစွာပြန်လည်တွန်းလှန်တိုက်ခိုက်နိုင်ရန်အတွက် လိုအပ်သော စစ်ပြင်ဆင်မှုများကိုလည်း စနစ်တကျဆောင်ရွက်ထားကြသည်။ ကမာပြည်အရပ်တွင် တပ်ပေါင်း၃၀ နှင့်သမက်တော်စောဗြက တပ်ကြီးတပ်ခိုင် တည်၍နေသည်။ ပိုင်ကြုံးဝဠ် ကြည်းတပ် ၁၂ တပ်၊ ရေတပ်မှဖောင်များဖွဲ့၍ အမြောက်ကြီးများ တင်ကာ မတ္တရာဗိုလ်ဘယ်ကျော်ကို အချုပ်ခန့်ပြီး သင့်ရာမှ ခုခံတိုက်ခိုက်ရန် စီစဉ်ထားသည်။

ယင်းသို့ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားသည်ကို အလောင်းမင်းတရားကလည်း ကြိုတင်၍ သိရှိတော်မူခဲ့သည်။ ဟံသာဝတီကို ချီတက် မတိုက်ခိုက်မီ ယင်းတပ်များ ပျက်အောင် ဖျက်နိုင်မှ အရေးလွယ်မည့် အကြောင်းကိုလည်း သိသည်။ ထို့ကြောင့် သီတင်းကျွတ်လဆန်း ၅ ရက်နေ့တွင် ရေကြောင်းမှ သုံးတပ်၊ ကုန်းကြောင်းမှ ရှစ်တပ်ခွဲ၍ အလုံးအရင်းဖြင့် ချီတက်တိုက်ခိုက်စေသည်။ ရေကြောင်းတပ်တွင် မကြာမီကမှ သစ္စာတော်ခံလာသည့် ဗညားဒလ ဘွဲ့ခံထားသည့်ဒေါ်စွယ်ယစက်လည်း လိုက်ပါသည်။

ရန်သူတပ်များကို မင်းတရားတပ်တို့က အောင်မြင်တော်မူခဲ့သည်။ မကြာမီပင် ကမာပြည်တပ်ကို အောင်မြင်ပြီး လှေ၊ လူ၊ လက်နက်တို့ကို ယူဆောင်လာခဲ့သည့်မင်းတရားတပ်အား မင်းတရားကြီးက လွန်စွာ အားရတော်မူ၍ ဆုတော်လာဘ်တော်များ ပေးသနားတော်မူသည်။

ဟံသာဝတီ သိမ်းပိုက်ရန်အတွက် အဟန့်အတားများကို ရှင်းလင်း၍ ပြီးခဲ့လေပြီ။ ဟံသာဝတီမြို့အား ချီတက်တိုက်ခိုက်ရန်သာ ရှိသည်။ စီစဉ်ထားသည့်အတိုင်းပင် မကြာမီရက်အတွင်းအလွန်များပြားလှသော မင်းတရား၏ကြည်းတပ်၊

ရေတပ်တို့သည် ရန်ကုန်မှ ပဲခူးမြို့သို့ ဆန်တက်သွားကြသည်။ ကြည်းတပ်၌ တပ်ပေါင်း ၂၀ ပါဝင်ပြီး မင်းလှမင်းခေါင် ဗိုလ်ချုပ်ပြုလုပ်သည်။ သားတော် မြေဒူးမင်းနှင့်ဒီပဲယင်းမင်းနှစ်ပါးတို့က ရေတပ် ၁၁ တပ်စီကို အုပ်ချုပ်ကာ ရှေ့နောက်လိုက်ပါကြသည်။ ထို့နောက် အလောင်းမင်းတရား၏ တပ်မတွင် ရှေ့နောက် ဝဲ–ယာ တူရူတပ်ပေါင်း ၆၀ ခြံရံ၍ ဆန်တော်မူသည်။

အောင်မြင်ပြီးသော ကမာပြည်တပ်သို့ ရောက်သောအခါ အလောင်းမင်းတရားက ဟံသာဝတီဘုရင်သည် ငါ၏ အလုပ်အကြံကို ခံဝံ့မည်မဟုတ်။ သမီးကညာဆင်ကြီး၊ မြင်းကြီး စသည်တို့ကို ဆက်သလာ၍ သာယာချေငံစွာ ပန်တောင်းရမည် မလွဲဟုဆိုပြီး ကမာပြည်တပ်ကို "ဆက်လာပန်တောင်း"ဟု သမုတ်တော်မူသည်။

မင်းတရားတပ်တို့သည် ကမာပြည်မှ ကြိုက်ပတိုင်ဘက်ဆီသို့ ချီတက်သည်။ ယင်းသို့ချီတက်ရခြင်းမှာ ရန်သူတပ်ပေါင်းများစွာက ကြိုက်ပတိုင်တွင် မင်းတရားတပ်အလာကို စောင့်၍ တိုက်ခိုက်ရန် တပ်ကြီးတည်နေကြောင်း သတင်းရသဖြင့် ဖြစ်သည်။ ရရှိသည့်သတင်းမှာ မှန်ကန်ခဲ့သည်။ ကြိုက်ပတိုင် မရောက်မီပင်ရန်သူတပ်များနှင့်တွေ့သည်။ သို့သော် မင်းတရားတပ် ထိုးစစ်ကိုရန်သူတို့မခံနိုင်သဖြင့် ဆုတ်ပြေးကြသည်။

မည်သို့ပင်ဖြစ်စေ တပ်ပေါင်းရှစ်တပ်နှင့်မြစ်အရှေ့ဘက်၊ အနောက်ဘက်ညှပ်တည်လျက်ရှိသော ကြိုက်ပတိုင်တပ်ကြီးကိုကား မင်းတရားတပ်ကို အကြိမ်ကြိမ် တိုက်ခိုက်သော်လည်း အမြောက်များ၊ စိန်ပြောင်းများ ထူသဖြင့် မအောင်မြင်ဘဲ ရှိခဲ့သည်။ အထူးသဖြင့် ဟံသာဝတီဘုရင်၏ တပ်များသည် မြစ်၏ အရှေ့ဘက်တမ်းတွင် ဇွဲကောင်းကောင်းဖြင့် အပြင်းအထန် ခုခံလျက်ရှိကြသည်။ မင်းတရား စစ်သည်တို့မှာ ရန်သူတို့၏ တပ်ရင်းအနီးသို့ မချဉ်းကပ်နိုင်ဘဲ ရှိခဲ့ကြသည်။ ယင်းတိုက်ပွဲများကို အလောင်းမင်းတရားကိုယ်တိုင်ပင် ကြီးကြပ်ကွပ်ကဲ စီစဉ်တော်မူသည်။

ရန်သူတပ်များအား ထိုးဖောက် ဝင်ရောက်နိုင်ရန်အတွက် အလောင်းမင်းတရားက အစီအစဉ်တစ်ခုကို တီထွင်ကာ အကြံသစ်ဉာဏ်သစ်ဖြင့် ဆောင်ရွက်ပေးပြန်သည်။ ထိုအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ထု–လက်ရှစ်သစ်ခန့်ထူသော ပျဉ်ပြားကြီးများ ကာရံသည့် ခံတပ်လှည်းရထားကြီးများကို တည်လုပ်စေသည်။ ရထားမှာ ပြောင်းသေနတ်ပေါက် ဝဲ–ယာရှေ့မှဖောက်၍ ရထားအတွင်းတွင် စစ်သည်များ လိုက်ပါကြသည်။ ရထားတစ်စီးလျှင် အမြောက်သုံးလက်၊ ရှိန့်မီး ၁၀ ခု၊ ရဲဒင်းပုဆိန် (၁၂)ခု၊ သေနတ် (၂၀)လက်၊ ရထားတွန်းသူ (၅၀)ဦး ပါဝင်

သည်။ ယခုခေတ် သံချပ်ကာ စစ်ရထားမျိုးကဲ့သို့ဖြစ်သည်။

လှည်းရထားကြီးများ ပြီးသောအခါ ရှေ့ကထားလျက် ခြေလျင်တပ် ကိုး တပ် ကိုးတပ်က လှည်းရထားကြီးများ နောက်ကွယ်မှလိုက်ကြသည်။ ရန်သူတို့သည် လှည်းရထားကြီးများကို ထူးဆန်းအံ့သြစွာဖြင့် ကြည့်ရှုနေကြသည်။ ယင်းသို့ကြည့် နေရာမှ မိမိတို့ဆီသို့ လာနေမှန်းသိကြသောအခါ အမြောက်စိန်ပြောင်းများဖြင့် ပစ်ခတ်ကြသည်။ သို့သော် ရထားကြီးများမှာ ရပ်ဆိုင်းခြင်း မရှိ၊ ရှေ့သို့သာ တိုး လျက် လာနေကြောင်း တွေ့ရသည်။ ထိုစဉ် ရထားကြီးများ၏ ရှေ့မျက်နှာအပေါက် များမှ သေနတ်သံများ ထွက်လာပြီး ကျည်ဆန်တို့သည် မြို့ထိပ်၌ လာရောက် ပေါက် ကွဲသည်။

မင်းတရားတပ်သားတို့သည် လှည်းရထား နောက်ကွယ်မှ၍ ရန်သူတပ် ရင်းသို့ ချဉ်းကပ်ကြသည်။ ထို့နောက် တပ်ထိပ်သို့ပြေးတက်ကြပြီး တစ်လုံးတည်း ဝင်ရောက် တိုက်ခိုက်ကြရာ ရန်သူတို့၏ တပ် ပျက်ရသည်။

ဟံသာဝတီမင်း စစ်သည်တို့သည် အဆင့်ဆင့်ဆုတ်ခွာခဲ့ကြပြီး ဈေး ညောင်ပင်တပ်မှာ အင်အားတောင့်တင်းသည်ထက် တောင့်တင်းသွားသည်။ ထို့ ကြောင့်လည်း မင်းတရားတပ်က အကြိမ်ကြိမ် လုပ်ကြံတိုက်ခိုက်ခဲ့ရာ မအောင်မြင် ဖြစ်ရသည်။

ယင်းသို့ မအောင်မြင်ဖြစ်နေသဖြင့် အလောင်းမင်းတရားက အကြမ်း ကိုင်ရန် သန်လျင်တိုက်ပွဲမှ ကျန်ရစ်သော သူရဲကောင်းလက်ရွေးစင် အမာခံ (၇၅) ဦးနှင့် နောက်ထပ်ရွေးချယ်သောသူရဲကောင်း (၂၀၆)ဦး၊ ပေါင်း (၂၈၁)ဦးတို့အား သေနတ်တစ်လက်စီ ပေးတော်မူ၍ ညောင်ပင်တပ်ကို လုပ်ကြံရန် အမိန့်ပေးတော် မူသည်။

မြန်မာ့ သူရဲကောင်း (၂၈၁)ဦးတို့သည် ညောင်ပင်တပ်ကို ဝင်သာရှာမှ ဝင်ရောက်ကြရန် တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ ညအချိန်တွင် အသံမပြုဘဲ သွားရောက်ကြသည်။ မင်းတရားတပ် လေးတပ်မှာလည်း အမာခံ (၂၈၁)ဦး၏ နောက်မှ လိုက်ပါလာကြသည်။ သူရဲကောင်းတို့သည် မြေပြင်၌ ဝပ်ကာ ရန်သူ့တပ် ရင်းသို့ ချဉ်းကပ်သည်။ တပ်ရင်းသို့ရောက်ကြလျှင် လှေကားထောင်၍ တပ်ထိပ်သို့ တက်ကြသည်။ တပ်ထိပ်မှဆီး၍ ထိုးခုတ်သော်လည်း မကြောက်မရွံ့ အနာခံပြီး ကုတ်ကပ်တက်ခဲ့သောကြောင့် မြို့တွင်းသို့ လူ(၁၀၀)ခန့် ဝင်မိသည်။ ယင်းသို့ ဝင်မိ သည်နှင့် "ရွှေဘိုသား"ဟု ညာသံပေးပြီး တပ်စီးတပ်နင်းတို့ကို လိုက်လံထိုးခုတ်ကြ သည်။ အချို့သူရဲကောင်းတို့ကလည်း တပ်တံခါးကို အတင်းဖွင့်ကြသည်။ မကြာမီ တပ်တံခါးပွင့်ပြီး အလောင်းမင်းတရား၏ တပ်များ ဝင်ရောက်လာကြသည်။ မင်း

တရားတပ်များ အောင်ပန်းဆင်နိုင်ကြပြန်သည်။

ယင်းတိုက်ပွဲတွင် သူရဲကောင်း၃၅ဦးမှာ ကျဆုံးခဲ့ရသည်။ ယင်းတိုက်ပွဲပြီးသည်နှင့် အလောင်းမင်းတရားက ပဲခူးမြစ်အရှေ့ဘက်၊ အနောက်ဘက်၊ ပဲခူးမြို့ပတ်လည်တစ်လျှောက် မြို့ရွာများသို့ စစ်သား ၄၀၀ တစ်စု၊ ၅၀၀ တစ်စု လွှတ်၍ သုံ့ပန်းများ ဖမ်းယူစေသည်။

ပဲခူးမြို့သို့သိမ်းပိုက်နိုင်ရေးအတွက် အလောင်းမင်းတရားက အစီအမံများ ချမှတ်ဆောင်ရွက်ပေးတော်မူပြန်သည်။ ပထမဆုံးအစီအမံမှာ ပဲခူးမြို့ကျုံးရေကို ဖောက်လွှတ်စေခြင်းဖြစ်သည်။ မင်းတရား၏ အစီအစဉ်အတိုင်း ကျုံးရေကို ဖောက်လွှတ်လိုက်ရာ ကျုံးရေသည် ချင်းချင်းနီလျက် စီးထွက်ခဲ့သည်။ ထိုအခါ လက်ဝဲသုန္ဒရအမတ်ကြီးက ဟံသာဝတီသုရှင်တကာရွက်ပိလက်ထက် မင်းတရားရွှေထီး လုပ်ကြံတော်မူစဉ်က ယခုကဲ့သို့ပင် မြစ်ရေမှာသွေးကဲ့သို့ စီးခဲ့ပါသည်။ ထို့နောက် ဟံသာဝတီ ပျက်ခဲ့ပါသည်ဟု တင်လျှောက်သည်။ မင်းတရားက "ယခုလည်း ဟံသာဝတီပျက်မည့်နိမိတ်ပင် ဖြစ်သည်။ ငါလုပ်ကြံလျှင် ခံနိုင်ပါမည်လော" ဟုလက်ရှန်းဆန့်တန်းတော်မူကာ ဆိုခဲ့သည်။

တစ်နေ့ အလောင်းမင်းတရား ဗိုလ်ရှုခံတော်မူချိန်တွင် ဟံသာဝတီမင်း ထံမှစေလွှတ်သော ဘုန်းတော်ကြီးများ ဝင်ရောက်လိုပါသည်ဟု လျှောက်ထားသဖြင့်  ဝင်ရောက်လိုပါသည်ဟု လျှောက်ထားသဖြင့် ဝင်ခွင့်ပြုတော်မူသည်။ မင်းတရားက ဘုန်းတော်ကြီးများအား လာရင်းကိစ္စကို လျှောက်ထား မေးတော်မူသည်။ ထိုအခါ ဘုန်းတော်ကြီးများက–

"ရာဇာဓိရာဇ်ဘုရင် အင်းဝကို တိုက်ခိုက်မည်ရှိစဉ်က ဘုန်းတော်ကြီးများ မေတ္တာရပ်ခံ၍ ရာဇာဓိရာဇ်ဘုရင်က အင်းဝမြို့မှ စုန်ဆင်းခဲ့သဖြင့် ဝေနေယျသတ္တဝါများ ချမ်းသာရာ ရခဲ့ကြပါသည်။ မင်းတရားရွှေထီး ရခိုင်ကို တိုက်ခိုက်စဉ်ကလည်း ဘုန်းတော်ကြီးများ မေတ္တာရပ်ခံသဖြင့် ပြန်လည်ကြွတော်မူခဲ့ဖူးပါသည်။ ဒကာတော်လည်း ဘုရားဆုပန်သည်နှင့်အညီ မင်းနှစ်ပါး ခိုက်ရန်ဖြစ်သဖြင့် ပြည်သူအများ ဒုက္ခမပွားပါစေနှင့်တော့လို့ မေတ္တာရပ်ခံလိုခြင်းဖြစ်ပါသည်"ဟု တင်လျှောက်ကြသည်။

ထိုအခါအလောင်းမင်းတရားက "ဘုရင်မင်းခေါင်နှင့်ရာဇာဓိရာဇ်မှာ အရေးတူမျှကြပါသည်။ မင်းတရားရွှေထီးမှာ ရခိုင်မင်း၏ လက်ဆောင်ပဏ္ဏာများကို ခံ၍ ပြန်ခဲ့ခြင်းဖြစ်ပါသည်။ တပည့်တော်အနေဖြင့် ရန်ကုန်မြို့မှနေ၍ တစ်နှစ်ကျော်ကြာအောင် တိုက်ခိုက်နေခဲ့ရာ ဟံသာဝတီမင်းသည် သူ့စစ်တပ်ကို အားကိုး၍ ခုခံခဲ့ပါသည်။ တစ်စုံတစ်ခုသော လက်ဆောင်ပဏ္ဏာ အခွင့်အရာကိုမျှ မပေး

ဆက်ခဲ့ပါ။ သို့ပါ၍ ပဲခူးကို မရသမျှ တပည့်တော် မပြန်ပါ''ဟုပြန်လည်၍ လျှောက်ထားလေသည်။

ဟံသာဝတီမင်းစစ်သည်တို့သည် စစ်ပွဲဟူသမျှ သူတို့ချည်း ရှုံးနိမ့်ခဲ့သဖြင့် လွန်စွာပင် စိတ်ဓာတ်ကျခဲ့ကြသည်။ ယခုအခါ မင်းတရားက ပဲခူးကို လာရောက်တိုက်ခိုက်တော့မည်ဖြစ်ရာ သူတို့အနေဖြင့် ပြေးစရာမရှိလောက်အောင် ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဘုန်းတော်ကြီးများအား မေတ္တာရပ်ခံ၍ အလောင်းမင်းတရားထံ လျှောက်ထား တောင်းပန်စေခဲ့ခြင်း ဖြစ်သည်။ ယခုမူ အလောင်းမင်းတရားက ဘုန်းတော်ကြီးများ၏ လျှောက်ထားချက်ကို ငြင်းပယ်လိုက်သောကြောင့် သူတို့ အနေဖြင့် ရွေးချယ်စရာလမ်း မရှိကြတော့။ တိုက်ခိုက်လာမည့် စစ်သည်တို့အား ရင်ဆိုင်ရန်သာ ရှိတော့သည်။ ထို့ကြောင့် သူတို့က စစ်ပြင်ဆင်ခဲ့ကြသည်။

ပဲခူးမြို့ဆီသို့ ချီတက်လာသော မင်းတရားတပ်များကို လမ်းခရီးမှ ဆီးကြို၍ ချေဖျက်နိုင်ရန် ကြိုးစားကြသည်။ သို့သော် မင်းတရားတပ်တို့သည် တပ်လန်မသွားခဲ့ကြ။ ချီတက်မြဲ ချီတက်နိုင်ကြသည်။ မင်းတရားတပ် ငါးတပ်သည် ပဲခူးမြို့တောင်ဘက် ကျုံးနဖူးတွင် ချဉ်းကပ်ကာ တပ်စွဲ၍ နေနိုင်လာကြသည်။ ယင်းတစ်တပ်လျှင် ဗုံးအမြောက်နှစ်လက်စီ ပါလာသဖြင့် ပဲခူးမြို့အတွင်းသို့ပစ်သွင်းလျက်ရှိရာ မြို့သားတို့ အထိတ်တလန့်ဖြစ်ကုန်ကြသည်။

အလောင်းမင်းတရားသည် စည်တည်းအရပ်တွင် ချရပ်လျက် စစ်ရေးစစ်ရာများကို စီမံတော်မူခဲ့သည်။ ထိုနေရာမှာ ပဲခူးမြို့ကို မြို့တစ်မြို့အဖြစ် တည်သည်။ ယင်းမြို့ကို စေတုဝတီမြို့ဟု သမုတ်တော်မူသည်။

စေတုဝတီတပ်မြို့ တည်ကြောင်းကို ရန်သူတို့သည် ကြားသိကြသည်။ ပဲခူးမြို့၏ အခြေအနေမှာ တဖြည်းဖြည်း စိုးရိမ်စရာပင် ကောင်းသည်ထက်ကောင်းလာသည်။ မြို့သူမြို့သားတို့မှာ နေ့စဉ် ထိတ်ထိတ်လန့်လန့်ရှိနေကြသည်။ သို့သော် ဒလပန်းမှာမူကား စိတ်မလျှော့သေး။ နောက်ဆုံးအကြိမ်ထွက်၍ စွန့်စားသော အနေမျိုးဖြင့် စေတုဝတီမြို့ကို တိုက်ခိုက်ရန် စီမံခဲ့သည်။

ဟံသာဝတီမင်းစစ်သည်တို့သည် စစ်သည် ၅၀၀၀ ကျော်နှင့်ညအချိန်၌ အသံမပြုဘဲ စေတုဝတီမြို့အနီး၌ ချောင်းဝပ်၍နေကြသည်။ ထိုအကြောင်း မင်းတရားစစ်သည်တို့က မသိခဲ့ကြ။ မိုးလင်း၍ တံခါးမှူးများက တံခါးများဖွင့်ကြသောအခါမှ အပြေးဝင်ရောက်လာသော ရန်သူများကို တွေ့ကြရသည်။ အစပထမတွင် မင်းတရားတပ်များ ဖရိုဖရဲဖြစ်ခဲ့ကြသည်။ သို့သော် တဖြည်းဖြည်းနှင့်တပ်ကို ပြန်လည်စုစည်း ကွပ်ကဲပြီး တိုက်ခိုက်ရာ ရန်သူတို့ထွက်ပြေးကြရသည်။ ဒလပန်းမှာ ဝိုင်းဝန်း ဖမ်းဆီးသည့်ကြားမှပင် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ဟံသာဝတီမင်းစစ်သည်တို့သည် မြို့အပြင်ထွက်၍ မတိုက်ဝံ့ကြတော့ဘဲ မြို့အတွင်းမှသာ ခုခံရန်စီစဉ်ခဲ့ကြသည်။

ယင်းသို့သော စစ်အခြေအနေကြောင့် အလောင်းမင်းတရား၏ တပ်များသည် ပဲခူးမြို့ကို တစ်ရစ်ပြီးတစ်ရစ် ဝိုင်းလာကြသည်။ ပဲခူးမှာ မြို့ပြင်တပ်ကြီးနှင့် မြို့တွင်းတပ်ဟူ၍သာ ကွက်ကွက်ကျန်တော့သည်။ ယင်း တပ်နှစ်တပ်တွင် မြို့ပြင်တပ်မှာ အရေးကြီးသည်။ ပဲခူးမြို့၏ အသက်ဖြစ်သည်။ မြို့ပြင်တပ်ပျက်လျှင် မြို့အတွင်းတပ်၏ ခုခံအားမှာ ပြောပလောက်အောင် ရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် အလောင်းမင်းတရားက ပဲခူးမြို့ကို ကာကွယ်စောင့်ရှောက်နေသည့် မြို့ပြင်တပ်အား တိုက်ဖျက်ချေမှုန်းရန် သူရဲကောင်းလက်ရွေးစင်များကို ရွေးချယ်သည်။

ယင်းသို့ရွေးချယ်ရာတွင် ခွန်အားဗလနှင့်အလွန်ပြည့်စုံ၍ သတ္တိလည်း အထူးကောင်းမွန်သည့်သူများကိုသာ အလောင်းမင်းတရားက ရွေးချယ်တော်မူခဲ့ရာ လူ ၁၀၀ လျှင် တစ်ယောက်မျှသာ ရရှိသည်။ စုစုပေါင်း ၆၅၀ ရရှိသည်။ ထိုသူရဲကောင်း ၆၅၀ ကားပဲခူးမြို့ပြင်တပ်ကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကြမည့် သူရဲကောင်းများဖြစ်ကြသည်။

ယင်းသို့သော အခြေအနေတွင် ဟံသာဝတီ၏ အရေးအခင်းများမှာလည်း ရှုပ်ထွေးလျက် ရှိလာသည်။

ပဲခူးမြို့ပြင်တပ်အတွင်းသို့ ထိုးဖောက် ဝင်ရောက်တိုက်ခိုက်ရန် တပ်အသီးသီးသည် နေ့ရက်အချိန်နှင့်တကွ အသင့်ပြင်ဆင်ထားကြရေးအတွက် အလောင်းမင်းတရားက အမိန့်တော်ထုတ်ပြန်သည်။ တောင်ငူကြောင်းသို့ ချီတက်နှင့်စေသော ညီတော်သခ်သူ၏ တပ်များကိုလည်း ထက်ဝက်ခန့်သာ ဆက်လက်ချီတက်စေပြီး ကျန်ထက်ဝက်နှင့်ညီတော်အား ပဲခူးမြို့ မြောက်ဘက်မှဝိုင်းရံပြီး စောင့်နေသည်။

နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့တွင် မင်းတရားတပ်သားတို့သည် အသံမထွက်စေဘဲ ပဲခူးမြို့အပြင်တပ်ရင်းများအနီးသို့ ချဉ်းကပ်လာကြသည်။ ၎င်းတို့ကား လက်ရွေးစင်သူရဲကောင်း ၆၅၀ ဖြစ်သည်။ သူတို့သည် တပ်ရင်းသို့ရောက်သည်နှင့် လှေကားများထောင်၍ တပ်ထိပ်သို့တက်ကြသည်။ ထိုအခါတွင်မှ တပ်စောင့်တို့လည်း သိရှိ၍ ခုခံကြသည်။ သို့ရာတွင် သူရဲကောင်းတို့သည်အထိအခိုက်အကျအဆုံးခံ၍ တပ်ထိပ်ရောက်ရန်သာ ဇွတ်အတင်းတက်ကြသည်။ သို့ဖြင့် အပြင်တပ်အတွင်းသို့ သူရဲကောင်းအချို့ဝင်ရောက်မိကြသည်။ ဝင်လာသူတို့အား ရန်သူတို့က ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သူရဲကောင်းတို့သည် ရန်သူတို့ကို ခုခံတိုက်ခိုက်ရင်း အိုးအိမ်အဆောက်အအုံများကိုလည်း မီးရှို့ကြသည်။

အပြင်တပ် တပ်ပေါက်သည်ကို မြင်လျှင် အသင့်ရှိနေသည့်မင်းတရား၏ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များက အတင်းဝင်ရောက်တိုက်ခိုက်ကြသည်။ ရန်သူတို့မှာ အလုံးအရင်းဖြင့် တိုက်ခိုက်လာသော မင်းတရားတပ်များကို ခုခံနိုင်စွမ်း အား မရှိခဲ့ကြ။ နောက်ဆုတ် ထွက်ပြေးပြီး ပဲခူးမြို့တွင်းသို့ ဆုတ်ခွာကြသည်။ သို့ဖြင့် မြို့၏ အပြင်တပ်ကို အလောင်းမင်းတရားက သိမ်းပိုက်ရရှိတော့သည်။

ဟံသာဝတီမင်း စစ်သည်တို့ အားထားရာမြို့ပြင်တပ်ကြီးမင်းတရားတပ်တို့လက်သို့ ကျရောက်ခြင်းမှာ ဟံသာဝတီထီးနန်း ဆုံးရှုံးခြင်းနှင့် မခြားတော့ကြောင်း၊ တီသာဝတီ၏ ညာလက်ရုံးဖြစ်သော စစ်ဗိုလ်ချုပ်ကြီး ဒလပန်းက လက်ခံခဲ့သည်။ မင်းတရား၏ သူရဲကောင်းတို့အား ဘယ်နည်းနှင့်မျှ နိုင်နင်းအောင်တိုက်ခိုက်နိုင်မည့်အခြေအနေ မရှိကြောင်းကိုလည်း ဒလပန်းက သိရှိလာခဲ့သည်။ ထို့ကြောင့် သူက ပရိယာယ်သုံးပြီး မင်းတရားတပ်တို့ကို ထွက်၍တိုက်ပါရစေဦးဟု ဟံသာဝတီမင်းထံ ခွင့်တောင်းပြီး မြင်း ၅၀၀၊ လူ ၅၀၀၀ တို့ကို ရွေးချယ်၍ ညအချိန်တွင် ထွက်ခဲ့သည်။ အင်းဝတံခါးသို့ရောက်လျှင် တံခါးမှူးက တံခါးကို ရုတ်ချည်းဖွင့်မပေးသဖြင့် တံခါမှူးကို သတ်ပြီး ပဲခူးမြို့ပြင်သို့ ထွက်လာခဲ့သည်။

ယင်းသို့ ညအချိန်မတော် ထွက်လာသော ဒလပန်းသည်စစ်တိုက်မည့် အသွင်အပြင်ကိုမပြဘဲ တစ်နေရာသို့သွားရောက်မည့်ပုံသဏ္ဌာန်ရှိနေသဖြင့် မင်းတရားတပ်များက ၎င်းအား အနှောင့်အယှက်မပြုဘဲ ကြည့်၍သာနေခဲ့သည်။ ဒလပန်းလည်း မည်သူ့ကိုမျှ အနှောင့်အယှက်မပြုဘဲ ချီထွက်သွားခဲ့ရာ မင်းတရားတပ်များနှင့်ဝေးသည်ထက် ဝေးပြီး နောက်ဆုံး ညအမှောင်ထဲ၌ ပျောက်ကွယ်သွားခဲ့သည်။

အပြင်တပ်ကို သိမ်းပိုက်ပြီးသည့်နောက် ပဲခူးမြို့အတွင်းတပ်ကို သိမ်းပိုက်ရန်သာ အလောင်းမင်းတရားအနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိသည်။ ထို့ကြောင့် မြန်မာ့စစ်တပ်ကို ပဲခူးမြို့အား အထပ်ထပ် ဝိုင်းရံထားစေခဲ့သည်။ ထို့အပြင် အမြောက်များ၊ စိန်ပြောင်းများဖြင့် မြို့ပြင်မှမြို့တွင်းသို့ ပစ်ခတ်စေခဲ့သည်။

ယင်းသို့အခြေအနေတင်းမာလျက်ရှိသဖြင့် ဟံသာဝတီဘုရင်သည် မှူးမတ်များနှင့်တိုင်ပင်သည်။ စစ်ဗိုလ်ချုပ်ဒလပန်းမှာလည်း ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းတို့ကို ယူပြီး ပဲခူးကို စွန့်ခွာ၍ စစ်တောင်းသို့ ထွက်သွားပြီးဖြစ်သဖြင့် စစ်အင်အား လျော့ပါးလျက်ရှိသည်။ မြို့သူမြို့သားတို့မှာလည်း လွန်စွာပင် စိတ်ဓာတ်ကျလျက်ရှိကြသည်။ ထိုအခြေအနေမျိုးတွင် ရဟန်းရှင်လူပြည်သူအပေါင်းတို့ ချမ်းသာမှုအကြောင်းကို ထောက်မျှော်၍ သမီးတော် တစ်ပင်တိုင်နန်းရှင်ကို အလောင်းမင်းတရားအား ဆက်သကာ ပြည်သူပြည်သား အကျိုးစီးပွားရှာ

တော်မူသင့်ကြောင်း မှူးမတ်များက အကြံပြုလျှောက်ထားကြ သည်။

ဟံသာဝတီမင်းက မှူးမတ်များ၏ လျှောက်ထားချက်ကို သဘောတူညီသည်။ အလောင်းမင်းတရားထံသို့လည်း တမန်တော်များစေလွှတ်၍ သမီးတော်ဆက်သပါမည့်အကြောင်း တင်လျှောက်စေသည်။

အလောင်းမင်းတရားက လက်ခံတော်မူသဖြင့် ၁၁၁၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်နေ့၌ ဟံသာဝတီမင်း၏ သမီးတော်ကို အလောင်းမင်းတရားက ဆက်သခံတော်မူခဲ့သည်။

ပြာသိုလဆန်း ၆ ရက်နေ့၌ ဟံသာဝတီဘုရင်၏ ဆင်တော်များကို အလောင်းမင်းတရားအား ဆက်သလာကြသည်။ ပြာသိုလဆန်း ၇ ရက်နေ့၌ ဥပရာဇာဗညားဒလ၊ စောဗြ၊ ဈေးငယ်ဗိုလ်တို့သည် လက်ဆောင်ပဏ္ဏာများ ယူဆောင်ကာလာရောက်ဆက်သကြသည်။ ဈေးငယ်ဗိုလ်မှအပ အခြားသုံးဦးအား လက်ဆောင်များ သိမ်းယူပြီးလျှင် ပြန်လည်စေလွှတ်သည်။ ဈေးငယ်ဗိုလ်မှာမူ အလောင်းမင်းတရားထံတွင် အမှုတော်ထမ်းပါရစေဟု အလျှောက်ထားသဖြင့် မပြတ်ခစားစေဟု အမိန့်တော်ချသည်။

ပြာသိုလဆန်း၇ရက်နေ့တွင် အင်းဝမင်း၏ သမီးတော်မင်းခဲပေါင်း၊ မင်းမြတ်စွာ၊ မင်းရွှေကြာ၊ မင်းရွှေပွင့်၊ မင်းမင်္ဂလာ၊ မင်းပုလီ၊ သားတော် ထောင်သင်းမင်းနှင့်တောင်နန်းမိဖုရားကြီးမဟာနန္ဒာဓိပတိဒေဝီကလည်း စော်ဘွားသမီး မဟာဒေဝီတို့ကို ပို့ဆက်လာစေသည်။ အလောင်းမင်းတရားလည်း အင်းဝမင်း၏ သမီးတော်များအနက် မင်းခဲပေါင်းကို သားတော် အိမ်ရှေ့မင်းနှင့်စုံဖက်၍ မင်းရွှေပွင့်ကို သားတော်မြေဒူးမင်းနှင့် စုံဖက်ပေးသနားတော်မူသည်။

## ဟံသာဝတီကို အပြီးတိုင် ချေမှုန်းခြင်း

ဟံသာဝတီမင်းက သမီးတော် ဆက်၍ အညံ့ခံသဖြင့် အေးချမ်းမည်ဟု အ များအပြားကပင် အထင်ရှိခဲ့ကြသည်။ သို့သော် အထက်လူကြီးများက "သတိမ လစ်ကြနှင့်၊ အသင့်ပြင်ဆင်ကြသည်။ ဖောင်များ၊ လှေတက်များသိမ်းကြ"ဟု တပ် အသီးသီးသို့ အမိန့်တော်များ ထုတ်ပြန်လျက်ရှိကြရာ ကြားရသူတို့ အံ့အားသင့် ကြသည်။

အလောင်းမင်းတရားအနေဖြင့် ဟံသာဝတီမင်းက အညံ့ခံသော်လည်း ယုံကြည်ဖွယ်မရှိသေးသဖြင့် ပဲခူးမြို့အတွင်းမှ မထွက်သာအောင် ဆူးတပ်ကြီးများ ရံလျက် ဆူးတပ်အပြင် အနောက်တောင်ထောင့် ကမ်းနားက တပ်စဉ်အတိုင်း ဝိုင်းရံထားစေခဲ့သည်။ အလောင်းမင်းတရား သံသယရှိသည့်အတိုင်း ဟံသာဝတီ မင်း၏ စစ်သည် ၅၀၀၀ ကျော်တို့က အခွင့်အရေးရလျှင် မြို့ပြင်တပ်များကို ထွက် ၍ တိုက်ခိုက်ကြသည်။ သို့သော် မအောင်မြင်ဘဲအသေအကျေများသဖြင့် ဆုတ် ပြေးကြရသည်။

အလောင်းမင်းတရားသည် ဗုံးအမြောက်နှစ်လက်ကို သွန်းလုပ်စေလျက် ညနေတိုင်း ပဲခူးမြို့အတွင်းသို့ အမြောက်ကျည်ဆန် ၁၀ လုံးစီ ပစ်သွင်းစေသည်။ ပဲခူးမြို့တွင်း အခြေအနေကိုလည်း မပြတ် ကြည့်ရှု အကဲခတ်ရာ၌ အလောင်းမင်း တရား ကိုယ်တော်တိုင် မြို့ထိပ်သို့ တက်ရောက် ကြည့်ရှုတော်မူသည်။ နှစ်ဖက်တပ် ထိပ်မှ အမြောက်ကြီးများ အပြန်အလှန် ပစ်ခတ်လျက်ရှိကြရာ အလောင်းမင်းတ ရားက ရန်ပုံခွင်း အမြောက်ကို လက်ညှိုးညွှန်ကာ ရန်သူအမြောက်ကြီးများဆီသို့ ပစ်ခတ်စေသည်။

အလောင်းမင်းတရားက ဗိုလ်မှူး၊ တပ်မှူးတို့အား ဟံသာဝတီမြို့ကို အ ချိန်ကြာကြာ တိုက်နေလျှင် မြို့သူမြို့သားများ ဝတ်မွတ်၍ ဒုက္ခရောက်ကြလိမ့်မည်။ မြို့သူမြို့သားများ ဒုက္ခမရောက်စေနှင့်။ ပဲခူးမြို့ကို အလျင်အမြန် တိုက်ခိုက်သိမ်း ပိုက်ရမည်ဟု အမိန့်တော် ချမှတ်သည်။

သန်လျင် သိမ်းပိုက်စဉ်ကကဲ့သို့ပင် သူရဲကောင်း ၁၃၈ ဦးကို ရွေးချယ်ပြီး ကဆုန်လပြည့်ကျော် ၄ ရက်နေ့ည လမထွက်မီ ပဲခူးမြို့တွင်း တပ်ရင်းသို့ ချဉ်းကပ် ကြသည်။ သူရဲကောင်းတို့သည် ယခင်တိုက်ပွဲများကဲ့သို့ပင် ပဲခူးမြို့ထိပ်သို့လှေကား ထောင်တက်၍ တွေ့မြင်သမျှကို ထိုးခုတ်ပစ်ခတ် တိုက်ခိုက်ကြသည်။ ဟံသာဝတီ

ဘုရင်၏ တပ်များမှာ မင်းတရားတပ်များကို ကြောက်ရွံ့နေကြပြီး ဖြစ်သဖြင့် တပ်ထိပ်မှဆင်း၍ ထွက်ပြေးကြသည်။ သူရဲကောင်းတို့လည်း အိမ်များကို တိုက်သူတိုက် ဖြင့်ရှိကြရာ ကျန်တပ်များ မြို့တွင်းသို့ အလုံးအရင်းဖြင့် ဝင်လာခဲ့ကြသည်။ ပဲခူးမြို့အလုံးကို အလောင်းမင်းတရား၏ တပ်များ သိမ်းပိုက်ရရှိခဲ့ပြန်သည်။

ဟံသာဝတီဘုရင်လည်း မြို့မြောက်ဘက်တံခါးမှ မြင်းဖြင့် ထွက်ပြေးမည်ကြံရာ မင်းတရား၏ ရဲမက်တို့ ထူထပ်သောကြောင့် ထွက်မပြေးသာဘဲ နန်းတော်တွင် နေမြဲ ပြန်၍နေခဲ့သည်။ ရဲမတ်တို့က နန်းမြို့တံခါးကိုပိတ်၍ မင်းနှင့်တကွ သဏ္ဍာများကို မယိုယွင်းရအောင် စောင့်ကြပ်ထားကြသည်။

စစ်ဗိုလ်အချို့နှင့်မှူးမတ်များ ပါဝင်သည့် ၃၇ ယောက်တို့က အလောင်းမင်းတရားထံ လက်နက်ချ၍ ပြေးဝင်လာကြရာ မင်းတရားက မစိုးရိမ်နှင့် မောင်မင်းတို့၊ အသက်စည်းစိမ်ကို ချမ်းသာပေးတော်မူသည်ဟုမိန့်တော်မူသည်။ ထို့နောက် မြို့တွင်း၌ လက်လွန်မိသည်တို့ကိုသာ လွန်စေ။ နောက်ထပ် မသတ်ရ၊ မညှဉ်းပန်းရဟု မောင်းကြေး နင်းခတ်ကာ တားမြစ်တော်မူသည်။

အလောင်းမင်းတရားသည် စေတုဝတီမြို့ အောင်ခင်တံခါးမှ ဆင်မြင်းဗိုလ်ပါ မြောက်မြားစွာ အထပ်ထပ် ခင်းကျင်းလျက် သဘော်သား ကုလားဖြူ ၅၀၀ ပါဝင်သည့် အမြောက်တပ်ကို ရှေ့တော်မှ ဝဲ–ယာရံစေပြီး ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် ထွက်တော်မူကြီး ထွက်တော်မူသည်။ သုံးသိန်းကျော်မျှသော စစ်သည်တော်များနှင့်တကွ ပဲခူးမြို့ မိုးညှင်းတံခါးသို့ရောက်တော်မူသည်။ သံတော်ခံ မင်းငယ် ရွှေတောင်က ပဲခူးမြို့သိမ်းမည့်အကြောင်းနှင့် မိုးညှင်းတံခါးတွင် နတ်များ စောင့်မရမည်ဟု အမိန့်တော်ပြန်သည်။

ပဲခူးနန်းမြို့ ရှေ့တံခါးသို့ရောက်လျှင် နောက်ထပ်အမိန့်တော်ပြန်ပြီး သေနတ်အလက် ၁၀၀၀၀ ကျော်တို့ တစ်ပြိုင်နက် ပစ်ဖောက်သည်။ မြန်မာအမှုထမ်းတို့လည်း ကြိုတင်အမိန့်ပေးထားသည့်အတိုင်း နန်းတော်ပေါ်ရှိ ထီးနန်းဖြူကို လှဲကြ၍ အချို့က ပဟိုရ်စည်ကို ချကာ ဖောက်ပစ်ကြသည်။

အလောင်းမင်းတရားသည် တည်ကြည်သော ဣန္ဒြေတော်ဖြင့် ပဲခူးနန်းတော်သို့ တက်ရောက် သိမ်းတော်မူသည်။

ဟံသာဝတီဘုရင်၏ ညီ ဗညားဒလနှင့်သမက်စောဖြ၊ ဗိုလ်ဘယ်ကျော်တို့သည် တိုက်ပွဲများဖြစ်စဉ် ထွက်ပြေးခဲ့ကြရာမှ စောဖြအား တောင်ငူရှိ မင်းတရားတပ်က ဖမ်းဆီး ပို့ဆက်လာသဖြင့် ကွပ်မျက်တော်မူသည်။ ဗညားဒလကား ကော့ကွန်းတွင်ရှိသော ဒလပန်းဆီသို့ရောက်လျှင် ဒလပန်းက သတ်ပစ်သည်။ ဗိုလ်ဘယ်ကျော်မှာ ပဲခူးမြို့တိုက်စဉ်က သေနတ်မှန်၍ ယင်းဒဏ်ရာဖြင့်ပင် သေဆုံးသည်။

ဟံသာဝတီမြို့ကို အလောင်းမင်းတရား သိမ်းယူပြီးပြီဟူသော သတင်းမှာ ပျံ့နှံ့နေသဖြင့် စော်ဘွားကြီးများနှင့်မြို့စားတို့သည် လက်ဆောင်ပဏ္ဏာများဖြင့် ကျွန်တော်ခံခဲ့ကြသည်။ အလောင်းမင်းတရားသည် နောင်အခါ သူပုန် မထနိုင်ရန် ပဲခူးမြို့တွင်းမြို့ပြင်ကို ဖျက်ဆီးစေသည်။ လူပေါင်းမြောက်မြားစွာကို ဘွဲ့အမည်သစ်များ ပေးသနားတော်မူသည်။

အလောင်းမင်းတရားသည် နှစ်လခန့်စံတော်မူလျက် ပုသိမ်၊ မုတ္တမမြို့များကို သိမ်းယူတော်မူသည်။ မုတ္တမတွင် ဗညားဒလ၊ ဒေါစွယ်ယစက်တို့အား အစောင့်အဖြစ် ထားရှိ၍ ပဲခူးမြို့ကို အကုန်အစင် ထပ်မံဖျက်ဆီးတော်မူသည်။

အလောင်းမင်းတရားသည် ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ဟံသာဝတီမှ ရန်ကုန်သို့ စုန်တော်မူသည်။ ရန်ကုန်မြို့တွင် စီစဉ်ရန်ရှိသဖြင့် ၁၀ ရက်ခန့် နားနေတော်မူသည်။ ယင်း ၁၀ ရက်အတွင်း ရွှေတိဂုံစေတီတော်တွင် ရွှာအပြည့်မွမ်းမံခြင်း၊ လက်သမား ၃၀၀ ခန့်ထား၍ ဇရပ်ကြီးများ ဆောက်လုပ်ဆောင်လုပ်စေခြင်း၊ အမှုထမ်းအချို့ကို ဘွဲ့အမည်များ ပေးသနားတော်မူခြင်း စသည်တို့ကိုဆောင်ရွက်သည်။ ထို့နောက် မင်းကျော်စည်သူအား နေမျိုးအနော်ရထာဟူသော ဘွဲ့သစ်ပေးသနားတော်မူ၍ ရန်ကုန်မြို့ဝန်ခန့်ပြီး လက်နက်ကိုင် ၃၀၀၀၊ သေနတ် ၅၀၀၊ အမြောက်ကြီး ၇၀ နှင့်အတူ ရန်ကုန်၌ ထားတော်မူခဲ့ပြီး အညာသို့ ဆန်တက်တော်မူသည်။

၁၁၁၉ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၀ ရက်နေ့တွင် အလောင်းမင်းတရားသည် ရတနာသိင်္ခမင်းနေပြည်တော်သို့ပြန်လည်ရောက်ရှိတော်မူသည်။

## မဏိပူရသို့ ချီတက်တော်မူခြင်း

ရတနာသိင်္ခ မင်းနေပြည်တွင် ငြိမ်းချမ်းစွာ နေထိုင်ပြီး တိုင်းရေး ပြည်ရေးကို စီမံအုပ်ချုပ်နေတော်မူသည့် အလောင်းမင်းတရားမှာ မဏိပူရသို့ ချီတက်ရန် အကြောင်း နှစ်သစ်ကူးတွင် ပေါ်ပေါက်လာခဲ့သည်။ ယင်းသို့ ပေါ်ပေါက်ရခြင်းမှာ မဏိပူရနန်းတွင်းအရှုပ်တော်ပုံကြောင့် ဖြစ်သည်။

ဟံသာဝတီရောက် မင်းတရားလက်ထက်က မဏိပူရစော်ဘွား 'ဟုံ' ဆိုသူက သူ့ညီအလတ် ဝရင်္ဂမွ၏ သမီးကို ဆက်သခဲ့သည်။ ဟံသာဝတီရောက် မင်းတရားလည်း စော်ဘွားတူမအား မဟာဒေဝီအမည်ဖြင့် မိဖုရားအရာထားပြီး မဟာဒေဝီ၏ မောင် ခူရာလတ်ပကို မင်းရဲစည်သူအမည်ဖြင့် သူကောင်းပြုခဲ့သည်။

ယင်းသို့ သမီးတော်ကို ဆက်သခြင်းအပေါ် မကျေနပ်သူတို့က မကျေမနပ် ဖြစ်ခဲ့ကြသည်။ စော်ဘွားဟုံ၊ အင်းဝမှအပြန်တွင် သူ့သားက သမီးဆက်သရမလားဟု ဆိုကာ ဖခင်ကို သတ်ဖြတ်ခဲ့သည်။ ယင်းသို့ ဖခင်အား သတ်သည်ကို ၎င်း၏ ညီကအဖသတ်မင်းဟုဆိုကာ နန်းမှချပြီး မင်းပြုခဲ့သည်။ ယင်းသို့မင်းပြုသော ခူရာလတ်ပကို ညီတော်သူ ဇင်းကွဲတာပံက နန်းချပြီး မင်းပြုခဲ့ပြန်သည်။

ကသည်းဘုရင်၏ မင်းဆွေမင်းမျိုး ဇာတ်ရှုပ်မှာ ထိုမျှနှင့် မပြီးဆုံးခဲ့။ ဇင်းကွဲတာပံကိုလည်း မင်းရဲစည်သူဘွဲ့ခံ ခူရာလတ်ပ၏ သား ဂေါရသျှံက နန်းချပြီး မင်းပြုခဲ့ပြန်သည်။ ထိုအခါတွင် ဇင်းကွဲတာပံမှာ အလောင်းမင်းတရားထံ ခြေဖဝါးတော်အောက်ရောက်လာပြီး အကျိုးအကြောင်း သံတော်ဦးတင်ခဲ့သည်။ ထိုအခါ မင်းတရားက 'ကောင်းပြီ၊ မောင်မင်းကို ငါမစပြီး နန်းတင်ပေးမည်' ဟုမိန့်တော်မူသည်။ သို့သော် ဇင်းကွဲတာပံမှာ ကသည်းသို့ပြန်မသွားနိုင်ခဲ့။ ရတနာသိင်္ခတွင်ပင် ဖျားနာပြီး ကွယ်လွန်ရှာခဲ့သည်။ ထိုအခါ အလောင်းမင်းတရားက မကျေမချမ်းတော်ဖြစ်ပြီး မဏိပူရသို့ ချီတက်တိုက်ခိုက်ရန် အမိန့်တော် ချမှတ်ခဲ့သည်။

ကသည်းသို့ ချီတော်မူသည့် တပ်မတော်သည် မြစ်ဆုံမှ ချင်းတွင်းမြစ်တစ်လျှောက် ဆန်တော်မူသည်။ အနိမ့်၊ သစ်ဆိမ့်၊ မုံရွာ အရပ်ဒေသများတွင် တစ်ညအိပ်စီ စခန်းချတော်မူသည်။ နောက်တစ်နေ့ ဝန်လိုရွာကို ဝန်ပိုရွာဟု သမုတ်တော်မူသည်။ ကြည်းတပ်မှ ချီတက်လာသော တပ်များသည် ဝန်ပိုရွာတွင် တက်မ

ကြီးနှင့် စခန်းချတော်မူခဲ့သည်။ ဝန်လိုရွာကို ဝန်ပိုရွာဟုသမုတ်တော်မူသည်။ ကြည်း တပ်မှ ချီတက်လာသောတပ်များသည် ဝန်ပိုတွင် တပ်မကြီးနှင့်ပေါင်းမိသည်။ ထို့ ကြောင့် ကြည်းတပ်၊ ရေတပ် ချီတက်တော်မူပြန်ရာ ကန္နီ၊ ဘုန်မဇင်း၊ ပင်းတင်း၊ မင်းခင်း၊ မအူမထွက်၊ မြေသာ၊ သို့တန့်ချောင်း၊ မော်လူးအရောက် ကိုးညအိပ် ဆန်တော်မူခဲ့ရသည်။ မော်လူးမြို့ကို လတ်ကျွန်းအောင်မြေဟု သမုတ်တော်မူ သည်။ လတ်ကျွန်းအောင်မြေ၌ တပ်ကြီးတည်ပြီး ရေတပ်ကို ကြည်းတပ်ဖွဲ့တော်မူ ၍ မြစ်အနောက်ဘက်သို့ ကူးတော်မူသည်။ ထိုမှတစ်ဆင့် ကျိန်းနှောချောင်းသို့ ရောက်ပြီး ကသည်းပြည်သို့ ချီတော်မူသည်။

ရှေ့မှ ချီသွားသော တပ်ဦးသည် ကျိန်းနှောတောင်ထိပ် ကျောက်ထရံအ ကြား လမ်းကျဉ်းသို့ရောက်သောအခါ မြင်း ၁၀၀၀၊ ခြေလျင်တပ်သား ၃၀၀၀ ခန့် ရှိသော ကသည်းတပ်သားများနှင့် တွေ့ဆုံတိုက်ခိုက်ကြသည်။ ကသည်းတပ်မှာ မင်း တရားတပ်များကို မယှဉ်သာသဖြင့် အထိအခိုက်များစွာဖြင့် ဆုတ်ပြေးခဲ့ကြသည်။

တပ်မကြီးလည်း ချီတက်မြဲ ချီတက်လာခဲ့ရာ အောက်တောင်ရွာလယ်ပြင် တွင် တစ်စခန်း၊ ပန်းသာရွာလယ်ပြင်တွင် တစ်စခန်း၊ သုံးကြောင်းဖြန့်၍ ချီတက် စေသည်။

တမူးမှ ကက်စိန်အကြား တောလမ်းတစ်လျှောက်ရှိ သစ်ပင်ကြီးများမှာ အမြဲစိမ်းလန်း၍ ပင်စည်လုံးပတ် အလွန်ကြီးလှသည်။ ထိုအခါ မြန်မာ့စစ်သည် များတွင် ပန်းပုတတ်သော သူများလည်း ပါခဲ့ကြရာ မင်းတရား၏ အမိန့်တော်ဖြင့် ဘုရားရုပ်တုတော်များ ထုလုပ်စေသည်။ ရုပ်ထုတော် ၄၅ ဆူ ပြီးစီးခဲ့သည်။

ကက်စိန်အရပ်တွင် တပ်မ ဆိုင်းငံ့နေခိုက် အညှာခံရန် စစ်မက်ပြိုင်ခြင်း မပြုရန် ကသည်းတို့ထံသို့ ရာဇသံ ပေးပို့ အကြောင်းကြားသည်။ သို့သော် ကသည်း တို့ထံမှ စကားပြန် မရခဲ့ပေ။

ကုလားရွာ မြောက်ဘက်လယ်ပြင်၌ မင်းတရားတပ်များ တပ်ချ၍နေခိုက် ကသည်းစော်ဘွား၏ ညီ ဇူပရာဇာသည် မြင်း ၁၀၀၀ ကျော် လက်နက်ကိုင် ၄၀၀၀ ကျော်နှင့် ဝိုင်းရံတိုက်ခိုက်သည်။ ကသည်းတို့၏ စစ်အင်အားမှာ ကြီးသောကြောင့် မင်းတရားတပ် ကစဉ့်ကလျားဖြစ်နေစဉ် ကက်စိန်မှချီတော်မူလာသည့်တပ်မကြီး နှင့် ကြုံတွေ့သည်။ သားတော် မြေဒူးမင်းက ဆင်နှင့်တိုက်သည်။ ယင်းဖြစ်ရပ်များ ကို စစ်သားများမြင်လျှင် တစ်ယောက်မျှ နောက်ချန်မနေဝံ့ကြဘဲ တက်ကြွစွာ အ သက်စွန့်၍ တိုက်ခိုက်ကြသည်။ ကသည်းတို့မှာ မခံနိုင်တော့ဘဲ ထွက်ပြေးကြတော့ သည်။

တပ်မကြီးမှာ စစ်အောင်ပြီးနောက် ကုလားရွာတွင် တပ်ချ၍နေခဲ့သည်။

မင်းခေါင်အနော်ရထာနှင့်အခြားဗိုလ်မှူး လေးဦးတို့သည် အမိန့်တော်ဖြင့် တပ်ငါး တပ်နှင့်အတူ ကသည်းမြို့တွင်းသို့တိုင်အောင် ချီတက်ခဲ့သည်။ ကသည်းမြို့တွင် ကသည်းစော်ဘွားနှင့်တကွ ဆွေမျိုးမှူးမတ်များအားလုံး တောတောင်ထူထပ်ရာ သို့ထွက်ပြေး တိမ်းရှောင်နေကြသဖြင့် လူတစ်စုံတစ်ယောက်မျှ မတွေ့ကြဘဲရှိသည်။

မင်းခေါင်အနော်ရထာတို့ထံမှ အခြေအနေကို စေလွှတ်လျှောက်ထား သဖြင့် အလောင်းမင်းတရားလည်း ကသည်းမြို့သို့ချီတော်မူပြီး ကသည်းထီးနန်း ကို သိမ်းယူတော်မူသည်။ ကသည်းမြို့တွင်း၌ရှိသည့် အမြောက်များ၊ လက်နက်များ ကို သိမ်းယူတော်မူသည်။ ထို့နောက် ကုလားရွာတပ်သို့ ပြန်ကြွတော်မူသည်။

တောအထပ်ထပ် တောင်အထပ်ထပ်တွင် ပုန်းအောင်းနေသော ရန်သူ များအား ရဲမက်တို့က ကြိုးစားရှာဖွေကြပြီးနောက်အလောင်းမင်းတရားထံ အပ် နှံခဲ့ကြသည်။ ကုလားရွာသား ကာလာရာဇာသည် လူ ၂၀၀၀ နှင့်ဆင်ပေါက်တစ်စီး၊ ကက်စိန်ရွာစား ခူရာလတ်ပက လူ ၄၀၀၀ ကျော်နှင့် ခြေတော်ရင်းသို့ဝင်ရောက်၍ ကျွန်ခံကြသည်။

အလောင်းမင်းတရားသည်တောချုံအုံကြားတွင် ပုန်းအောင်းနေသည့် လူသူဆင်မြင်းတို့ကို လက်နက်များနှင့်တကွ အကုန်အစင်သိမ်းတော်မူ၍ ကသည်း မြို့၌ ကသည်းစော်ဘွား၏ အစ်မစန္ဒရော်မော်နီကို အချုပ်အအုပ် ခန့်တော်မူပြီး ကျောက်ပြားတစ်ခု၌ ''ကသည်းမြို့တွင် အဆက်အလက်အရိုအမျိုးမှန်သူသာ ကြီးပွားစေရမည်''ဟူသော စာလုံးများ ရေးစေပြီးလျှင် မြို့လယ်၌ ကျောက်တိုင် စိုက်တော်မူသည်။ ထို့နောက် နေပြည်တော်သို့ ပြန်လည်၍ချီတက်ခဲ့သည်။ တပို့တွဲ လဆန်း ၁၀ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိတော်မူသည်။

နယ်ချဲ့တို့၏ အခြေအမြစ်များကို ဖျက်ဆီးခြင်း

၁၁၂၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့တွင် အလောင်းမင်းတရားသည် မိဖုရား၊ မောင်းမ၊ သားတော်၊ သမီးတော်၊ ဗိုလ်မှူးတပ်မှူး၊ စစ်သည်ရဲမက် ၄၅၀၀၀ ခြံရံ၍ ရန်ကုန်မြို့သို့ စုန်ဆင်းတော်မူသည်။

ထိုကဲ့သို့ ကြီးကျယ်ခမ်းနားစွာ စုန်ဆင်းတော်မူခဲ့ရာတွင် လမ်း၌ ကိုးညအိပ်ကြာခဲ့သည်။ ရန်ကုန်သို့ရောက်လျှင် ရွှေတိဂုံဘုရားကို ရွှေချတော်မူ၍ စောင်းတန်းနှင့်ဇရပ်တော်ကြီး သုံးဆောင်ကိုလည်း ရွှေအပြည့်ချတော်မူသည်။ သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချတော်မူသည်။

မိဖုရားကြီးနှင့်သားတော် သမီးတော်တို့သည် သန်လျင် ကျိုက်ခေါင်ဘုရား၊ ပဲခူးမြို့ ရွှေမော်ဓောစေတီများသို့ သွားရောက်ဖူးမြော်ကြသည်။

အလောင်းမင်းတရားကြီး ရန်ကုန်မြို့၌ ရှိနေစဉ် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်များက ဟံသာဝတီမင်းစစ်သည်တို့အား လက်နက်များ ပံ့ပိုးကူညီခဲ့ကြောင်း အသေအချာ ကြားတော်မူခဲ့သည်။ မင်းတရားသည် လွန်စွာအမျက်တော်ရှိပြီး ဟိုင်းကြီးကျွန်းရှိကုလားဖြူတို့အား သုတ်သင်ရှင်းလင်းရေး စီစဉ်ဆောင်ရွက်တော်မူသည်။

ဤနေရာတွင် အလောင်းမင်းတရားကြီး၏ နိုင်ငံကို ပြန်လည်စည်းရုံး ထူထောင်ရာတွင် အင်္ဂလိပ်၊ ပြင်သစ် နယ်ချဲ့များ ပါဝင်ပတ်သက်လာမှုနှင့် ယင်းနယ်ချဲ့တို့သည် မြန်မာနိုင်ငံအောက်ပိုင်း၌ ခြေကုတ်စခန်းရရှိရန် ကြိုးပမ်းနေကြပြီဖြစ်သည်။ နယ်ချဲ့တို့သည် မိမိတို့၏ ကုမ္ပဏီများ ကြီးထွားဖွံ့ဖြိုးရေးကို အပြိုင်အဆိုင်လုံးပန်းနေကြခိုက် မြန်မာနိုင်ငံကဲ့သို့ ပထမတန်း ကျွန်းသစ်များ ထွက်ရာဒေသကို လာရောက် တွေ့ရှိကြသောအခါ သူ့ထက်ငါဦး ခြေကုတ်ရရန် အားထုတ်ကြသည်။ ထိုစဉ်က ဥရောပ၌ ပင်လယ်ကူးသင်္ဘောများကို သစ်သားဖြင့်သာ တည်ဆောက်ကြရ၏။ သံထည်ဖြင့် မတည်ဆောက်နိုင်ကြသေးပေ။ သင်္ဘောတည်ဆောက်ရာ၌ ဝက်သစ်ချသား၊ ပင်လယ်ထင်းရှူးသား အစရှိသည်တို့ကို အစကနဦးတွင် အသုံးပြုခဲ့ကြသည်။ နောက်ပိုင်းတွင် အရှေ့ဘက်သို့ဦးလှည့်မိသည့်အခါမှသာ ကျွန်းဖြင့် သင်္ဘောတည်ဆောက်လျှင် မည်မျှသာလွန်ကောင်းမွန်ကြောင်း တွေ့ရှိ သွားကြခြင်းဖြစ်ပေသည်။ ထိုကာလမှအစပြု၍ အနောက် ဥပရောပနိုင်ငံများသည် မြန်မာ့ကျွန်းကို သင်္ဘောတည်ဆောက်ရေးအတွက် တိုး၍ တိုး၍ အလိုရှိလာကြပေတော့သည်။

ဥရောပတွင် လက်နက်နိုင်ငံကြီးဖြစ်သော ပြင်သစ်နှင့်အင်္ဂလန်တို့သည် အခြားနိုင်ငံငယ်များကဲ့သို့ အနည်းငယ် အမြတ်အစွန်းရရုံဖြင့် ကျေနပ်နိုင်သော နိုင်ငံများ မဟုတ်ရကား မိမိတို့၏ စီးပွားရေးနယ်ပယ်ကို အရှေ့ဖျားအာရှတွင် မိမိရရ ပိုင်ပိုင်နိုင်နိုင် တိုးချဲ့လိုသောဆန္ဒရှိကြသည်။ မြန်မာနိုင်ငံ၏ အနေအထားကို သော်လည်းကောင်း၊ စီးပွားရေး အလားအလာကိုသော်လည်းကောင်း မြင်တွေ့လာပြီးသည့်နောက်၌ ကျွန်းသစ်ဖြင့် သင်္ဘောတည်ဆောက်၍ ပြင်ပသို့ထုတ်ယူခြင်း လုပ်ငန်းဖြင့်သာ မရောင့်ရဲတော့ဘဲ မြန်မာနိုင်ငံမှ ရှားစေး၊ ချိပ်တောင့် အစရှိသည့် အခြားထွက်ကုန်များကိုလည်း ဝယ်ယူ၊ မိမိယူဆောင်လာသော အထည်အလိပ်၊ သံထည်ပစ္စည်းများကိုလည်း ရောင်းချခြင်းအားဖြင့် တစ်ဆင့်တိုး၍ အမြတ်အစွန်း ထုတ်ယူရန် ပြိုင်ဆိုင်ကြပြန်သည်။

အင်္ဂလိပ်၊ အရှေ့အိန္ဒိယကုမ္ပဏီသည် 'ဟန့်တား' ဆိုသူကို ၁၇၅၃ ခုနှစ်၊ ဧပြီလတွင် ဟိုင်းကြီးကျွန်းသို့ စေလွှတ်၍ အခြေစိုက်စခန်း ချစေသည်။ ထိုစဉ်က ပြင်သစ်တို့သည်လည်း သန်လျင်၌ ကုန်တိုက်ဖွင့်ထားပြီး ဖြစ်သည်။ သင်္ဘောများကို ကျွန်းသစ်ဖြင့် တည်ဆောက်ကာ မှန်မှန်ထုတ်ယူနေကြပြီ ဖြစ်သည်။

ဗြိတိသျှတို့မှာ ၁၇၄၃ ခုနှစ်၌ သန်လျင်ကုန်တိုက်ကို ဖျက်ဆီးခံရပြီးသည့်နောက်ပိုင်းတွင် ပြန်လည်အခြေချရန် စီမံစိုင်းပြင်းခြင်း မပြုဘဲ ရှိခဲ့ကြသည်။ သို့သော် ပြင်သစ်တို့သည် ဟိုင်းကြီးကျွန်းကို အပိုင်ရရှိရန် ကြိုးပမ်းနေကြကြောင်း ကုန်သည်များ၊ သင်္ဘောသားများထံမှကြားသိရသောအခါ မဒရပ်ကောင်စီသည် ပြင်သစ်တို့လက်သို့ ဟိုင်းကြီးကျွန်း မကျရောက်သွားစေရန် အပူတပြင်း စီစဉ်လေသည်။ ထို့ကြောင့် မဒရပ်ကောင်စီသည် လန်ဒန်ရှိ ကုမ္ပဏီ ဒါရိုက်တာလူကြီးများထံ အစီအရင်ခံသည်။

အမိန့်တစ်စုံတစ်ရာ မရှိမီ ၁၇၅၂ ခုနှစ်တွင်ပင် 'တေလာ' ကို ဟိုင်းကြီးကျွန်းသို့ စေလွှတ်၍ ကျွန်းအခြေအနေကို လေ့လာစေသည်။ ထို့နောက် လန်ဒန်မှ သဘောတူညီချက်နှင့်အတူ ဟန့်တားကို ပို့လိုက်သည်။ ဟန့်တားခေါင်းဆောင်သောအဖွဲ့သည် ၁၇၅၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ဟိုင်းကြီးကျွန်းကို သိမ်းပိုက်လျက် အခြေစိုက်စခန်း ချထားလိုက်သည်။

ဗြိတိသျှတို့သည် ပြင်သစ်တို့နှင့်ဖက်ပြိုင်ကာ သန်လျင်၌ အခြေမချဘဲ ဟိုင်းကြီးကျွန်း၌ အခြေချထားခြင်းမှာလည်း သန်လျင်သည် မကြာခင် သဲနုန်းများဖြင့် ပိတ်ဆို့ဖုံးလွှမ်းလာပြီး သင်္ဘော အဝင်အထွက် ခက်မည်ဖြစ်ခြင်း၊ ထို့အပြင် ရွှေဘိုနှင့်ဟံသာဝတီနှစ်ဖက်စလုံးမှ မိမိတို့အား စိတ်မထင်သည့်တစ်နေ့တွင် အလွယ်တကူရန်ပြုနိုင်သော နေရာဖြစ်ခြင်း၊ ဟိုင်းကြီးကျွန်းမှုကား ရန်သူတို့ အလွယ်

တကူလာရောက်နိုင်သော နေရာမဟုတ်၊ သင်္ဘောများ တည်ဆောက်ပြင်ဆင်ရေး ကိုလည်း စိတ်ချလက်ချ လုပ်ကိုင်နိုင်ခြင်း၊ အထက်အောက်မြန်မာပြည်အနှံ့အပြား သို့လည်း ရေကြောင်းဖြင့် အလွယ်တကူ ဝင်ရောက်နိုင်ရာ အရပ်ဖြစ်ခြင်း စသည့် အကြောင်းများကြောင့် ဖြစ်လေသည်။

မြန်မာနိုင်ငံအောက်ပိုင်းကို စတင်တိုက်ခိုက်စဉ်က ဗြိတိသျှနှင့်ပြင်သစ်တို့ သည် စစ်သာသည့်ဘက်သို့ ယိမ်းမည်ဟူသောသဘောမျိုးဖြင့် အလောင်းမင်းတ ရားနှင့် ဟံသာဝတီဘုရင်တို့အား ဆက်ဆံခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်–အရှေ့ အိန္ဒိယကုမ္ပဏီသည် မြန်မာနိုင်ငံ ပြည်တွင်းအရေးအခင်းတွင် သာသည်ထင်သည့် ဘက်သို့ လိုက်သောမူကို ကျင့်သုံးသည်။

ဟိုင်းကြီးကျွန်း၌ အင်္ဂလိပ်တို့ အခြေစိုက်ထားစဉ် အလောင်းမင်းတရား သည် စစ်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ အနိုင်ရရှိကာ မြန်မာနိုင်ငံစည်းရုံးရေးကို ပြန် လည် အကောင်အထည်ဖော်ခဲ့သည်။ အလောင်းမင်းတရား၏ တပ်များ မြန် အောင်ကို သိမ်းပိုက်ပြီးသောအခါ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ် ကုမ္ပဏီအကြီးအကဲ မစ္စတာဘရုထံသို့ အဆက်အသွယ်ပြုခဲ့သည်။

အလောင်းမင်းတရား၏ တပ်များက ပုသိမ်မြို့ကို သိမ်းပိုက်သောအခါ တွင် မြို့တွင်း၌ ရှိနေသော အင်္ဂလိပ်တို့အား မည်သည့်အနှောင့်အယှက်မှ မပြုဘဲ နေခဲ့သည်။

ဟိုင်းကြီးကျွန်း၌ အခြေစိုက်ပြီးနောက် အရှေ့အိန္ဒိယကုမ္ပဏီသည် သန် လျင်ရှိ ကုမ္ပဏီပစ္စည်းများ၊ လက်နက်များကို သိမ်း၍ ဟိုင်းကြီးသို့ သယ်ပို့ရန် အာ ကော့အမည်ရှိ သင်္ဘောကို စေလွှတ်ခဲ့သည်။ ယင်းသင်္ဘော၏ ကပ္ပတိန်မှာ ဂျက်ဆင် ဖြစ်၍ သင်္ဘောတွင် ကုမ္ပဏီအမှုထမ်းတစ်ဦးဖြစ်သူ ဝှိုက်ဟီးလည်း လိုက်ပါသွားခဲ့ သည်။

သန်လျင်ဆိပ်ကမ်းသို့သင်္ဘော ရောက်ပြီးနောက် အာကော့သင်္ဘောမှာ စက်ချို့ယွင်းခဲ့သည်။ ယင်းစက်ချို့ယွင်းနေစဉ်ကာလ ငါးလခန့်အတွင်း ဂျက်ဆင် နှင့်ဝှိုက်ဟီးတို့သည် ပြင်သစ်ကိုယ်စားလှယ် ဘရူနိုဆိုသူနှင့်ဆက်သွယ်ကာ အ လောင်းမင်းတရားကို ဆန့်ကျင် တိုက်ခိုက်လျက်ရှိသည့် ဟံသာဝတီတပ်များအား တိတ်တဆိတ် အကူအညီပေးခဲ့ကြသည်။

ယင်းသို့ အကူအညီပေးခဲ့သည်ကို ထိုစဉ်က အလောင်းမင်းတရားက မသိရှိခဲ့ပေ။ အာကော့သင်္ဘော ပြန်လည်ပြင်ဆင်ရေးကိစ္စများတွင်ပင် လိုအပ် သော အကူအညီများပေးခဲ့သည် ။ ရွှေဘိုသို့ပြန်ကာနီးတွင်လည်း အရေးကြုံပါက မိမိတို့ဘက်မှကူညီစေလိုကြောင်း ဝှိုက်ဟီးအား အလောင်းမင်းတရားက ပြောကြား

ခဲ့သည်။ ဝို့က်ဟီးကလည်း မှာကြားသည့်အတိုင်း လိုက်နာပါမည်ဟု ကတိပြုခဲ့သည်။

အလောင်းမင်းတရား ရွှေဘိုသို့ ပြန်လည်သွားနေစဉ် သန်လျင်နှင့်ပဲခူးဘက်မှ အကွဲကွဲအပြားပြားဖြစ်နေသည့်အင်အားများကို ပြန်လည်စည်းရုံးကာ ရန်ကုန်၌ တပ်စွဲထားသော အလောင်းမင်းတရား၏ တပ်များကို တိုက်ခိုက်ရာတွင် အာကော့၊ ဟန့်တားနှင့်အဲလီဇာဘက်အမည်ရှိ အင်္ဂလိပ်သင်္ဘောသုံးစင်းတို့က မြန်မာ့ရေတပ်ကို အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

ဟံသာဝတီမင်းစစ်သည်တို့၏ တာမွေတပ်ကြီး ပျက်စဉ်က ဖမ်းဆီးမိခဲ့သူတို့က စစ်မေးရာတွင်လည်း ဟိုင်းကြီးကျွန်းရှိကုလားဖြူတို့က ဟံသာဝတီမင်းစစ်သည်တို့အား မိတ်ဖွဲ့၍ လက်နက်ကိရိယာ၊ သေနတ်မြောက်၊ ခဲယမ်းမီးကျောက်များ ထောက်ပံ့ခဲ့ကြကြောင်း ထွက်ဆိုခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်က အလောင်းမင်းတရားသည် ငြိမ်သက်စွာ နေထိုင် ရောင်းဝယ်ဖောက်ကားရမည်ဟု အမိန့်ထုတ်ကာ မိမိပိုင်နက်အတွင်းရှိ အင်္ဂလိပ်အမျိုးသားတို့အား အရေးယူခြင်း မပြုခဲ့ပေ။

ဟိုင်းကြီးကျွန်းရှိ မစ္စတာဘရုသည် ရန်ကုန်မြစ်အတွင်းရှိ ပျက်စီးနေသော အာကော့သင်္ဘောမှလွဲ၍ ကျန်အင်္ဂလိပ်သင်္ဘောများကို ဟိုင်းကြီးကျွန်းသို့ ပြန်ခေါ်ခဲ့သည်။ ထို့နောက် မင်းတရားနှင့်မဟာမိတ်စာချုပ် ချုပ်ဆိုရန် ကပ္ပတိန်ဘေကာဆိုသူအား ၁၇၅၅ ခုနှစ် စက်တင်ဘာလတွင် ရွှေဘိုသို့ စေလွှတ်ခဲ့သည်။ လက်နက်ခဲယမ်းမီးကျောက်များကိုလည်း လက်ဆောင်အဖြစ် ဆက်သရန် ပေးခဲ့သည်။ ကပ္ပတိန် ဘေကာ ရွှေဘိုသို့ ဆန်တက်နေစဉ် အင်္ဂလိပ်စစ်သင်္ဘောသုံးစင်းက ဟံသာဝတီမင်းစစ်သည်ဘက်မှ အတိအလင်းကူညီတိုက်ခိုက်ပေးခြင်းဖြစ်သည်။

ထို့ကြောင့် မိမိခြေတော်ရင်းသို့ ရောက်လာသောဟိုင်းကြီးကျွန်းမှ ကပ္ပတိန် ဘေကာကို အလောင်းမင်းတရားက သဘောထားကြီးစွာဖြင့် လက်ခံဆက်ဆံခဲ့သော်လည်း စာချုပ်ချုပ်ဆိုရန် တင်ပြချက်ကိုမူ မစဉ်းစားခဲ့ပေ။ ထို့အတူ ဟိုင်းကြီးကျွန်း၌ ဗြိတိသျှတို့ တရားဝင်အခြေစိုက်နေထိုင်ခွင့်ကိုလည်း အသိအမှတ်မပြုခဲ့ပေ။ ရန်ကုန်နှင့်ပုသိမ်မြို့တွင် ကုန်တိုက်ဖွင့်လှစ်၍ လွတ်လပ်စွာ ရောင်းဝယ်မှုပြုကြောင်းကိုသာ ပြောကြားခဲ့သည်။

ဂျက်ဆင်နှင့်ဝို့က်ဟီးတို့၏ အပြုအမူကြောင့် အလောင်းမင်းတရားသည် အင်္ဂလိပ်တို့အပေါ်တွင် ယုံကြည်မှု နည်းပါးခဲ့သည်။ မစ္စတာဘရုသည် လှေနံနှစ်ဖက်နင်းကာ မရိုးမသား ပြုမူခဲ့သည်ဟု သဘောပေါက်ခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်တို့၏ ရိုးသားစိတ်ကို ကြည့်လိုသေးကြောင်း၊ အင်္ဂလိပ်သင်္ဘောများကို မဟာ

ကရုဏာထား မကူညီခဲ့သော်လည်း မကောင်းသည့်အမူအကျင့်များကို ပြုခဲ့ကြကြောင်း၊ ထို့ကြောင့် ကုမ္ပဏီက မည်သို့ပြုကျင့်မည်ကို ကြည့်လိုသေးကြောင်း၊ ကုမ္ပဏီအနေဖြင့် နစ်နာလျှင် ထိုက်သင့်သလို သနားမည်ဖြစ်ကြောင်းသာလျှင် ကပ္ပတိန်ဘေကာအား ပြောကြားခဲ့သည်။ ထို့အပြင် အခြားအရေးကိစ္စများကို ရန်ကုန်၌ဆက်လက် ဆွေးနွေးမည်ဟု မိန့်ကြားခဲ့သည်။

အလောင်းမင်းတရားသည် ဟံသာဝတီကို လုပ်ကြံရန် ၁၇၅၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်မှ ရန်ကုန်သို့ ဒုတိယအကြိမ် ချီခဲ့လေသည်။ ထိုအတွင်း လိုအပ်သောလက်နက်အကူအညီများ ရရှိရန် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်အကြီးအကဲတို့နှင့် ထပ်မံ ဆက်သွယ်ခဲ့သည်။ ထို့ကြောင့် ဘေကာအား ရန်ကုန်၌ဆွေးနွေးမည်ဟု အလောင်းမင်းတရားက ပြောခဲ့ခြင်းဖြစ်သည်။

၁၇၅၆ ခုနှစ်၊ မေလတွင် အင်ဆိုင်းလက်စတာ၊ ဂျွန်ဒိုင်ရာနှင့်ဒေါက်တာအင်ဒါဆင်တို့သည် ရန်ကုန်သို့လာရောက်၍ အလောင်းမင်းတရားနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၎င်းအချိန်တွင် အလောင်းမင်းတရားက အင်္ဂလိပ်ကုမ္ပဏီအားဟိုင်းကြီးကျွန်းနှင့် ပုသိမ်တွင် တရားဝင် စခန်းချ နေထိုင်ခွင့်ပြုခဲ့သည်။ ယင်းသို့စခန်းချနေထိုင်ခွင့်ပြုလိုက်ကြောင်းကိုလည်း ရွှေပေရာဇသံဖြင့် အင်္ဂလန်ပြည့်ရှင်ဒုတိယဂျော့ဘုရင်ထံ အလောင်းမင်းတရားက အကြောင်းကြားခဲ့သည်။

ဒိုင်ရာနှင့်အင်ဒါဆင်တို့အပြင်တွင် ယင်းရွှေပေရာဇသံတွင် မဒရပ်ဘုရင်ခံ၊ အင်္ဂလိပ်ကုမ္ပဏီနှင့်ဟိုင်းကြီးကျွန်းစခန်းမှူး ဂျွန်းဟိုးတို့ထံပေးသည့်ရာဇသံသုံးစောင်ကိုလည်း ပေးအပ်ခဲ့သည်။

ထိုအတွင်း အလောင်းမင်းတရားသည် သန်လျင်နှင့်ပဲခူးတို့ကို လုပ်ကြံရာ အလိုတော် ပြည့်ခဲ့သည်။ ပဲခူးကို လုပ်ကြံခိုက် လက်နက်ခဲယမ်းများ အလိုရှိသဖြင့် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့နှင့်လက်နက်များကို လက်ငင်းငွေ ပေးချေဝယ်ယူလိုကြောင်း အကြိမ်ကြိမ် အကြောင်းဆက်သွယ်ခဲ့သည်။ သို့သော် ထိရောက်သော အကူအညီများ မရခဲ့ပေ။ ထို့ကြောင့် အလောင်းမင်းတရားက မကျေမနပ်ဖြစ်ကာ ပဲခူးကို အောင်နိုင်ပြီးလျှင် အင်္ဂလိပ်များအား ဟိုင်းကြီးကျွန်းမှ တိုက်ထုတ်မည်ဟု ကြုံးဝါးခဲ့သည်။

ပဲခူးကို အောင်နိုင်သောအခါတွင် အလောင်းမင်းတရားက ဟိုင်းကြီးကျွန်းစခန်းမှူး သောမတ်နူတန်ကို ပြည်မြို့တွင် လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့သည်။ သို့သော် နူတန်သည် ပြည်မြို့သို့ကိုယ်တိုင် မလာရောက်ခဲ့ပေ။ သို့သော် နူတန်သည် ပြည်မြို့သို့ကိုယ်တိုင် မလာရောက်ခဲ့ပေ။ သူ့ကိုယ်စား အင်ဆိုင်းရောဘတ်လက်စတာအား သံအဖြစ် စေလွှတ်ခဲ့သည်။ လေးပေါင်ဒါ အမြောက်တစ်

လက်ကိုလည်း လက်ဆောင်အဖြစ် ဆက်သခဲ့သည်။

လက်စတာသည် ဇူလိုင်လ ၂၃ ရက်နေ့တွင် တစ်ကြိမ်၊ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ အလောင်းမင်းတရားနှင့်တွေ့ဆုံခွင့်ရခဲ့သည်။ ဒုတိယအကြိမ် တွေ့ဆုံခြင်းမှာ မြန်အောင်မြို့၌ ဖြစ်သည်။ ထိုသို့ တွေ့ဆုံရာတွင် အလောင်းမင်းတရားက အင်္ဂလိပ်လူမျိုးတို့ ပြုမူကျင့်ကြံပုံနှင့်ပတ်သက်၍ အပြစ်တင် စကားပြောကြားခဲ့သည်။ ဒုတိယအကြိမ် တွေ့ဆုံရာ၌ပင် လက်စတာသည် နူတန်၏ ညွှန်ကြားလိုက်သည့်အတိုင်း စာချုပ်ချုပ်ဆိုရန် အလောင်းမင်းတရားအား တင်ပြလျှောက်ထားသည်။ အလောင်းမင်းတရားက စာချုပ်ချုပ်ဆိုရန် သဘောတူခဲ့သည်။ စာချုပ်ပါ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မော်တင်ကျွန်းတွင် အင်္ဂလိပ်လူမျိုးများအား အစဉ်သဖြင့် နေထိုင်ခွင့်ပြုသည်။

(၂) ပုသိမ်မြို့တွင် တာ ၂၀၀ စတုရန်းကျယ်ဝန်းသောမြေကွက်၌ အင်္ဂလိပ်လူမျိုးများအား နေထိုင်ခွင့်ပြုသည်။

(၃) ဟိုင်းကြီးကျွန်းနှင့်ပုသိမ်မြို့ရှိ မြေကွက်ပေါ်တွင် နေထိုင်ခွင့်ရသည့်အတွက် မြန်မာမင်းအား ယမ်း ၁၂ ပိဿာထည့်၍ပစ်နိုင်သော ကျည်ချိန် သုံးပိဿာ ၂၀ ကျပ်သားဝင်အမြောက်တစ်လက်နှင့်ယမ်းမှုန့် အပါအဝင် လက်နက်ခဲယမ်းမီးကျောက်တို့ကို အင်္ဂလိပ်တို့က ဆက်သရမည်။

(၄) အင်္ဂလိပ်တို့ မြန်မာနိုင်ငံအတွင်း၌ အကောက်အစား လွတ်လပ်စွာ ကုန်ကူးသန်းရောင်းဝယ်ရမည်။

(၅) ရန်ကုန်မြို့တွင် အင်္ဂလိပ်တို့အား ကုန်တိုက် တစ်တိုက် ဆောက်လုပ်ခွင့်ပြုသည်။

(၆) မြန်မာမင်း၏ ရန်သူတို့ကို ကုမ္ပဏီက ကူညီတိုက်ခိုက်၍ မြန်မာမင်းက စရိတ်အကုန်အကျ ခံရမည်။

ယင်းစာချုပ်မှာ မြန်မာနိုင်ငံသမိုင်းတွင် အနောက်ပိုင်းသားတို့နှင့်ပထမဆုံး ချုပ်ဆိုသော စာချုပ်ဖြစ်သည်။ အရှေ့အိန္ဒိယကုမ္ပဏီသည် မြန်မာ့မြေပေါ်တွင် နယ်ချဲ့ခြေကုပ်စခန်းတစ်ခု တရားဝင် ရရှိရန် ရည်မှန်း၍ စာချုပ်ချုပ်ဆိုရေးကို ကြိုးပမ်းခဲ့သော်လည်း ထိုစဉ်က ယင်းစာချုပ်ကို အသုံးချကာ အမြတ်ထုတ်နိုင်ခဲ့ခြင်း မရှိပေ။

မြန်မာနှင့်စာချုပ် ချုပ်ဆိုပြီးနောက် မြန်အောင်မှ လတ်စတာ ပြန်ခိုက်တွင် အရှေ့အိန္ဒိယကုမ္ပဏီသည် ဟိုင်းကြီးကျွန်းမှအဖွဲ့ကို ပြန်ရုပ်သိမ်းရန် စီစဉ်

ထားခဲ့သည်။ ပြင်သစ်နှင့်အင်္ဂလိပ်တို့တိုက်ခိုက်နေသည့် ခုနစ်နှစ်စစ်ပွဲကြောင့် ကုမ္ပဏီသည် မိမိ၏လူများကို လုံခြုံသည့်နေရာများ၌ တစုတဝေးတည်း ရှိနေလိုခဲ့သည်။ ထို့အပြင် သန်လျင်ရှိ ပြင်သစ်ကိုယ်စားလှယ် ဘရူနိုမှာလည်း အသတ်ခံရပြီးဖြစ်၍ မြန်မာနိုင်ငံတွင် ပြင်သစ်တို့၏ပြိုင်ဆိုင်မှု အန္တရာယ်ကို စိုးရိမ်စရာ မရှိတော့ပေ။ ထို့ကြောင့် ဟိုင်းကြီးကျွန်းမှအဖွဲ့ကို ပြန်ရုပ်သိမ်းရန် မဒရပ်နှင့်လန်ဒန်ရှိ ကုမ္ပဏီဒါရိုက်တာတို့က စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

ကုမ္ပဏီသည် ၁၇၅၉ ခုနှစ်ဦးပိုင်းခန့်တွင် ရုပ်သိမ်းရေးအစီအစဉ်များကို စတင်ပြုလုပ်၍ နူတန်နှင့်တပ်ဖွဲ့အများစုကို ကာလကတ္တားသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ဟိုင်းကြီးကျွန်းတွင် ကုမ္ပဏီက စုဆောင်းထားသောကျွန်းသစ်များကို အိန္ဒိယသို့သယ်ရန် ကပ္ပတိန် ဆောက်သဘီအား စေလွှတ်ခဲ့သည်။

ဟိုင်းကြီးကျွန်းသို့ ဆောက်သဘီ ရောက်ရှိလာပြီး နောက်တစ်ရက်တွင် မြန်မာတပ်များက ဟိုင်းကြီးကျွန်းကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးသည်။ စခန်းရှိ ကုမ္ပဏီအမှုထမ်း အများအပြားသေဆုံးခဲ့သည်။ ကပ္ပတိန် ဆောက်သဘီကိုယ်တိုင်လည်း သေဆုံးခဲ့သည်။ မြန်မာ့စစ်သည်တို့ကို ဦးဆောင် တိုက်ခိုက်သူမှာ အလောင်းဘုရား၏လက်ရုံးရဲမက်တစ်ဦးဖြစ်သူ မင်းရဲကောင်းပုံဖြစ်သည်။

ဟိုင်းကြီးကျွန်း အရေးအခင်း ဖြစ်ပေါ်စေသည့် နောက်ခံအကြောင်းရင်းတို့မှာ ထွေပြား ရှုပ်ထွေးလှပေသည်။

၁၇၅၈–၅၉ ခုနှစ်၊ အလောင်းမင်းတရားသည် မဏိပူရ၊ အာသံဘက်သို့ စစ်ချီနေခိုက် ဟံသာဝတီစစ်သည်တို့ ထကြွသည်။ အင်အားကြီးမားသဖြင့် မင်းတရားတပ်များ အထိနာခဲ့သည်။ နောက် စစ်ကူများ ရောက်ရှိလာသောအခါမှ ထိရောက်စွာ နှိမ်နင်းနိုင်ခဲ့သည်။ ဤအရေးတွင် ဟံသာဝတီကို ဟိုင်းကြီးကျွန်းရှိဗြိတိသျှစခန်းက လက်နက်ခဲယမ်းများ ပေးပို့ထောက်ပံ့ကြကြောင်း မင်းတရား သိရှိရလေသည်။ ယခင် ၁၇၅၅ ခုနှစ်၊ စက်တင်ဘာလအတွင်း အလောင်းမင်းတရား ရွှေဘိုသို့ပြန်ခိုက် ဟံသာဝတီတပ်များ ရန်ကုန်ကို ဝိုင်းဝန်းလုပ်ကြံကြစဉ်ကလည်း ကပ္ပတိန်ဂျက်ဆင်နှင့်ဝှိုက်ဟီးလ်တို့ဦးစီးသည့် အင်္ဂလိပ်သင်္ဘောသုံးစင်းက ဟံသာဝတီတို့ဘက်မှ ကူညီကာ မင်းတရားတပ်များကို တိုက်ခိုက်ခဲ့ဖူးသည်။ ထို့ကြောင့် ဗြိတိသျှတို့၏သဘောထားကို သံသယရှိခဲ့သော အလောင်းမင်းတရားသည် ကုမ္ပဏီအပေါ်တွင် တိုး၍ မကျေမနပ်ဖြစ်ကာ ယုံကြည်မှု ကင်းလာခဲ့သည်။

အလောင်းမင်းတရားသည် အင်္ဂလိပ်ပြည့်ရှင် ဘုရင့်ထံသို့ အနား ပတ္တမြားနှစ်ရစ်စီ ရွှေပေရာဇသံ တစ်စောင်ကို ဘွဲ့တံဆိပ်ခတ်နှိပ်၍ ပေးပို့ခဲ့သည်။ တစ်ချိန်တည်းမှာပင် အင်္ဂလိပ်–အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စား ဂျွန်ဟိုးဒထံသို့ တစ်

စောင်သဝဏ်လွှာများ ပေးပို့ခဲ့သည်။ ဤရွှေသဝဏ်လွှာနှင့်စာများ လက်ဆောင်များကို အင်္ဂလိပ်သို့ ပို့ပေးရန်အလို့ငှာ ဟိုင်းကြီးကျွန်း စခန်းမှူးထံ အလောင်းမင်းတရားက လွှဲအပ်ခဲ့သည်။ သို့သော် သုံးနှစ်လွန်သည့်တိုင်အောင် ပြန်စာမရခဲ့ချေ။ ထို့ကြောင့် အင်္ဂလိပ်တို့နှင့်ကုမ္ပဏီက သူနှင့်သူ၏ နိုင်ငံသူ နိုင်ငံသားတို့ကို လူ့အနွမ်များသဖွယ် သဘောထားလေပြီဟုအလောင်းမင်းတရားက ကောက်ချက်ချခဲ့သည်။ ဤအကြောင်းများကြောင့်ပင်လျှင် ဟိုင်းကြီးကျွန်းစခန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အလောင်းမင်းတရားကို မိန့်တော်မူသည်။

အလောင်းမင်းတရားသည် အင်္ဂလိပ်တို့အား ပုသိမ်တွင် စခန်းနေရာပေးခဲ့စဉ်က အင်္ဂလိပ်တို့လွန်စွာ လိုလားသည့် ဘုရားကုန်းတော်နေရာကို လုံးဝခွင့်မပြုခဲ့ပေ။ သို့သော် ဟိုင်းကြီးကျွန်းစခန်းမှ ဂျွန်ဟိုးသည် အလောင်းမင်းတရား၏ အမိန့်ကို ဆန့်ကျင်လျက် ၁၇၅၆ ခုနှစ်၊ ဇွန်လတွင် ယင်းဘုရားကုန်းတော်ပေါ်၌ ကုမ္ပဏီခန်းကို အခိုင်အလုံ ဆောက်လုပ်လျက် ဖို့သြကတ်စတပ်ဟုအမည်ပေးခဲ့သည်။ ယင်းကိစ္စကို ပုသိမ်သားတို့က လုံးဝမကျေနပ်ဘဲ စိတ်ထိခိုက် နာကြည်းခဲ့ကြသည်။

အာမေနီယံအမှုထမ်း ဂရေဂရီက “အင်္ဂလိပ်တို့သည် အလွန်အန္တရာယ်ပြုတတ်သော လူမျိုးဖြစ်၍ အချိန်မီမတားဆီးပါက ဘင်္ဂလားနှင့်မဒရပ်ကမ်းခြေတွင် ပြုမူသကဲ့သို့ အခြေခံကုန်တိုက် စခန်းချခွင့်ရရာမှ တိုင်းပြည်ကို တစ်စတစ်စ ဝါးမျိုသိမ်းပိုက်မည်ကို စိုးရိမ်ဖွယ် ရှိကြောင်း”သတိပေး လျှောက်ထားသည်ကို အလောင်းမင်းတရားက သဘောကြိုက်ညီ လက်ခံခဲ့သည်။

ထို့အပြင် အင်္ဂလိပ်–အရှေ့အိန္ဒိယကုမ္ပဏီတွင် ၁၇၅၆ ခုနှစ်ခန့်မှစ၍ သုံးနှစ်အတွင်း အစီအစဉ် အပြောင်းအလဲများ ရှိခဲ့သည်။ ပြင်သစ်တို့နှင့်ခုနစ်နှစ်စစ်ပွဲဖြစ်ပွားနေသဖြင့် မြန်မာပြည်နှင့်ဆက်ဆံရေးကို အလေးဂရု မပြုသာ ရှိခဲ့သည်။ ထို့နောက် ပြင်သစ်တို့ကို စစ်ပွဲတွင် အနိုင်ရလိုက်၍ အိန္ဒိယတွင် ပြိုင်ဖက်ကင်း တန်ခိုးထွားလာသောအခါ ဘင်္ဂလားပင်လယ်အော်အရှေ့ဘက်တွင် အစဉ် စိုးရိမ်နေခဲ့ရသည့် ပြင်သစ်တို့၏ ရန်မှာ အခိုက်အတန့် အေးသွားခဲ့လေသည်။ ဒူးပလေးမှာ ပြင်သစ်သို့ ပြန်သွားပြီဖြစ်သည့်အပြင် ဘရူနိုလည်း သန်လျင်တွင် အသတ်ခံရပြီး ဖြစ်ရာ မြန်မာပြည်တွင် ပြင်သစ်တို့နှင့်အပြိုင် နယ်ချဲ့ခြေကုပ်စခန်းယူရန် သေးအေးသွားကြသည်။ ထို့ကြောင့် အလွန်ခုံမင်လိုလားခဲ့သည့် ဟိုင်းကြီးကျွန်းစခန်းကိုပင် ဖျက်သိမ်းရွှေ့ပြောင်းရန် ဆုံးဖြတ်ခဲ့သည်။

ထိုသို့ပြိုင်ဖက်ဖြစ်သော ပြင်သစ်တို့ကို စိုးရိမ်ဖွယ်မရှိတော့သည်တွင် ကုမ္ပဏီသည် အလောင်းမင်းတရားနှင့်လတ်စတာသံပြု၍ ချုပ်ဆိုခဲ့သော စာချုပ်ကိုလည်း လုံးဝအရေးမထားတော့ဘဲ လိုက်နာအကောင်အထည်အဖော်ရန် လစ်

ဟင်းခဲ့သည်။ ယင်းအချက်အလက်များသည် အစကပင် ကုမ္ပဏီ၏ပြုမူလုပ်ဆောင်ပုံတို့ကို သံသယရှိခဲ့သော အလောင်းမင်းတရားအား အင်္ဂလိပ်တို့အပေါ်ပို၍ မယုံမကြည်ရှိစေရန်၊ မထီမဲ့မြင်ပြုသည်၊ စော်ကားသည် ဟုအထင်ရောက်စေရန်၊ အမျက်ပွားစေရန် ဖန်တီးခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် အလောင်းမင်းတရားသည် ဟိုင်းကြီးကျွန်းစခန်းကို လုံးဝဖြိုဖျက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့၏ အခြေအမြစ်များကို ယင်းသို့ဖြိုဖျက်ခဲ့သည့်နည်းတူ ပြင်သစ်နယ်ချဲ့တို့၏ အခြေအမြစ်များကိုလည်း အလောင်းမင်းတရားက ခြေဖျက်တော်မူခဲ့သည်။

ရွှေဘိုနှင့်ဟံသာဝတီတို့ စစ်ပွဲမဖြစ်ပွားမီ ၁၇၂၉ ခုနှစ်ကပင် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသည် သန်လျင်၌ သင်္ဘောကျင်းတစ်ကျင်း တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ပြင်သစ်တို့၏ ကိုလိုနီအခြေစိုက်စခန်းဖြစ်သော ပွန်ဒီချယ်ရီနယ် သင်္ဘောများကို ဤသင်္ဘောကျင်းမှ ဆောက်လုပ်ပေးခဲ့သည်။ ဟံသာဝတီသားတို့ထောင်ထားခြားနားသည့် ၁၇၄၂ ခုနှစ်တွင် သန်လျင်သင်္ဘောကျင်းကို ပြင်သစ်တို့ ပိတ်ခဲ့သည်။

၁၇၄၈ ခုနှစ်တွင် ပွန်ဒီချယ်ရီဘုရင်ခံ ဒူးပလေးသည် မြန်မာနိုင်ငံဘက်သို့ အာရုံရှိလာခဲ့သည်။ ထိုအချိန်မှာပင် ဟံသာဝတီသားတို့၏ သံအဖွဲ့တစ်ဖွဲ့သည် ပွန်ဒီချယ်ရီ ရောက်ရှိလာပြီး ပြင်သစ်တို့ထံမှ အကူအညီများကို တောင်းခံခဲ့ကြသည်။ ထိုအခါ ဒူးပလေးက လူသူလက်နက်ခဲယမ်းများ ကူညီမည်ဟု ကတိပြုခဲ့သည်။ ထို့နောက် အခြေအနေကို လေ့လာရန် ၎င်း၏ကိုယ်စားလှယ် ဘရူနိုင်အား ဒူးပလေးက ပဲခူးသို့စေလွှတ်ခဲ့သည်။

ဘရူနိုထံမှ အစီရင်ခံစာများရရှိသောအခါ ဒူးပလေးက မြန်မာနိုင်ငံတွင် ပြင်သစ်၏ သြဇာအာဏာ ဖြန့်ကြက်ရန် အခါအခွင့် ဆိုက်ရောက်လာပြီဟုဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ပြင်သစ်တို့၏ သြဇာခိုင်မာနိုင်သမျှ ခိုင်မာအောင်ဖြန့်ကြက်ရန် ဒူးပလေးက အလွန်လိုလားခဲ့သည်။ ထို့ကြောင့် ဘရူနိုအား ပဲခူး၌ပင်ဆက်လက်နေထိုင်ပြီး တတ်စွမ်းသရွေ့ လူသူလက်နက်အင်အားဖြင့် ဟံသာဝတီသားတို့ဘက်မှ အကူအညီပေး ရပ်တည်ရန် ဒူးပလေးက ညွှန်ကြားခဲ့သည်။

အလောင်းမင်းတရား နန်းတက်ပြီးခါစ ကာလ၌ ဟံသာဝတီတွင် ပြင်သစ်တို့၏ သြဇာအာဏာ အတန်ပင် လွှမ်းနိုင်နေခဲ့ပြီဖြစ်သည်။

၁၇၅၅ ခုနှစ်၊ မေလအတွင်း အလောင်းမင်းတရားက ဒဂုံကို သိမ်းပိုက်ပြီးနောက် သန်လျင်ကို ဆက်လက်လုပ်ကြံသောအခါ ဘရူနိုက သင်္ဘောကြီးသုံးစင်းဖြင့် ဟံသာဝတီဘက်မှပြောင်ပြောင်တင်းတင်းပင် ပါဝင်ကူညီ တိုက်ခိုက်ပေးခဲ့

သည်။

သန်လျင်ကို ၁၇၅၆ ခုနှစ်၊ ဇူလိုင်လတွင် အလောင်းမင်းတရားသိမ်းပိုက်ပြီးသောအခါ ဘရုနိုအပါအဝင် ပြင်သစ်အကြီးအကဲများစွာကို ဖမ်းဆီးမိခဲ့သည်။

သန်လျင်ကို အလောင်းမင်းတရား မသိမ်းပိုက်မီတွင်ပင် ဘရုနိုက ဒူးပလေးထံသို့ လက်နက်အကူအညီများပေးရန် စာရေးပြီး တောင်းဆိုခဲ့သည်။ သန်လျင်ကို လက်လွှတ်မခံနိုင်သော ပြင်သစ်နယ်ချဲ့တို့က လက်နက်ခဲယမ်းမီးကျောက်အပြည့်အစုံဖြင့် သင်္ဘောသုံးစင်းကို ဘရုနိုထံသို့ စေလွှတ်ခဲ့သည်။ သို့သော် ယင်းသင်္ဘောသုံးစင်းအနက် နှစ်စင်းမှာ သန်လျင်ကို အလောင်းမင်းတရား သိမ်းပိုက်အပြီး နှစ်ရက်ကြာမှ ရောက်ခဲ့ကြသည်။ မြန်မာရေကြောင်းပြတို့က ဘရုနိုရေးပေးခဲ့သည့်စာကို ပြင်သစ်သင်္ဘောကပ္ပတိန်များအား ပြသပြီး သောင်ရှိရာများသို့ လှည့်ပတ်ကာ သင်္ဘောများကို ခေါ်ဆောင်သွားခဲ့ကြသည်။ သင်္ဘောများ သောင်တင်ကုန်သောအခါတွင်မှ ပြင်သစ်တို့ကို ဝိုင်းဝန်းဖမ်းဆီးပြီး လက်နက်ခဲယမ်းများကို သိမ်းဆီးခဲ့ကြသည်။ ထို့နောက် သင်္ဘောများကို မီးရှို့ဖျက်ဆီးခဲ့သည်။

ပြင်သစ်တို့၏ အကြံ ပက်စက်မှုများကို သိရှိသောအခါ အလောင်းမင်းတရားက ဘရုနိုနှင့်ပြင်သစ်အကြီးအကဲတို့အား ကွပ်မျက်ပစ်ခဲ့သည်။ ကျန်လက်အောက်ငယ်သား ၂၀၀ တို့ကိုမူ အသက်ချမ်းသာပေးခဲ့သည်။

ဤသို့ဖြင့် ပြင်သစ်တို့၏နယ်ချဲ့ရန် အကြံအစည်ကို အလောင်းမင်းတရားကြီးက ကောင်းစွာ ချေဖျက်နိုင်ခဲ့သည်။

တတိယအကြိမ်အဖြစ် ရန်ကုန်သို့ အလောင်းမင်းတရား စုန်ဆင်းလာခဲ့သည့်အစီအစဉ်အရ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးလျှင် ရွှေဘိုသို့ပြန်လည်ဆန်တက်ရန် ဖြစ်ခဲ့သည်။ ယင်းအစီအစဉ်အတိုင်းလည်း စီစဉ်ဆောင်ရွက်ရန် ရှိခဲ့သည်။ သို့သော် မမျှော်လင့်ဘဲ အခြေအနေမှာ ပြောင်းလဲခဲ့ရသည်။

ရန်ကုန်နန်းတွင်း ရှိနေစဉ် တစ်နေ့၌ သံတော်ဆင့်တို့က ထားဝယ်မှတစ်ဆင့်ကြားရသော သတင်းစကားတို့ကို သံတော်ဦးတင်ခဲ့ကြသည်။ သံတော်ဆင့်တို့က ကျေးရွာ အစွန်အဖျားများသို့ပင် ထိပါးလာခြင်း ရှိပါကြောင်း လျှောက်တင်ကြသည်။

ထိုအခါ မင်းတရားက ငါကိုယ်တော်တိုင် ချီတက်၍ နှိမ်နင်းတော်မူမည်ဟုအမိန့်တော် ချမှတ်သည်။

နတ်ရွာစံတော်မူခြင်း

၁၁၂၀ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်၍ တပ်ထွက်တော်မူသည်။

ရေကြောင်းမှ သင်္ဘောငါးစင်းက ထားဝယ်မြို့သို့ ဦးတည်သွားသည်။ ကြည်းတပ်တွင် တပ်ပေါင်း ၄၀ ပါဝင်ခဲ့သည်။ ကော့ဝင်းရွာ၊ စစ်တောင်းမြို့၊ ကျိုက်ပိရွာ၊ မိုးထဲအင်းရွာ၊ ကမ္ဘာသရိရွာ၊ ဇင်းကျိုက်ရွာများတွင် တစ်ညစီ စခန်းချတော်မူလျက် နောက်တစ်နေ့တွင် မုတ္တမသို့ရောက်တော်မူသည်။

မုတ္တမမြို့ဝန် ဒေါ်စွယ်ယစက်မှာ စစ်ပြေးစစ်သူကြီးဒလပန်းနှင့်တိုင်ပင်၍ ပုန်ကန်မည်ကြံရွယ်၍ ဒလပန်းအား ကွပ်မျက်သည်။

မုတ္တမမှမော်လမြိုင်သို့ ကူးတော်မူ၍ ထားဝယ်သို့ ဆက်လက်ချီတက်တော်မူသည်။ ထားဝယ်သို့အရောက် ၁၂ ရက်ကြာ ချီတက်တော်မူရသည်။

မြန်မာတပ်များ ချီတက်လာကြောင်း သိလျှင် မာရိတ်မြို့ဝန်နှင့်ပုလောမြို့ဝန်တို့သည် မနေဝံ့တော့သောကြောင့် ထွက်ပြေးကြပြီး တနင်္သာရီမြို့ဝန်နှင့်သွားရောက်ပူးပေါင်းခဲ့ကြသည်။

မင်းတရားတပ်များသည် ပုလောနှင့်မာရိတ်မြို့များကို အလွယ်တကူပင် သိမ်းပိုက်နိုင်သည်။ မာရိတ်မြို့ကို မြိတ်မြို့ဟုအမည် ပြောင်းလဲ ခေါ်ဝေါ်စေသည်။ အရှေ့တောင်ဘက်သို့ ဆက်လက်ချီတက်ခဲ့ရာ နှစ်ရက်ကြာလျှင် တနင်္သာရီမြို့သို့ ရောက်သည်။

မင်းတရားတပ်များသည် အရပ်အဆိုင်း မရှိဘဲ ဆက်လက်ချီတက်ခဲ့ကြရာ ၁၀ ရက်အကြာတွင် ဖြက်ဘီးမြို့သို့ ရောက်ရှိသိမ်းယူကြသည်။ ဖြက်ဘီးမြို့မှ ဆက်လက်ချီတက်ပြန်ရာ သုံးရက်အကြာတွင် ဘန်လွင်ရွာသို့ရောက်ခဲ့သည်။ ယင်းရွာတွင် ရန်သူအလုံးအရင်းဖြင့် တွေ့ဆုံခဲ့သည်။ သို့သော်မင်းတရားကိုယ်တိုင် ဦးစီး၍ တိုက်ခိုက်ရာ အောင်မြင်သည်။

ဘန်လွန်မှ တစ်ဖက် ဆက်လက် ချီတက်ခဲ့ရာ သုံးရက်အကြာတွင် သဖန်းပုန်းမြို့ကို ရောက်ရှိ သိမ်းပိုက်တော်မူသည်။ သဖန်းပုန်းမှ ဆက်လက် ချီတက်၍ တာလန်ချောင်းသို့ရောက်လျှင် အင်အားအလွန်ကောင်းသော ရန်သူတို့က ကြံ့ကြံ့ခံခဲ့ကြသည်။ သို့သော် အင်အားကြီးမားသော ယင်းရန်သူများကိုလည်း အလောင်းမင်းတရားက ထိုးဖောက်တိုက်ခိုက်နိုင်ပြန်သည်။ ယခုအခါတွင် မင်းတရားတပ်များသည် မြို့တော် အယုဒ္ဓယမြို့သို့ အရောက်ချီတော်မူလာကြသည်။

မြို့တော်မြောက်ဖက်သို့ရောက်လျှင် တပ်ကြီးတည်ပြီးလျှင် ထောက်မီလှမ်းမှီများ တည်စေ၍ မြို့တော်ကို ဝိုင်းရံ ထားသည်။ မြို့တွင်းရှိ လူများက မင်းတရားတပ်များအား ထွက်၍ မတိုက်ကြ။ မြို့တွင်းတွင် အခိုင်အမာ တပ်စွဲနေကြသည်။

ထိုအတွင်း မင်းတရားတပ်များ၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာခဲ့သည်။ ဒေသအပြောင်းအလဲ၊ ရာသီဥတုအပြောင်းအလဲနှင့် ဝေးကွာသောခရီးကို ချီတက်ခဲ့ရသည့်သူများဖြစ်သောကြောင့် တပ်သားအချို့ ကျန်းမာရေး ထိခိုက်ကြသည်။ ၁၁ ရက် သင်္ကြန်အကျနေ့သို့ ရောက်လာသည်။

အလောင်းမင်းတရားမှာ အလွန် စိတ်ဓာတ်ပြင်းထန်သူဖြစ်ရာ ယခု တစ်ကြိမ် စစ်ချီရာတွင် အလျှင်စလိုပင် ချီတက်ခဲ့သည်။ လိုအပ်သော ဆင်မြင်း၊ လက်နက်၊ လူသူအင်အားတို့ကိုပြည့်စုံစွာ မစီမံတော်မူခဲ့ချေ။ ထို့ကြောင့် ယခုကဲ့သို့ ခံစစ်ကို လုံအောင်တည်ပြီး ခုခံသောအခါ မင်းတရားအနေဖြင့် ယခင်တိုက်ပွဲများကဲ့သို့ ဖိဖိစီးစီး တိုက်ခိုက်နိုင်လောက်အောင် အင်အား မလုံမလောက် ဖြစ်ရသည်။ ထို့ကြောင့် ထိုးစစ်မဆင်သာဘဲ စစ်ဦးမှာ တန့်နေခဲ့ရသည်။

တစ်ဖန်အရေးကြီးသော အခြားအကြောင်းအချက်တစ်ရပ်လည်း ရှိသေးသည်။

ယင်းအကြောင်းအချက်ကား အလောင်းမင်းတရားကိုယ်တော် ကိုယ်လက် မကြည်သာ မကျန်းမာတော်မူလာခြင်းဖြစ်သည်။

ထိုအခြေအနေတွင် ရာသီဥတုကလည်း ဆိုးရွားမည့်ပုံ ပေါ်လာသည်။ မိုးဥတုဆိုက်ရောက်ပေတော့မည်၊ မိုးဥတုရောက်လျှင် လေမိုးပြင်းထန်စွာ ကျရောက်ပေတော့မည်။ ချောင်းရေများ၊ မြစ်ရေများလျှံတော့မည်။ မြို့တော်တစ်ဝိုက်တွင် ရေလျှံမည်။ ရေများဖွေးတော့မည်။ လူများ၊ တိရစ္ဆာန်များ နေထိုင်စရာ ကုန်းမြေတို့ ရှားပါးပေတော့မည်။ စားနပ်ရိက္ခာများလည်း ပါးရှား၊ ခက်ခဲတော့မည်။

အခြေအနေတိုင်းကို မပြတ်လေ့လာ စောင့်ကြည့်နေစမြဲ ဖြစ်သည့် အလောင်းမင်းတရားက ယင်းအခြေအနေဆိုးကို တင်ကြိုမြင်သိသည်။ ထို့ကြောင့် ၁၁၂၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်နေ့၌ သားတော် ဗိုလ်မှူး၊ တပ်မှူးတို့ကို ခေါ်ယူတော်မူ၍ လုပ်ရေးကိုင်ရေးများကို ဆွေးနွေးတိုင်ပင်တော်မူသည်။

ထိုအခါ မင်းခေါင်နော်ရထာက စစ်တို့၏ သဘောမှာ ရှုတ်တရက်၊ ရှောင်တခင် တွေ့ဆုံတိုက်ခိုက်ရသော် အရေးပြီးလွယ်ပါသည်။ သို့သော် ဝိုင်းရံ၍ စစ်ညောင်းလျှင် တပ်အိုမင်းပြီး ခြင်ယင်လည်းထူသဖြင့် အနာရောဂါ ရောက်တတ်ပါသည်။ ယခုတစ်ကြိမ် နေပြည်တော်သို့ပြန်တော်မူပြီး နောက်တစ်ကြိမ် ရန်သူတို့၏

မြို့တော်ကို လုပ်ကြံသင့်ပါသည်။ နောက်တစ်ကြိမ် လုပ်ကြံလျှင် အလွယ်တကူပင် အောင်မြင်နိုင်ပါမည်ဟု တင်လျှောက်သည်။

စွမ်းရည်သတ္တိနှင့် ပြည့်စုံလှသော ဗိုလ်ချုပ်ကြီး မင်းခေါင်နော်ရထာ၏ လျှောက်ထားချက်ကို ကြားသိရလျှင် အလောင်းမင်းတရားက အမိန့်တော် ချမှတ်သည်။

သို့ဖြစ်လျှင် နက်ဖြန်ပင် တပ်ဆုတ်တော်မူမည်၊ ငါ့သားတော်မြေးဒူးမင်းသားက ငါ့နောက်မှထက်ကြပ်မကွာ လိုက်စေ၊ မင်းခေါင်နော်ရထာက မြင်းငါးရာ၊ သေနတ်စွဲ ခြောက်ထောင်ဖြင့်လည်းကောင်း၊ မင်းလှနော်ရထာက မြင်းနှစ်ရာ၊ သေနတ်စွဲ သုံးထောင်ဖြင့်လည်းကောင်း ထောက်မှီကမ်းမှီ နောက်မှလိုက်ခဲ့ရမည်။

ယင်းသို့ မိန့်တော်မူ၍ ကဆုန်လဆန်း ၃ ရက်နေ့တွင် အလောင်းမင်းတရား၏ တပ်များ ပြန်လည်ဆုတ်ခွာကြသည်။ မင်းလှနော်ရထာမှာ တပ်မတော်နှင့် ကမ်းမီလမ်းမီမှ လိုက်ပါလာခဲ့သည်။

မင်းခေါင်နော်ရထာမှာ မြို့တော်အပြင်တွင် ကျန်ရစ်သည်။ သူ့တပ်များက မြို့တွင်းမှထွက်လာမည့်တပ်များကို ဟန့်ထားရန် တာဝန်ယူရသည်။ မင်းတရားနှင့်တကွ တပ်များ မြို့တော်ကို ဝိုင်းထားရမှ ပြန်လည်ဆုတ်ခွာသွားကြောင်း သိလျှင် မြို့တွင်းမှ အလုံးအရင်းဖြင့် ထွက်လာပြီး လိုက်လံတိုက်ခိုက်ကောင်း တိုက်ခိုက်ကြပေလိမ့်မည်။ မင်းတရားကို အန္တရာယ်ပြုနိုင်ကောင်း ပြုနိုင်မည်။ ယင်းအန္တရာယ်ကို မင်းခေါင်နော်ရထာ၏ တပ်များက ကာကွယ်ကြရမည် ဖြစ်သည်။

မင်းခေါင်နော်ရထာတို့ ခန့်မှန်းခဲ့သည့်အတိုင်းပင် တပ်များ ဆုတ်ခွာသွားကြောင်း သိသောအခါ မြို့တွင်းမှထွက်၍ မင်းခေါင်နော်ရထာတို့တပ်ကို တိုက်ခိုက်ခဲ့ကြသည်။ သူတို့က မင်းခေါင်နော်ရထာ၏ တပ်ကို လေးဘက်လေးတန်မှ ဝိုင်းကြသည်။

မင်းခေါင်နော်ရထာက ဝိုင်းထားသောတပ်များကို မျက်နှာလေးမျက်နှာမှ ထိုးဖောက်၍ ထွက်နိုင်ခဲ့သည်။ ထိုအတွင်း မင်းလှနော်ရထာကလည်း သေနတ်သံများကြား၍ မင်းခေါင်နော်ရထာအား ကူညီရန် ပြန်လည်ရောက်လာခဲ့သည်။ သို့သော် မင်းခေါင်နော်ရထာက တာရှည်စွာ အချိန်ဆွဲမထားဘဲ မင်းလှနော်ရထာတပ်ကို မင်းတရားနောက်သို့ အမြန်လိုက်စေသည်။

ရှင်းလင်းတိုက်ခိုက်ရန် ရှိသည်များကို လေးရက်ခန့် ရှင်းလင်းတိုက်ခိုက်အောင်မြင်ပြီးသည့်နောက် မင်းခေါင်နော်ရထာလည်း မင်းတရားနောက်သို့လိုက်ပါသွားသည်။

ယင်းသို့ ဆုတ်ခွာစဉ်ကာလအတွင်း မင်းတရား၏ ကျန်းမာရေးအခြေအ

နေမှာ မျှားစွာဆိုးရွားလာခဲ့သည်။ ဝေါတော်ပေါ်၌ လိုက်ပါရင်း သမားတော်များ၏ ဆေးဝါးကုသမှုများကို အမျိုးမျိုးခံယူတော်မူရင်း တစ်နေ့ထက်တစ်နေ့ ရောဂါအခြေအနေက သက်သာခြင်း မရှိခဲ့ချေ။

မင်းတရားသည် ၂၄ စခန်းနှင့်မုတ္တမသို့ ရောက်လာသည်။ ထိုမှတစ်ဆင့် မုတ္တမကျေး၊ ကင်းရွာသို့ ၁၁၂၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် ရောက်ရှိတော်မူသည်။

နောက်တစ်နေ့ ကဆုန်လပြည့်ကျော် ၁၂ ရက် မိုးလင်းစအချိန်တွင် မင်းတရား နတ်ရွာစံတော်မူသည်။

မင်းတရား နတ်ရွာစံတော်မူကြောင်း အတွင်းလူများမှအပ မည်သူ့ကိုမျှ အသိမပေးခဲ့ချေ။ ကိုယ်တော်အား မပုပ်မသိုးအောင် ပြင်ဆင်ပြီး ဆောင်ယူတော်မူမြဲ ဝေါတော်နှင့် ဆက်လက်ဆောင်ယူတော်မူသည်။

သို့သော် မုတ္တမမှ ပဲခူးရောက်၊ ပဲခူးမှ ရန်ကုန်သို့ရောက်ပြီး ဖောင်တော်ပေါ်သို့ အလောင်းတော်ကို တင်ဆောက်သောအခါတွင် အားလုံး သိကုန်ကြတော့သည်။ ဆူပွက်အောင် ပူဆွေး၊ ငိုကြွေးကြတော့သည်။

အလောင်းတော်ကို ဖောင်တော်ဖြင့် ဆက်လက် ပင့်ဆောင်ခဲ့ရာ ကျောက်မြောင်းဆိပ်သို့ ရောက်သည်။ ယင်းမှတစ်ဆင့် နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်ခဲ့ကြရာ နေပြည်တော်ရောက်လျှင် မြို့မြောက်ဘက်လှိုင်သာတံခါးမှ သွင်းယူတော်မူသည်။ ထို့နောက် စကြာဝတေး မန္တတ်မင်းတို့ကို သင်္ဂြိုဟ်သကဲ့သို့ ကြီးကျယ်ခမ်းနားစွာဖြင့် လွှတ်တော် အရှေ့မြောက်၊ မြောက်နန်းမြို့တော်အတွင်းတွင် သင်္ဂြိုဟ်တော်မူလေသည်။

အလောင်းမင်းတရားသည် သာမန်အရပ်သားအဖြစ် အသက်၃၇ နှစ်နှင့်ခုနစ်လနေ၍ ထီးနန်းစည်းစိမ် ရှစ်နှစ်နှင့်တစ်လ စံစားပြီး သက်တော် ၄၅ နှစ် ရှစ်လ (၄၆)နှစ်တွင် နတ်ရွာစံတော်မူခြင်း ဖြစ်သည်။

၁၁၁၇ ခုနှစ်က ရွှေဘိုမြို့တွင် အလောင်းမင်းတရားထံ ဝင်ရောက် တွေ့ဆုံဖူးမျှော်ခဲ့သည့်အင်္ဂလိပ်သံအမတ် မစ္စတာဘေကာက အလောင်းမင်းတရားနှင့် စပ်လျဉ်း၍ ၎င်း၏မှတ်တမ်းတွင် မှတ်သားထားချက်များကို အောက်တွင် ပြန်လည် ဖော်ပြပါသည်–

အလောင်းမင်းတရားသည် အသက် ၄၅ နှစ်အရွယ်ခန့်ရှိ၍ အရပ်အမောင်းမှာ ၅ ပေ ၁၁ လက်မခန့် မြင့်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာ ထွားကြိုင်းသန်မာသည်။ အသားအရောင်မှာ မြန်မာများကဲ့သို့ပင် အသားညို ဖြစ်သည်။

မျက်နှာပေါက်မှာ ပါးလျားထင်းရှားခြင်း မရှိဘဲ အတန်ငယ်ရှည်၍ ကြမ်းတမ်းသည်။ ကျောက်ပေါက်မာအရာများ ရေးရေးရှိသည်။ အရေးကြီးသောကိစ္စများ ဆောင်ရွက်ရန် ကြုံကြိုက်လျှင် ဣန္ဒြေနှင့်ပြည့်စုံသူဟု ထင်မှတ်သည်။ စိတ်သဘောထားမှာ လူတစ်ယောက်နှင့်စကားပြော၍ သိရသလောက်ဆိုသော် လျှင်မြန်ထက်မြက် သေချာစေ့စပ် ရက်စက်သည်ဟု ထင်မြင်ဖွယ်ရှိသည်။ အမှုစစ်ဆေးရာ၌ သမစိတ္တ မျှတသည်ဟု အချီးအမွမ်းခံရပေသည်။ အပြစ်ပေး၍ သတ်ဖြတ်ခြင်းတို့ကို ကိုယ်တိုင် စစ်ဆေး အမိန့်ပေးခြင်း၊ ကိုယ်တိုင် ကြည့်ရှုခြင်းတို့ကြောင့် သမစိတ္တရှိသည်ဟု အချီးမွမ်းခံရခြင်း ဖြစ်သည်။

သူရသတ္တိမှာ မကြောက်မရွံ့ စိတ်ဓာတ် ခိုင်မာ မြဲမြံ၍ ဇွဲကောင်းကြောင်းထင်ရှားသည်။ ထိုသို့သောသတ္တိဖြင့် မိမိစစ်တပ်အား လိုက်နာဆောင်ရွက်ရန် စည်းကမ်းဖြင့် တင်းကျပ်စွာ အုပ်ချုပ် တည်ထောင်သောမင်းဖြစ်သည်။

သားတော်–သမီးတော် ကိုးပါးရှိရာ ပထမအကြီး သုံးဦးမှာ သားယောကျာ်းဖြစ်၍ အသက် ၂၂ ခန့်ရှိ သားအကြီးဆုံးမှာအိမ်ထောင်သည်ဖြစ်သည်။ ဆွေမျိုးများနှင့်မှီခိုနေကြသူတို့ ပေါများလှသည်။ ယင်းဆွေမျိုး အများအပြားအား ရာထူးဌာနန္တရများ ပေးကမ်း ချီးမြှင့်ထားခဲ့သည်။

အလောင်းမင်းတရား၏ အမူအရာအချုပ် *

(၁) စကားနည်း၍ ပြောသောအခါ ပီပြင်လေးနက်ပြီးလျှင် မှတ်သားဖွယ် ဖြစ်သည်။

(၂) ခံ့ညားသော ဣန္ဒြေရှိ၍ မျက်နှာထားမဆိုးသော်လည်း ဟက်ဟက် ပက်ပက် ရယ်ရွှင်ခြင်း မရှိ။

(၃) အလုပ်တစ်ခုကို မလုပ်မီ စဉ်းစား၍ လုပ်သောအခါ မအောင်မြင် သည့်အလုပ် မရှိခဲ့ပေ။

(၄) မောဟနည်း၍ အအိပ်အနေ နည်းပြီးလျှင် အိပ်တော့မည်ဆိုသည် နှင့်တစ်ပြိုင်နက် အိပ်ပျော်၍ မှန်းထားသည် ထက်ပိုပြီးလျှင် အိပ်ပျော်လေ့ မရှိ တတ်။

(၅) ကြောက်ရွံ့ တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း၊ ညည်းညူခြင်းမရှိ၊ ဝေဒ နာ အကြီးအကျယ် ကပ်ရောက်လာသောအခါ ထွက်သက်ဝင်သက်ကို သုံးသပ် လျက် ငြိမ်းစေပြီးလျှင် ဘဝကူးတော်မူလေ၏။

(၆) အသုံးအစွဲ အလွန်ကျစ်ကျစ်ဘိ၏။ တစ်နေ့သ၌ မိဖုရားကြီးသည် ပိုးထဘီနှင့်နိုင်ငံခြားအထည်ကို ဆင်၍ အဆောင်တော်တွင် ရံရွေတော်များနှင့်နေ သည်ကို တွေ့လေရာ "ဩော်–ရှင်မိဖုရားအတုကို ပြည်သူပြည်သားများ တုလေ လျှင် ငါ့တိုင်းပြည်သည် မကြာမီ မွဲတော့မှာပဲ"ဟု မိန့်တော်မူဖူး၏။

(၇) အပျော်အပါးနည်း၍ အလုပ်နှင့်မွေ့လျော်ခြင်းကို အလွန်နှစ်သက် ဘိ၏။ တစ်နေ့သ၌ မိဖုရားခေါင်ကြီးသည် အဆောင်တော်တွင် ငြိမ်းချမ်း သက် သာ ပျော်ရွှင်စွာ အဆိုတော်များနှင့် ရယ်မောပြောဆိုနေသည်ကို တွေ့လေရာ "ဩော်–ရှင်မင်းပုံလည်း မိဖုရားခေါင်ကြီးဖြစ်လို့ ဗိုင်းဝါတို့ကိုမေ့ပြီး အဆိုအက နှင့်အညီပြေရှာရပေပေါ့၊ ဗိုင်းဝါကို မုန်းတဲ့ မိန်းမဟာ လင်ကိုမုန်းခြင်းအစစ်ပဲ ရှင် မင်းပုံရေ၊ သည်အတုတွေကိုများ မျူးမတ်ကတော်တို့နှင့် ဆင်းရဲသူတွေတုကြရင် ငါ့တိုင်းပြည်ဟာ နိုင်ငံခြားကို အလွန်ဆက်သရတော့မှာပေပဲ၊ တစ်ကြောင်းမှာ လည်း ရှင်မင်းပုံရဲ့ လူများဟာ အလုပ်အကိုင်မရှိရင် ပျင်းရိလာတတ်တယ်၊ ပျင်း လာတဲ့အခါမှာ အကျိုးမရှိဘဲ အညောင်းကိုသာ ဖြစ်စေတတ်တဲ့ ကြွေအံပုဆစ်တို့ ကို လေ့လာ ကစားတတ်ခြင်း၊ အပျော်အပါး လိုက်စားတတ်ခြင်းတို့ကို ပြုလာကြ

* စစ်ကိုင်းဦးဘိုးသင်းရေးသော အလောင်းမင်းတရားကြီးဦးအောင်ဇေယျစာအုပ်မှကူးယူ ဖော်ပြပါသည်

လို့ လူများဟာ ပေါ့ပျက်လာတတ်ကြတယ်။ အဲသည်လို လူပေါ့ လူပျက်များဟာ အလုပ်နှင့်လက် မပြတ်ရှိသင့်ပါတယ်''ဟု မိန့်တော်မူဖူးလေ၏ ။

(ဂ) မျက်နှာတံစိုး လိုက်လေ့မရှိ၊ တစ်နေ့သ၌ မိဖုရားခေါင်ကြီးက သူ့မောင်မှာ ဘာမျှ အရာအထူးမရှိပါဟုပူဆာလေရာ အလောင်းမင်းတရားကြီးသည် ကောင်းပြီ ကောင်းပြီဆို၍ မယ်မင်းမောင်တော်ကို ခေါ်ပါဆိုပြီးလျှင် နန်းတော်အောက်၌ ခွေးမွေးနေသည်၊ ခွေး ဘယ်နှစ်ကောင်မွေးသလဲ ကြည့်ချေဆို၍ မိဖုရားကြီး၏ မောင်လည်း သွားရောက်ကြည့်ပြီးလျှင် ခွေးငါးကောင် မွေးကြောင်းကို လျှောက်ထား၍ အထီးဘယ်နှစ်ကောင် အမဘယ်နှစ်ကောင်လဲ မေးပြန်ရာ တဖန် သွားရောက် ကြည့်ပြန်၍ အထီးနှစ်ကောင်၊ အမသုံးကောင်ပါဟု လျှောက်တင်ကာလ၊ ကြံဘယ်နှစ်ကောင်စုံသလဲ မေးပြန်သဖြင့် တစ်ဖန်သွားရောက်ကြည့်ဦးမည်ပြုသောအခါ နေပေစေတော့ဆိုလျက် ရွှေတိုက်စိုးကို ခေါ်တော်မူပြီးလျှင် နန်းတော်အောက်မှာ ခွေးမွေးနေသည် သွားကြည့်ချေပါဟု ခိုင်းလိုက်ပြန်ရာ ရွှေတိုက်စိုးလည်း ပုရပိုက်နှင့်သွားရောက် မှတ်သားပြီးသော် အထီးမည်မျှ၊ အမမည်မျှ၊ မည်မျှကြံစုံသည်၊ မည်မျှကြံမစုံ၊ အမွေးမည်သို့ စသည်ဖြင့် တင်လျှောက်လေ၏ ။ ထိုအခါမှ မိဖုရားခေါင်ကြီး အား ရှင်မရဲ့ မောင်မှာ ခွေးငါးကောင်ကို ငါးခေါက်ကြည့်နေမည့်သူ ဖြစ်ချေသောကြောင့် သူနှင့်တန်ရာ နန်းတော်ထက်တွင် အေးအေးချမ်းချမ်းပဲ စားသောက် နေထိုင်ပါစေတော့ဟုအမိန့်တော်ရှိလေ၏ ။

အလောင်းမင်းတရားကြီး ထုံးဖွဲ့ထားခဲ့သော တိုင်းပြည်အုပ်ချုပ်ပုံမှာကား မြန်မာပြည်၌ သူပုန်ထနေသောအခါ ဖြစ်စေ၊ စစ်ဖြစ်နေသောအခါဖြစ်စေ၊ ရှင်ဘုရင်သည် စစ်ဘုရင်ချုပ်အဖြစ်ဖြင့် တိုင်းပြည်ကို သဘောအတိုင်း လုံးဝအုပ်ချုပ်ပိုင်ခွင့်ရလေ၏ ။ အခြားအချိန်၌မူကား တိုင်းပြည်အစိုးရအဖွဲ့ဟူသည်ကား အတွင်းဝန်လေးပါး၊ အပြင်ဝန်လေးပါး၊ သို့မဟုတ် ခြောက်ပါးစီ ဖြစ်၍ ပထမအသင်းမှာ လွှတ်တော်ကြီးပင် ဖြစ်လေသည်။ ထိုလွှတ်တော်၌ ဘုရင်မင်းမြတ်ကိုယ်တိုင်ဖြစ်စေ၊ ဘုရင်မင်းမြတ် လွှဲအပ်ထားသောအိမ်ရှေ့မင်းသားတစ်ပါးပါးသော်လည်းကောင်း၊ ကိုယ်စားလွှဲအပ်ထားသော အိမ်ရှေ့မင်းသားသော်လည်းကောင်း ခုံပြုလုပ်၍ လွှတ်တက် အုပ်ချုပ်ရလေ၏ ။ ထိုလွှတ်တော်ကြီးမှတစ်ဆင့် မဟုတ်ဘဲ မည်သည့်အမိန့်ကိုမျှ တိုင်းပြည်က လိုက်နာရန် မထုတ် မဆင့်ရသည့်ပြင် မှုထမ်းရာထမ်း၊ ဝန်ကြီးဝန်ခံစသည်တို့ကိုလည်း ခန့်ထားခြင်း မပြုရချေ။

ထိုလွှတ်တော်ဝန်ကြီးတို့မှာ မျုးမျိုးမတ်မျိုး အရိုးအရာအလိုက်ခန့်ထားသည်မဟုတ်၊ ဉာဏ်ပညာအခြေကို အမှီပြု၍ မည်သူ့ကိုမဆို ခန့်ထားခွင့်ရလေသည်။ ဒုတိယမင်းတိုင်ပင်အစည်းအဝေးတွင် အတွင်းဝန်လေးပါး ပါဝင်သည့် မြို

တိုက်သည် လွှတ်တော် လက်အောက်ဖြစ်သော်လည်း ဗြဲတိုက်အရာရှိတို့သည် တိုင်းပြည်သဘောကျ ရွေးချယ်ထားသည့်မှူးမတ်စုများကဲ့သို့ ဖြစ်သည့်အတိုင်း၊ ဗြဲတိုက်အရာရှိတို့နှင့်အတွင်းဝန်လေးပါးတို့သည် မိမိတို့၏ လူပျိုတော်သားများနှင့် တိုင်းသူပြည်သားတို့၏ အလိုကို သိအောင် စုံစမ်းစနည်းနာ၍ တိုင်းပြည်သဘောကျ ဖြစ်အောင် စီမံဆောင်ရွက်ဖို့ ရှင်ဘုရင်ကို တိုက်တွန်းရလေသည်။ ဗြဲဆိုသော စကားသည် လူပျိုဟူသောအဓိပ္ပါယ်ရ၍ ဗြဲတိုက်ဆိုသည်မှာ လူပျိုတော်များအစည်းအဝေးဟု အနက်ရလေသည်။ ထိုလူပျိုတော်များအစည်းအဝေးဟု အနက်ရလေသည်။ ထိုလူပျိုတော်များသည် မြို့ပြင်လေးရပ်ကို လှည့်လည်၍ တိုင်းပြည်အကြောင်းအရာကို မှတ်သားပြီးသော် တစ်ချက်တစ်မောင်း ရှုံးတက်မီ ဗြဲတိုက်သို့လာရောက် စည်းဝေး တင်လျှောက်ရလေသည်။ ဗြဲတိုက်စာရေးကြီးလည်း အစဉ်သဖြင့် တိုင်းရေး၊ ပြည်ရေး နိုင်ငံရေးကို သာယာအောင် စီမံသည့်အတွင်းဝန်များ၏ အမှုဆောင်ဖြစ်လေသည်။

အတွင်းဝန် လွှတ်တော်ဝန်များကို တိုင်းပြည်က သဘောမကျခဲ့သော် သိနိုင်ရန် လူပျိုတော်များ၊ ခေါင်းအကြီးအမှူးသည် ရှင်ဘုရင်ထံ တိုက်ရိုက်ဝင်၍ တင်လျှောက်ခွင့်ရလေ၏။ (ထိုစည်းမျဉ်းအရ ဘကြီးတော် မှန်နန်းရှင်ဘုရားလက်ထက်တော်က မြို့ဝန်ကုလားလူမျိုး ဘိုင်စပ်ညီအစ်ကိုနှစ်ယောက်ကို ကွပ်မျက်ရလေ၏။ ဘိုးတော်ဘုရားလက်ထက်တော်၌လည်း တရားမမှုတစ်ခုတွင် ဘိုးတော်ကိုယ်တိုင် တရားခံအဖြစ်နှင့် ပါဝင်နေ၍ လွှတ်တော်မှအမိန့်ချ ဆင့်ခေါ်၊ ဆင့်ဆိုခြင်းကို ခံရလေ၏။)

စင်စစ်အချုပ်မှာ တိုင်းပြည်အစိုးရသည်တိုင်းသူပြည်သားတို့သဘောကျလွှတ်တော်ကြီးပင်ဖြစ်လေသည်။ တိုင်းပြည်က သဘောမကျသောအခါ ဘုရင်မင်းမြတ် လွှတ်တော်ဝန်များကို ပယ်ရလေသည်။ မပယ်သောအခါ ထီးပြောင်း နန်းပြောင်း ဖြစ်ရလေသည်။ မြို့ဝန်နှင့်ဘုရင်ခံများမှာကား အများအားဖြင့် ဆွေတော်မျိုးတော်နှင့်ကျေးဇူးရှိသူများသာ ဖြစ်ကြလေသည်။ သို့ရာတွင် အမှုထမ်းကောင်းများနှင့်ပညာရှိများကိုလည်း ရွေးချယ် စိစစ်ခန့်ထားလေ၍ ယေဘုယျအားဖြင့် မြို့ဝန်များမှာ အမှုထမ်းကောင်းများနှင့်ပညာရှိများသာ ဖြစ်လေသည်။

နိုင်ငံတော်အတွင်း လုပ်ခင်းဆောင်တာ လယ်ယာကိုင်းကျွန်းစသော မြေယာအလုံးတို့သည် တိုင်းပြည်ဆင်းရဲခြင်းကို ကာကွယ်သောအားဖြင့် အစိုးရပိုင်အရာတော်မြေ ဖြစ်စေနိုင်၏။ တိုင်းပြည်သည် တိုင်းသူပြည်သား အားလုံးပိုင်ဖြစ်၍ အချိန်အရွယ်ရောက်သော မည်သည့်အမျိုးသားမဆို စစ်မှုထမ်းခွင့်ရ၍ စစ်အတတ်ကို သဘောရှိ သင်ကြားခွင့် ပြုထား၏။ စစ်စရိတ်ငွေတော်ကိုလည်း

ထောက်ပံ့ခွင့် ပြုလေသည်။ ရှင်ဘုရင်ဆိုသူသည် ရွှေတိုက်တော်မှဘဏ္ဍာတော်တို့ကို ကိုယ်ကျိုး ကိုယ်စီးပွားအတွက် သုံးစွဲခွင့်မရ၊ တိုင်းသူပြည်သားတို့သည် အစိုးရ၏ အမိန့်မရဘဲ နိုင်ငံတော်အတွင်းမှ ထွက်ခွာမသွားရ။ တိုင်းသူပြည်သားဆိုသည် မှာလည်း ညှော့သည်အဖြစ်နှင့်မနေဘဲ လုပ်ကိုင်စားသောက်နေသည့် မည်သည့်နိုင်ငံခြားသားမဆိုပင်ဖြစ်၍ မည်သူမဆိုအလိုရှိသော သာသနာကို ကိုးကွယ်ခွင့်ပြုထားသဖြင့် ဘုရင်ဂျီသာသနာနှင့်မဟာမက်သာသနာသည် မြန်မာပြည်တွင် ရှေးဦးကျသော နိုင်ငံခြားသာသနာများ ဖြစ်လေသည်။

ပြဆိုခဲ့သော လွှတ်တော်နှင့်ဗြဲတိုက်၊ သို့မဟုတ် အဖွဲ့နှစ်ဖွဲ့သည် တိုင်းပြည်ကို အုပ်ချုပ်ထားသည့်အတိုင်း ရှင်ဘုရင်ပင်လျှင် လွှတ်တော်က သဘောမတူဘဲ မည်သည့်တာဝန်ခံ အရာရှိကိုမျှ ခန့်ထားခြင်း မပြု၊ မင်းကြီးသက်တော်ရှည်သည် လွှတ်တော်၌ ဝန်ကြီးချုပ်ဖြစ်၍ ၎င်းသည် တိုင်းပြည်၌ ဘေးမဲ့ရထားသူ ဖြစ်ရသည့်ပြင် ၎င်း၏စကားကို ဘုရင်သည် လုံးလုံးငြင်းပယ်ခွင့်ရခဲ့လေသည်။ အစိုးရအမှုထမ်းတို့မှာလည်း တိုင်းပြည်အခွန်တော်ကို သုံးစွဲခွင့်မရကြ၍ ၎င်းတို့ရာထူးနှင့် ထိုက်လျောက်သည့် ပယ်စားမြေများကို လုပ်ကိုင်စားရန် အစိုးရက ခွင့်ပြုထားသဖြင့် ၎င်းရာထူး တစ်နည်းနည်းနှင့် ဆုံးပါးပျက်စီးသွားသောအခါ ၎င်းပိုင်မြေတို့သည် အစိုးရမြေများ ဖြစ်ပြန်လေသည်။

(ထို့ကြောင့် မြန်မာမင်းတို့ လက်ထက်က ရာထူးကျသောအခါ ရာထူး စည်းစိမ်ကိုပါ ရုပ်သိမ်းသည်ဟု ပြန်တမ်းထုတ်လေသည်။) တရားဌာနမှူကား မြို့သူကြီး မြို့ဝန်တို့ပင် စီရင်ဆုံးဖြတ်ကြရ၍ သဘောမကျက လွှတ်တော်သို့တိုင်အောင် အယူခံနိုင်သည့်ပြင် လွှတ်တော်မှ စီရင်ဆုံးဖြတ်သည်ကိုပင် နှစ်ဦးသဘောကျရာခုံတွင် အဆုံးသတ် အယူခံခွင့်ပြုထားလေသည်။

အလောင်းမင်းတရားအမိန့်တော်များ

ရွှေ့စာမျက်နှာတွင် အလောင်းမင်းတရား၏ အမိန့်တော်လေးစောင်ကို ကူးယူဖော်ပြထားပါသည်။

မြန်မာနိုင်ငံသမိုင်း ကော်မရှင်က ထုတ်ဝေသည့်''အလောင်းမင်းတရား အမိန့်တော်များ''စာအုပ်တွင် မင်းတရား၏ အမိန့်တော်ပေါင်း ၂၇ ခုကို ဖော်ပြထားပါသည်။ ယင်း ၂၇ ခုထဲမှ ယခုလေးခုကို ထုတ်နုတ်၍ဖော်ပြခြင်းဖြစ်ပါသည်။

## အလောင်းမင်းတရားအမိန့်တော်
## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## သက္ကရာဇ် ၁၁၁၆ ခုက ကဆုန်လ ဟိုင်းကြီးဂုမ္ပဏီဒေါ်တို့ကို ပေးသည့် ရာဇသံအမိန့်တော်။

[ဟိုင်းကြီးကျွန်းရှိအင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီတိုက်သို့ပေးသည့်အမိန့်တော်။]

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သုနာပရန်တမ္ပဒီပ ကမ္ဗောစတိုင်းကြီး[၁]အပေါင်းတိုင်းဝှန်နှင့်သရေခေတ္တရာပြည်အရိမဒ္ဒနာပုဂံပြည်ပင်ယ မြင်စိုင်းစစ်ကိုင်း အင်းဝ ကလေး မိုးကောင်း မိုးညှင်း ဗန်းမော် မိုးမိတ်၊ သီပေါ။ ယောက်စောက်မှစ၍။ ရာဇဌာနီ ထီးဆောင် စော်ဘွားမြို့စားအပေါင်းနှင့်တကွ၊ ရတနာသိင်္ဃ ကုန်းဘောင် ရွှေပြည်ကြီးကို အစိုးရတော်မူသော ပတ္တမြားနီလာ ဥဿဘယား ရွှေငွေ ပယင် ကြေးသံ ရတနာတွင် အပေါင်တို့ကို အစိုးရတော်မူသော ဆင်ဖြူဆင်နီ ဆင်ကျားများသခင်။ အသျှင်ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ၅၂၈ ပါးသော များသောမေတ္တာစိတ်နှင့်တကွ။ အမိန့်တော်ရှိသည် မော်ခင်ရာဇ်[၂] အကြီးဂုမ္ပည်ဒေါ်[၃]ကို။ မဇ္ဈိမာဒေသဖြစ်သော ပြည်ထောင်မင်တိုင်ဝ်နှင့် မြန်မာဥစွန်းကို အစိုးရသော ဘေးလောင်တော် ဘိုးလောင်တော် အဆက်ဆက်ပြည်၏ အင်္ဂါ ၇ ပါးတွင် သခါဟူသော ပြည်ထောင်ခြင်း ထီးဆောင်မင်ကေရာဇ်တို့ဝယ်ဖြစ်ခဲ့သော အင်္ဂါဖြစ်သည် ငါ ဘေးလောင်တော် ဘိုးလောင်တော် အဆက်ဆက် မဇ္ဈိမာဒေသ၌ဖြစ်သောမင်းတို့နှင့် အစည်မိသဟာယဖြစ်ကြ၍ ပတ္တမြားကျော်သံအမြော်သွေ့ သက္ကလပ် အုပ်မျိုးထဉ် မျိုးကုန်စယ်နှင့် ဆင်ရဲသားတို့သည်လဉ် အရှင်အတင် ရောင်ဝယ်ဘောက်ကား၍ မိဘသားမယား စဉ်စိမ်ဥစ္စာစီးပွါးကြ၍ ချမ်းသာစွာ အသက်မွေးကြရသည်[၄] ကိန်းခန်းအလျောက် ရာမညတလိုင်တို့။ အရှင်ကို အရှင်မမှတ်။ လက်ဝါး ပြောင်ပြန်။ ကျေးဇူးသစ္စာတော်ကို ဖောက်ပြန်၍ ပုန်စားရိုင်ပြုထောင်ထားသဉ်ကို ရတနာပူရ အင်းဝမြို့လည်။ အနှစ်တရာကျော်လျှင်။ ဥပါဒ်ရောက်မြဲအစည်ကဲ့သို့ဖြစ်၍။ ပျက်စီးရမည်အခါ ရောက်သည်နှင့် ရတနာပူရ အင်းဝမင်းဟောင်းလည်။ တရားကိုမစောင့် ကျင့်လေသဉ်တကြောင်း။ တကြောင်းမှာလဉ်ဘုန်းရှိလာ မြောက်ဘုန်းမဲ့ပျောက်သည်ဆိုသကဲ့သိုဝ့်။ ငါဘဝရှင်အလောင်းမင်းတရားကြီးတရား(ဘုရား)ပေါ် ထွန်သိမ်းရှုန်ရမည် အချိန်ရောက်၍ အခိုက်အတန့်မျှ မြန်မာတိုဝ့်တိမ်းယိမ်းနှင့်ရသည်။ တိမ်ယိမ်နှင့်ယဉ်ကို သိုက်ခါတ်နှင့်အညီ။ ရတနာသိင်္ဃ ကုန်ဘောင် ရွှေမြို့တော်ကြီးကို တဉ်ထား၍ ရွှေထီးရွှေနန်းစိုက်ထူလျှင်။ ထီးဆောင် မြို့စား ရှမ်းကိုးစော်ဘွားမှစ၍ ကသည်းစော်ဘွားဟုန်။ ကချင် ကရင် ခနေ။ စော်ဘွားခေါင်အကြီး ထီးဆောင်အပေါင်းတို့။ ပျပ်ဝပ်ကြိုးနွံ

ကျွန်တော်ခံ[၅]၍ အမှု တော်ကိုဝ်ညီညွတ်စွာ ထန်ရွက်ကြလျှင် ရှေးမင်အဆက်ဆက်။ တို့လက်ထက်ရတနာတွင် အပေါင်တို့ တိမ်မြုပ်သမျှသည် ဘုန်းတော်ကြောင့်။ အဆဆတိုးပွါးပေါ် ထွက်၍ ပြည်သူပြည်သားအပေါင်းတိုဝ့် ရေချမ်းအိုင်းကိုဝ်ရင်၌ ပိုက်ရသကဲ့သိုဝ့် စိတ်၏ ရွှင်ပျချမ်းသာခြင်းကိုဝ်။ ရကြသည်။ မတရားသောအကျင့် ကိုကျင့်၍ ပြည်ဆူးပြည်ညောင်ပြည်ကျင့်သဉ်ကိုဝ် မှန်သောသစ္စာစကားဖြင့်။ မိဋ္ဌာန်၍ တစ်ကြိမ်ကြိမ် ရှင်းလင်းရသည်နှင့်။ ၁၁၁၆ ခု ငါကိုယ်တော်မြတ် ဆင်မြင် အလုံးအရင်းနှင့်[၆] ချီတော်မူ၍ တိုက်လံရသည် ပြည်ကြက်တင်းတောင်[၇]တွင် သစ် တပ်ကျုမ်မြောင် လေ့ ၆၀၀ ကျော် အမြော်သ္မေံ။ ဆင်မြင် လ္နက် အကုန်အစင် သိမ်းယူလိုက်၍ ပြေးသွားစေသည်။ မဇ္ဈိမာဒေသဖြစ်သော တကျွန်တနိုင်ငံ ကုန် သဉ်သူဌေးသူကြွယ်နှင့် ငါ နေပြည်တော် ရတနာပူရ အဝရွှေမြို့တော်နှင့်စီးပွါး ပြုဘက်။ ဘေးလောင်တော် ဘိုးလော်တော် အဆက်ဆက် လ္ထက်တိုးပွါး၍ မေတ္တာ နှင့်တဦးစီးပွါးကိုတဦး အရှည်ကာလ ချမ်းသာငြိမ်ဝပ်၍ ပတ္တာမြား ရွှေငွေကြေသံ ပယင် သ္နေတ်သက္ကလတ် အုပ်မျိုးထည်မျိုး ခရီးလမ်းဟောင်း အတိုင်၂ ပြည် တပြည် စီးပွါးရှက်တင်ရအောင် ပတ္တာမြားဟင်သာ ၂ခုကို။ ဥပမာပြု၍ သတင်း ကြားစေတော်မူပါသည်။ ။

သက္ကရာဇ် ၁၁၁၆ ခု ကဆုန်လ ဟိုင်းကြီးဂုမ္ပဏီဒေါတို့ကို ပေးသည် ရာဇသံအမိန့်တော်။ ။

မှတ်ချက်

ဤအမိန့်တော်မှာ အလောင်းမင်းတရား ဟံသာဝတီကို တိုက်ခိုက်ရန် သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် အောက်မြန်မာနိုင်ငံသို့ ရှေးဦးစွာ ချီတက်ခဲ့စဉ် ပြည်မြို့၊ ယင်းမှတစ်ဆင့် လွန်ဆေးမြန်အောင်မြို့တို့ကို သိမ်းပိုက်ပြီးနောက်ပုသိမ်မြစ်ဝရှိ ဟိုင်းကြီးကျွန်းတွင် အခြေစိုက်နေသည့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအကြီးအကဲများနှင့် ဆက်လက်ကမ်းလှမ်းသော အမိန့်တော်ဖြစ်သည်။ အင်္ဂလိပ်များနှင့် မင်းတရားတို့ ဆက်သွယ်ရာတွင် ဤဆက်သွယ်မှုမှာ ပထမဆုံး ဆက်သွယ်ခြင်းဖြစ်သည်။

အထောက်အထား အသီးသီးတို့က ဤ အမိန့်တော်ကို အလောင်းမင်းတရားသည် "၁၁၁၆ ခုနှစ်တွင် မင်းတရားကြီး မြန်အောင်၌ ရှိခိုက်ပေးပို့ကြောင်း" ဆိုထားကြသည်။

ထို့ကြောင့် ဤအမိန့်တော်ကို ၁၁၁၆ ခုနှစ်၊ တန်ခူးလ၊ သို့မဟုတ် ကဆုန်လအတွင်း ပေးပို့သည်ဟူ၍ ယူဆဖွယ်ရာ ရှိပေသည်။

သက္ကရာဇ် ၁၁၁၇ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့ အင်္ဂလိပ်အရှေ့
အိန္ဒိယကုမ္ပဏီသို့ပေးပို့ခဲ့သော ချစ်ကြည်ရေးသဝဏ်လွှာ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သုနာပရန္တတမ္ပဒီပ။ ကမ္ဘောဇ။ စသော တိုင်းကြီးပြည်ကြီး ထီးဆောင်မင်းတကာတို့ကို အစိုးရတော်မူသော ပတ္တမြား ရွှေငွေ ကြေးသံပယင်း စသော ရတနာတွင်များသခင် ဆင်ဖြူ ဆင်နီဆင်ကျား အရိန္ဒမာ စကြာရွှေလှံ့ရ နေမင်း၏ အဆက်အနွယ်ဖြစ်တော်မူသောဆောင်ဆောင်သော ရွှေနန်းပြဿဒ်သခင် ရတနာပူရအင်းဝပြည်ကြီးနှင့် တက္ကအယုဇ္ဈပူရမည်သော ရတနာသိဃ်ကုန်းဘောင် ရွှေပြည်ကြီးကို အစိုးရတော်မူသောဘဝရှင်အလောင်းမင်းတရားကြီး ကြာအပ်သောအင်ကရိတ်မြို့ပဂုံပညီ။ ငါဘေးလောင်တော် ဘိုးလောင်တော်တို့ လွှတ်ကပင် မြန်မာမင် အက်ရိတ်မင်းအဆက်ဆက် ဘောံကားရောင်းဝယ် သွားလာရောက်ပေါက်ကြ၍ မင်းသုံးမင်း။ ဆောင်ထည်မျိုးအုပ်မျိုးဆန္ဒရှိရာ ဆောင်ယူကြရကုန်သည်။ သဌေးသူကြွယ်ကုန်သည် တဲကာတို့မှာလည် အသာအယာ မြတ်စွန်ကြ၍ စီးပွါးချမ်သာ များမြတ်ကြကုံသည် ကလပ်တကြားတွင် ကိန်ခန်းအလျောက် နေသည်နှင့်။ ငါနိုင်ငံတော်စွန်ဖြစ်သော မော်ခင်ဟိုင်ကြီးသိုဝ့် မည်းစလီပရုပ်၂တိုဝ့်ကိုစေ၍ နေထိုင်လာရာတွင်မှ အင်ကရိတ်မြို့မဘုရင်ကစေ၍ နေထိုင်ရောက်လှာကြောင်း နေရပ်နေရာ အလိုရှိပါကြောင်ကို ရှိခိုးသံတော်ဦး တင်သောကြောင့်၊။ မြို့၏ အင်္ဂါ၇ပါးတွင်ပြည်ထောင်ခြင်၄မင်ဟူသော ရာဇမဟာမိတ် အင်္ဂါတပါးသဉ် ဖြစ်ခဲ့သော အရာဖြစ်သည်နှင့်ဂုမ်ပညီသခင် အကြည်တော်အင်ဂရိတ်မြို့မဘုရင်နှင့် အရှည်ချစ်ကြည်စွာ မဟာမိတ်ဖြစ်ကြရမည်ကိုဝ်တကြောင်း။ မြို့မဂုမ်ပညီတို့ကို အရှည်ချစ်ကြည်သနားတော်မူရမည်ကို တကြောင်ထောက်၍ ပုသိန်မြို့တွင် မြေကို တိုင်းတာမှတ်သားချပေးစေသည် အင်္ဂရိတ်မြို့မဘုရင်နှင့်စပ်ဆိုင်သဉ် မင်သဏ္ဍာသဘော်ာမှန်သမျှကိုလည် အကောက်အစား လွှတ်စေ၍ ရှေးထုံးရှိရာ လက်ဆောင်လ္ဘက်ကိုသာ ဆက်စေ။ ကုန်သည်တဲကားတို့ကိုမှုကား။ အရိုးအစည်ရှိသည်အတိုင် ပုသိန်မြို့ဝန်တို့နှင့် မည်းစလီပရုပ်တို့ မျက်နှာညီတံဆိပ်စာချွန်တော် ပေးအပ်တော်မူသည် မင်ဧကရာဇ်တို့ဝယ် ပြည်ထောင်ချင်းမင်ရာဇမဟာမိတ်ရှိမှ ၂ ဦးသားဆန္ဒရှိရာပြည့်စုံကြသဉ်ဖြစ်သည်။ ငါသားတော်အစဉ် မြေတော်အဆက် မြစ်တော်အညွန့်။ ဂုမ်ပညီသခင် အက်ရိတ်မြို့မဘုရင်ကိုယ်သားမြေးဖြစ် မြို့မဂုံပညီတို့တိုင် အစည်ရှည်စွာ ချစ်ကြည်ကြရမည်

အကြောင်းကို သက္ကရာဇ် ၁၁၁၈ ခု ကဆုန်လဆန်း ၁၀ ရက် ဝ နေ့[၅]တွင် ရာဇသံစာနှင့် ကြားအပ်သော အင်္ဂလိပ်မြို့မဂုံပည်။ အင်္ဂလိပ်မြို့မဘုရင်။[၆]

## ဇိနပွတ္တံ (မဒရပ်မြို့) ရှိအင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ ကိုယ်စားလှယ်ထံ ပေးပို့သည့်သဝဏ်လွှာ

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သုနာပရန်တမ္ပဒီပကမ္ဘောစ စသောတိုင်ကြီး ပြည်ကြီး အပေါင်တိုဝ့်၌ ထီးဆောင်မင်တကာတိုဝ့်ကို အစိုရတော်မူသော ပတ္တမြား ရွှေငွေ ကြေးသံ ပယင်း ရတနာတွင်းများ သခင် ဆင်ဖြူဆင်နီ ဆင်ကျား၊ အရိန္ဒမာ စကြာ ရွှေတနာပူရ အင်ဝ ပြည်ကြီးနှင့်တကွ။ အယုဇ္ဈပူရမဉ်သော ရတနာ သိဃ်ကုန်ဘောင် ရွှေပြည်ကြီးကို အစိုးရတော်မူသော ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသော ဇိနပွတ္တံဆိပ်[၁]စားဂရုနာဒို[၂] ငါဘေး လောင်တော် ဘိုးလောင်တော် လွှတ်ကပင်။ မင်အဆက်ဆက် ဘောက်ကားရောင်ဝယ်ရှက်တင် ရောက်ပေါက်ကြ၍ပင် သဋ္ဌေးသူကြွယ် ကုန်သည်တို့ အရောင်းအ ဝယ်သာယာ မြိတ်စွန်ကြ၍ ဆန္ဒရှိရာ ပြည့်စုံကြကုန်သည်။ တလပ်တကြားတွင် ကိန်ခန်အလျှောက် တလိုင်သူပုန်တို့ နှောင့်ရှက်၍ မရောက် မပေါက်ကြ ရှိသည်ကို တောင့်တလျက် နေသည်နှင့် နိုင်ငံတော်စွန်ဖြစ်သော မော်ခင် ဟိုင်ကြီးသို့ အကြည်တော် အင်္ဂရိတ်မြို့မ ဘုရင်ကစေ၍ မည်းဇရီ ပရှပ်သို့ ရောက်ပေါက် နေထိုင်လှာကြောင် ပုသိန်မြို့ဝ့်တွင် နေရပ် နေရာအလိုရှိပါကြောင်ကို ရှိခိုးသံတော်ဉီး တင်သောကြောင်။ မြို့၏ အင်္ဂါ ၇ ပါးတွင်ပြည်ထောင်ချင် မင်ဟူသော အင်္ဂါတပါးသဉ် ဖြစ်ခဲ့သော အရာဖြစ်သဉ်နှင့် အကြည်တော် အင်္ဂရိတ်မြို့မဘုရင်နှင့် အရှည်ချစ်ကြည်ရမည်ကိုတကြောင်း။ ဇိနပွတ္တံဆိပ်စား ဂရုဏာဒိုတို့ကို အရှည်သနားတော်မူရမည်ကို တကြောင်းထောက်၍ ပုသိန်မြို့မြေကို တိုင်တာ မှတ်သား၍ ချပေးစေသည် အကြည်တော် အင်္ဂရိတ်မြို့မဘုရင်နှင့် စပ်ဆိုင်သဉ် ဘဏ္ဍာသဘော်မှ[၃]သမျှကို အကောက် အစားလွှတ်စေ၍ ရှေးအစည်ရှိသည်အတိုင် လက်ဆောင် လှန်ကိုသာ ဆက်စေ။ ကုန်သဉ် တဲကားတို့မှာမူကား။ အစည် ထုမ်စံရှိသည် အတိုင်။ ပုသိန်မြို့ဝန် စစ်ကဲနားခံ စာရေးတို့က ကောက်ဆက်စေမည် စလီပရှပ် တိုဝ့်ကို တံဆိပ် စာချွန်တော်ပေးအပ်တော်မူသည်။ မင်းကေရာဇ်တို့ဝယ် ပြည်ထောင်ချင် ရာဇမဟာမိတ် ဖြစ်မှ နှစ်ဦး ဆန္ဒရှိရာ ပြည့်စုံကြကုန်သည်။ သားတော်အစည်။ မြေတော်အဆက် မြစ်သော်အညွန့် အကြည်တော် အင်္ဂရိတ်မြို့မ ဘုရင်ကိုယ်သား၊ မြေးဖြစ်၊ ဇိနပွတ်တံဆိတ် စား ဂရုဏာဒိုတို့ တိုင် အစည်ရှည်စွာ ချစ်ခင် ဆက်ဆံကြရမည်အကြောင်းကို။ ရာဇသံစာ[၄]နှင့် သက္ကရာဇ် ၁၁၁၈ ခု ကဆန်လွှန်း ၁၀ ရက်ဝနေ့[၅] ဇံဒါယပ်ဒေါက်[၆]တို့တွင် အမိန့်တော်ကိုသော ဇိနပွတ်တံဆိပ်စား[၁] ဂရုဏာဒို[၂]တို့။ ။ ဇိနပွတ္တံ တံဆိပ်စား[၁]။ စာကြော[၇] ၂၅။

## ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီအကြီးအကဲ မစ္စတာ ဂျွန်ဟိုး(ဂရှဏားဒိုဇံဟိုအစ်သကွယ်)ထံပေးသော ရာဇသံအမိန့်တော်

ဘုန်းတော် အလွန်းကြီးမြတ်တော် မူလှသော သူနာပရန်တမ္ဗဒီပကမ္ဘောစ စသော တိုင်းကြီး ပြည်ကြီး အပေါင်းတို့ဝယ်၌ ထီးဆောင်မင်တကာတို့ကိုအစိုးရတော်မူသော။ ပတ္တမြား ရွှေငွေ ကြေးသံ ပယင်း တရတနာတွင် မျှာသခင် ဆင်ဖြူ၊ ဆင်နီ၊ ဆင်ကျား၊ အရိန္ဒမာ စကြာ ရွှေလုံရ အဆောင်ဆောင်သော ရွှေနန်ပြဿဒ်သခင် ဖြစ်တော်မူသော ရတာနာပူရ အဝပြည်ကြီးနှင့် တကွ အယုဇ္ဈပူရမည်သော ရတနာ သိင်္ဃ ကုန်အောင် ပြည်ကြီးကို အစိုးရတော်မူသော အသျှင်ဘဝရှင် အလောင်းမင်း တရားကြီးဘုရား အမိန့်တော်ရှိသည်။ဟိုင်းကြီးဆိပ်ကုန်သည်အကြီး ဂရှဏာဒိုဇံဟို အစ်သကွယ်[၁]။ ။ငါဘေးလောင်တော် ဘိုးလောင်တော်တို့ လွှတ်ကပင် မြန်မာ မင် အင်္ဂရိတ်မင် အဆက်ဆက်ဘောက်ကားရောင်းငယ် ကုန်စယ်သာယာ မြတ် စွန်းကြလျက် ဆန္ဒရှိရာ ပြည်စုံကြကုံသည်။ တလပ်တကြားတွင် တလိုင်သူပုန်တို့ နှောင့်ရှက်၍ မရောက် မပေါကြရှိသဉ်နှင့် ငါကိုယ်တော် သားတော်ညီတော် ဗိုလ်မှူး တတ်မှူး ဆင်လုံး မြင်းရင်း လျေတက် အမြားနှင့် အကြိမ်ကြိမ် တိုက်လံ လုပ်ကြံ ရှင်လင် သတ်ညှစ်၍ ဒဂုန်မြို့ကို၊ ရန်ကုန်မြို့ သမိုက်တော်မူ၍၊ ထီးနန်းစိုက်ဆောက် စံမွှါယ်တော်မူရာတွင်။ ငါနိုင်ငံတော်စွန် မောခင် ဟိုင်းကြီးသို့ အကြည်တော် အင်္ဂ ရိတ်မင်းကစေ၍ အကြည်တော် အင်္ဂရိတ် မြို့မ ဘုရင်နှင့် အရှည် ချစ်ကြည် ရမည် ကိုတကြောင်။ ဂရှနာဒိုဇံဟိုအစ်သကွယ်[၁]ကိုအရှည်သနားတော် မူလိုသဉ်တ ကြောင်။ ထောက်၍ပုသိမ်မြို့တွင် မြေနေရပ်နေရာကို မှတ်သား တိုင်းတာ၍ ချ ပေးစေသည်။ အကြည်တော် အင်္ဂရိတ် မြို့မ ဘုရင်နှင့်စပ်ဆိုင်သဉ် သဘော်သဏ္ဍာ မှန်သမျှကို ကောက် အစားလွတ်စေ၍။ လက်ဆောင် လက်ကိုဝ်သာဆက်စေ။ ကုန် သည်တို့မှာသာ အရှိုး အစည်ရှိသည်အတိုင် ပုသိန်မြို့ဝန် စစ်ကဲနားခံစာရေးတိုဝ့် က နေထာက်၍ ဆက်စေ။ မင်ကေရာဇ်ဘိုဝ့်ဝယ် ပြည်ထောင်ချင်မဟာ မိတ် ရှိကြ မှ။ ၂ဦးဆန္ဒရှိရာ ပြည့်စုံကြမြဲ ဖြစ်သည်။ ငါတို့ နိုင်ငံတော်တွင်လည် လုပ်ရေကြံရေ များ မရှိပြီ။ ဟံသာဝတီ တမြို့သာလုပ်ရေးကြံရေစစ်စဲ[၂]ဖြစ်၍၊ အမြောက် သေ့ ဆေး၊ ကျည်စေ အများ အလိုတော် ရှိတော်မူသည်။ ငါ့သားတော်အစည် မြေးတော်အ ဆက် မြစ်တော်အညွန့် အင်္ဂရိတ် မြို့မဘုရင်သား၊ မြေး၊ မြစ် မှစ၍ ဂရှနာဒိုဇံဟို တစ်သကွယ်[၁] တို့တိုင် အရှည် ချစ်ခင်ဆက်ဆံ သနားတော်မူရမည် အကြောင်းကို ရာဇသံစာနှင့် သက္ကရာဇ် ၁၁၁၈ ခုကဆုန်လွှန် ၁၀ ရက်နေ့ဝနေ့[၇]။ ဇံဒါရပ်ဒေါတို့

တွင် အမိန့်တော် ရှိသည်။ ဟိုင်းကြီးဆိပ်ကုန်သည်ကြီး ဂရုနာဒိုဇ်ဟိုအစ်သက္ကယ်[၁]။ ဟိုင်ကြီးစာကြောင်း ၂၅။

မြေမှာ တမျက်နှာတာ ၂၅ စီမျက်နှာတာပေါင်း ၁၀၁။ ရွှေပေ အလျား၊ သံခ် အနံ သံ၄။ ရွှေချိန် ၅ိ ရွှေရည်နာရကာ[၄] စာဘားရင်းများ ပတ္တမြားသ၂ စေ့စီစီ သည် စာကြောင်း ရေ ၁၀ ပြည့် စာခေါင်တွင် တံဆိပ် ရွှေဟသ်ာရုပ်တုကပ်လုပ်၍ လိပ်ပြီးလျှင်။ စက္ကူနီ ရစ်၍၊ ခြည်စည်ပြီးမှ ဆင်စွယ်ကျုပ်တွင် ထည့်၍ ရွှေဖျင်အိတ် သွတ်သဉ် တံဆိပ်ခပ်ပြီးလျှင် သစ်ပွတ်ချိပ်နီတိုက်။[၅] ရွှေရေ[၆]တွင် သွတ်၍၊ အင်္ဂရိတ် ဘာသာ စက္ကူတံဆိပ်ခပ်နှင့်တကွ ကုံစရပ်[၇]အိပ်နီတွင် သွတ်၍ တံဆိပ်ခပ်သဉ်။ မြို့မဂုံပညီကို စက္ကူနီတွင် မြန်မာစာရေး၍ အနားပတ်လဉ် ရွှေရည် ချူး ပန်ရေ သည် စာကြောင် ၂၅။ တံဆိပ် ခပ်၍၊ သစ်ပွက်ချိပ်နီတိုက်တွင် သွတ်ပြီးလျှင် အင်္ဂရိတ် စက္ကူစာတွင် တံဆိပ်ခပ်၍ ထည့်ပြီးမှ ကုံစရပ် အိတ်နီ သွတ်၍၊ တံဆိပ် ခပ်ပေး သည်[၈]။ ဇိနပွတ္တံဆိပ် စားကိုဝှင်းနည်းတူ။ ။ဟိုင်းကြီးကိုလည်း ဝှင်းနည်းတူ။ ။

မှတ်ချက်များ

ဖော်ပြခဲ့သည့် စာသုံးစောင်နှင့်ပတ်သက်၍ မှတ်ချက်များကို ဆက်လက် ဖော်ပြရန် ရှိပါသည်။ ယင်းစာသုံးစောင်မှာအလောင်းမင်းတရား လက်ထက်တွင် မြန်မာနှင့်အင်္ဂလိပ်တို့ဆက်ဆံရေးသမိုင်း၌ အရေးပါသော အထောက်အထားများ ဖြစ်သည်။

ပထမစာတွင် အလောင်းမင်းတရားနှင့်အင်္ဂလိပ်ကုန်သည်တို့ စတင် ဆက်သွယ်ပုံကို ဖော်ပြထားသည်။ အလောင်းမင်းတရားသည် ဟံသာဝတီဘုရင်ကို တိုက်ခိုက်ရန် လက်နက်ခဲယမ်းမီးကျောက်များ အလိုရှိတော်မူခဲ့သည်။ ထို့ကြောင့် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့နှင့်သက္ကရာဇ် ၁၁၁၆ ခုနှစ်အတွင်းစဆင်ဆက်သွယ်သည်။

အလောင်းမင်းတရားသည် ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မြစ်ရိုးတစ်လျှောက်ရှိမြို့ရွာများကို သိမ်းပိုက်ပြီးသည့်နောက် မိုးကာလ ကျရောက်လာ၍ နေပြည်တော်သို့ ရေကြောင်းဖြင့် ပြန်လည်ဆန်တက်ခဲ့သည်။ ယင်းသို့မပြန်မီ ဟံသာဝတီဘုရင်အား တိုက်ခိုက်ရန်အလိုရှိတော်မူသော လက်နက်ခဲယမ်း မီးကျောက်များ ရရှိရေးအတွက် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်ကုန်သည်များထံသို့ ဒုတိယအကြိမ် မြန်မာသံအဖွဲ့ တစ်ဖွဲ့ကို အေဒီ ၁၇၅၅ ခု၊ ဇွန်လတွင် ထပ်မံစေလွှတ်သည်။ ယင်းသံအဖွဲ့ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်ကုမ္ပဏီ၏ အကြီးအကဲ မစ္စတာဘရုက ကပ္ပတိန်ဘေကာနှင့်လက်(ဖ)တနင်နေ့ာတို့ ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့ကို တစ်ပါတည်း စေလွှတ်ခဲ့သည်။ ယင်းသံအဖွဲ့သည် မင်းတရားအား ဆက်သရန် လက်ဆောင် ပဏ္ဏာတော်များအဖြစ် အမြောက်၊ သေနတ်၊ ခဲယမ်းမီးကျောက်တို့ကို ယူဆောင်သွားခဲ့ကြသည်။

အလောင်းမင်းတရားနှင့် တွေ့ဆုံသည့်အခါတွင် သံအဖွဲ့တွင် မိမိတို့လိုလားသော တောင်းဆိုချက်များ ပါဝင်သည့် ချစ်ကြည်ရေးစာချုပ်–ချုပ်ဆိုရေး အတွက် ကြိုးပမ်းခဲ့ကြသည်။ မင်းတရားသည် ရန်ကုန်မှ နေပြည်တော်သို့ ထွက်ခွာသွားပြီ ဖြစ်၍ ယင်းသံအဖွဲ့သည် ရေကြောင်းခရီးဖြင့်ပင် သံအဖွဲ့ဝင် နေ့ာမှာ မကျန်းမမာ၍ ကွယ်လွန်ခဲ့သည်။ ဘေကာတစ်ဦးတည်း ခရီး ဆက်လက်သွားခဲ့သည်။

အေဒီ ၁၇၅၅ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဘေကာသည် ရွှေဘိုမြို့သို့ ဆိုက်ရောက်၍ ရက်သတ္တ နှစ်ပတ်အကြာတွင် မင်းတရားနှင့်တွေ့ဆုံဆွေးနွေးခွင့် ရခဲ့သည်။ ယင်းအချိန်တွင် ဟံသာဝတီစစ်ဆင်ရေးအတွက် လက်နက်ခဲယမ်း မီးကျောက် အများအပြား လိုအပ်နေပြီ ဖြစ်ရာ အလောင်းမင်းတရား လက်နက်ခဲ

ယမ်းမီးကျောက်များ ရရှိရေးအတွက် မစ္စတာဘေကာအား စကားကမ်းလှမ်းခဲ့သည်။ မစ္စတာဘေကာက အလောင်းမင်းတရား၏ အလိုတော်အတိုင်း ဖြစ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးစားရန် မစ္စတာဘရူအား တင်ပြပါမည်ဟု ကတိပြုခဲ့သည်။ အလောင်းမင်းတရားက အင်္ဂလိပ်တို့ တင်ပြသော တောင်းဆိုချက်အချို့ကို ခွင့်ပြုတော်မူခဲ့သည်။

အင်္ဂလိပ်တို့တင်ပြသော လိုလားချက်များအနက် ဟိုင်းကြီးကျွန်း၊ ပုသိမ်မြို့နှင့်ရန်ကုန်မြို့တို့၌ နေရပ်နေရာအတိအကျ သတ်မှတ်ပေးပါရန်နှင့်ယင်းဒေသများတွင် ကုန်ကူးသန်းရောင်းဝယ်ရန် အခွင့်အရေး အများအပြားပေးရန်ဟူသော လိုလားချက်များနှင့်ရန်ကုန်မြို့၌သာ နေရာသတ်မှတ်ပေးရန်နှင့် ကူးသန်းရောင်းဝယ်ရေးအခွင့်အရေးအချို့ကိုပေးရန် မင်းတရားက သဘောတူခဲ့သည်။ အင်္ဂလိပ်တို့ တင်ပြသော ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုရေးကိုမူ မင်းတရားက သဘောတူလက်မှတ်ထိုးခြင်း မပြုခဲ့ချေ။ သို့သော် ဆွေးနွေးညှိနှိုင်း၍ မပြတ်သောကိစ္စများကို မိမိ ရန်ကုန်၌ ထပ်မံဆွေးနွေးညှိနှိုင်းမည်ဟု မင်းတရားက မှာကြားလိုက်သည်။

ဘေကာ ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့သည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရွှေဘိုမှ ပြန်လည် ထွက်ခွာ၍ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဟိုင်းကြီးကျွန်းသို့ ပြန်လည်ဆိုက်ရောက်ခဲ့သည်။

၁၁၁၇ ခုနှစ်တွင် ဟံသာဝတီကို တိုက်ခိုက်ရန် အလောင်းမင်းတရား ဒုတိယအကြိမ် ရန်ကုန်သို့ စုန်ဆင်းခဲ့သည်။ ရန်ကုန်သို့မရောက်မီ ခေတ္တတပ်စခန်းချနေခိုက် ဟံသာဝတီစစ်ဆင်ရေးအတွက် လိုအပ်သော လက်နက်အကူအညီရရှိရန် ဟိုင်းကြီးကျွန်းရှိအင်္ဂလိပ်ကုမ္ပဏီအကြီးအကဲထံသို့ ရာဇာသံနှင့်တကွ မိမိရန်ကုန်ဆင်းလာပြီဖြစ်ကြောင်း သတင်းပို့ရန် လက်ယာထိမ်း မတ်ကို စေတော်မူခဲ့သည်။ ထို့ကြောင့် ကဆုန်လဆန်း ၆ ရက်နေ့(အေဒီ ၁၇၅၆ ခု၊ မေလ)တွင် အင်ဆိုင်းဂျွန်ဒိုင်းရားနှင့်ဒေါက်တာဝီလီရန်အင်ဒါဆင်သို့ ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့သည် ရန်ကုန်နန်းတော်သို့ ရောက်လာခဲ့ကြသည်။ ယင်းသံအဖွဲ့သည် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ဟိုင်းကြီးကျွန်းသို့ ပြန်ကြ၍ မင်းတရားက ယင်းသံအဖွဲ့နှင့်အတူ ရာဇသံစာကို ပေးအပ်ခဲ့သည်။

ပထမစာနှင့်ဒုတိယစာတို့ကို အဓိကအကြောင်းအရာများမှာ အင်္ဂလိပ်ကုမ္ပဏီနှင့်မဒရပ်ရှိ ဘုရင်ခံအသီးသီးတို့အား မြန်မာနိုင်ငံဟိုင်းကြီးကျွန်းသို့ ၎င်းတို့စေလွှတ်ထားသည့် မစ္စတာဘရူခေါင်းဆောင်သော အင်္ဂလိပ်ကုမ္ပဏီကို မိမိသည် (အလောင်းမင်းတရား)ပုသိမ်မြို့တွင် နေရပ်နေရာ အတိအကျ သတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ ထို့ပြင် ယင်းအင်္ဂလိပ်ကုမ္ပဏီနှင့်သက်ဆိုင်သမျှကို အခွန်တော် လွတ်

ငြိမ်းချမ်းခွင့်ပြုကြောင်း၊ ရှေ့တွင်လည်း ရာဇမဟာမိတ်အဖြစ် ဆက်လက်၍ ဆက်ဆံလိုကြောင်း စသည်ဖြင့် အကြောင်းကြားခြင်းဖြစ်သည်။

တတိယစာ၏ ရှေ့ပိုင်းတွင် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်ကုမ္ပဏီ အကြီးအကဲအား အထက်တွင်ဖော်ပြခဲ့သည့် အတိုင်းအကြောင်းကြားခြင်း ဖြစ်သည်။ နောက်စာပိုဒ်တွင်မူ ဘေကာသံအဖွဲ့နှင့်မင်းတရားတို့တွေ့ဆုံဆွေးနွေးစဉ်က စကားကမ်းလှမ်းချက်အရ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်ကုမ္ပဏီက ဆက်သွင်းရန်ဖြစ်သော မိမိအလိုရှိတော်မူသည့်အမြောက်၊ သေနတ်၊ ခဲယမ်းမီးကျောက်များကို ယခု မိမိအလိုရှိတော်မူသည် ဖြစ်ကြောင်း အကြောင်းကြားလိုက်ခြင်း ဖြစ်ဟန်တူသည်။

## ဟိုင်းကြီးဂုံပညီစန္ဒရပ်တို့ကိုပေးသည့် ရာဇသံအမိန့်တော်
## (ဟိုင်းကြီးကျွန်းအင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ တာဝန်ခံထံပေးသည့် ချစ်ကြည်ရေးသဝဏ်လွှာ)

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသောသုနာပရန်တမ္ဗဒီပစသော တိုင်းကြီးများအပေါင်းနှင့်တကွ တိုင်းနိုင်ငံထီးဆောင်မင်းတကာတို့ကို အစိုးရတော်မူသောသာသနာဒါယကတော် ဖြစ်တော်မူသော လွှတ်စကြာသခင် အဆောင်ဆောင်သောရွှေနန်ပြဿဒ်သခင် ရွှေတွင်းငွေတွင် ပယင်း ဥဿဘယား နီလာ ဂေါ်မိတ်ကြေသံ ပတ္တမြားတွင်အစရှိသော ရတနာတွင် အပေါင်းတိုဝ့်ကို အစိုးရတော်မူသောဆင်ဖြူဆင်နီ ဆင်ကျားများသခင် အသျှင်ဘဝရှင် အလောင်းမင်းတရားကြီး ဘုရာအမိန့်တော်ရှိသည်။ မောဓက်ရဇ်ဂုံပညီစန္ဒရပ်တို့ ဟံသာဝတီမြို့သည် မြန်မာဉစွန်းထွန်ရာ မြန်မာမင်အဆက်ဆက် အစဉ်အရိုးပိုင်သော နိုင်ငံဖြစ်သည်။ တလိုင်သူပုန်တို့သည် ကျေးဇူးသစ္စာကို ထေါံလှန်ပုန်စား၍ အခိုက်အတန့်မျှ မင်းပြုနှင့်ရသည်ကို ငကိုယ်တော်သားတော် ညီတော် ဗိုလ်မှူးတပ်မှူးသူရဲသူခက် တိုက်လှေဝန်လှေဆင်လုံးမြင်းရင်းအများနှင့် အကြိမ်ကြိမ် အရပ်ရပ် တိုက်လံလုပ်ကြံရှင်းလင်း၍ ပြည်တော်ငူ သာယာဝတီ အုတ်ကန် ၃၀။ လွှမ်းဆေးကြံခင်း။ ဓနုဖြူ ဟင်သာ၊ ပုသိန်၊ မြောင်းမြ၊ ခဲပေါင် ဒဂုန်ဒလကိုးမြို့။ အရပ်ရပ်မြို့ပြကျေးရွာများနှင့်လှေတက် အမြော်သွေ့ လှေ့ကာ့ ကိရိယာအများရတော်မူသည်။ သန်လျင် ပန်လိုင်၊ သံလျင် ကြိုက်ခမီ အရပ်ရပ်တွင် သူပုန်တို့က ဆီးခံသည်များကိုလည်၊ အကုန်အစင်တိုက်လံ ဖန်ဆီးညဘ် ညှစ်သည် ဟံသာဝတီပတ်လည် မည်သည့်မြို့ပြကျေးရွာမကျန် တိုက်လံဖျက်ဆီး သိမ်းယူတော်မူပြီးလျှင်၊ ဒဂုန်မြို့ကို ရန်ကုန်သမိုက်တော်မူ၍ မြို့ပြကျမ်းမြောင်ပစ္စင်ရင်လျှောက် တဓောင်ပြအိုးနှင့်တကွ ရွှေနန်စိုက်ဆောက်စပ္ပါယ်တော်မူသည်။ ကုမ်ပညီတို့ကိုလည်း၊ မဇ္ဈိမာဒေသမင်နှင့်မြန်မာမင် အဆက်ဆက် မိတ်သဟာယပြု၍ ဆက်ဆံဘော်ကား ရောင်ဝယ်သည်အတိုင် အစည်မပျက်မိသဟာသဖြစ်ကြမည်အကြောင်းကိုဝ် ငါအမိန့်တော်ရာဇသံနှင့်စေရာတွင် ဂုမ်ပညီတိုဝ့်ကလျှောက်သဉ် ရှိခိုသံတော်ဦတင်စာတွင် အရှည်မိဿဟာသဖြာ်ကြရမည်အကြောင်းကို ကြားသိတော်မူသည်။ ဟံသာဝတီမြို့ကိုမင်ပြုသူတို့သည်။ ငါသူရဲသူခက်ရဲမက်တော်ဘိုဝ့်ကို စစ်ဦးဘက်ရှည်၍ မထွက်မဘိတ်ဝံ့။ မြို့ကိုသာ လုပ်ဆောင်ကိုးယိုး၍ နေသည်ကို တိုက်လံလုပ်ကြံတော်မူမည် ဂုမ်ပညီတို့တွင် အမြောက်လှေ့ကာအများရှိကြောင်ကိုလည်၊ စေသူသံဘို့တွင်ကြားတော်မူသည်။ ဟံသာဝတီမြို့ကိုဝ်လုပ်ကြံဝင်ဖြိုရန် အမြော် ၅ ဝင်၊ ၄ ဝင် ၃ ဝင် ၁ ဝင်[၁] အမြော်၁၂အလိုတော်ရှိသည်။

အချစ်မေတ္တာနှင့် ပေးစေချင်သည် ပဲကုဘလိုင်တို့မှာလည် ဖရင်သခ် ဂုံပညီဖရနော[၂] သည် ပဲကူးတလိုင်တို့နှင့်တကျိုးတစီးပွါးတည်ပြု၍အမြောက် ၆၀ သေ္နတ် ၃၁၁ ဆေးကျည်စေခဲမကန့် အများပေး၍ ပဲကူးတလိုင်တို့ကို အားမြှောက်သည် ဟိုင်ကြီးဂုံပညီတို့လည် ငါဘဝရှင်အလောင်းမင်းတရားကြီးဘုရားနှင့် ကံစပ်၍ သုခဒုက္ခ ၂ ပါးကို မေးမြန်းပြောဆိုကြရသည်။ ဖရင်သစ်ဂုမ်ပညီက တလိုင်တို့ကို တဆအားပေးပြုသည်ကို ထောက်၍ ဟိုင်ကြီး ဂုမ်ပညီ အရှည်စီးပွားကို မြော်၍ ငကို ၂ ဆတက်ပင် ပြုသင့်မည်ထင်သည်။ ဖရင်သစ် ဂုမ်ပညီဖရနောကိုလည် ပြည်ရွာနှင့်မတန်သူဖြစ် ၍ သံလျင်မြို့က သင်္ဘောကို နုတ်ယူ၍ နှင်လိုက်သည်။ ပင်လယ်ဝသို့ရောက်ပြီး[၅] အင်္ကရိတ်မင်းက ဂုံပညီသို့ စေသူဝိုက်ထည်[၆]ကိုလည် ၁၁၁၈ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့ [၇]ရန်ကုန်မြို့တော်သို့ သင်ဘောနှင့် ရောက်လှာ၍ မေလျှင် အင်္ကရိတ်မင်းက ဂုံပညီသို့စေသည် လေမသင့်၍ ရွှေစက်တော်အောက် ရောက် ဝင်ကြောင်ကို ရှိခိုးသတော်ဦးတင်သောကြောင့်[၈] အကြောင်နှင့်စေပါ မေးမြန်သင့်သည်ဖြစ်၍ ကောင်မွံစွာထား၍ ရှိကြောင်းကို အမိန့်တော်ရှိသည်။ ငွေတော်လည်သေ္နတ် ဝယ်ရန်စေသူသံတွင် ပေးလိုက်သည်။ ။ဟိုင်းကြီး ဂုံပညီစန္ဒရပ်တို့ကို ပေးသည် ရာဇသံအမိန့်တော်။[၆]

မှတ်ချက်

ဤအမိန့်တော်မှာ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ တာဝန်ခံထံသို့ ပေးပို့သော သဝဏ်လွှာ ဖြစ်သည်။ ဤအမိန့်တော်တွင် အဓိက အချက်နှစ်ချက် ပါဝင်သည်။ ယင်းတို့မှာ–

(က) ဟံသာဝတီကို တိုက်ရာတွင် အသုံးပြုရန် အမြောက် လက်နက် ခဲယမ်း မီးကျောက်များ ဝယ်ယူလိုခြင်း၊

(ခ) အင်္ဂလိပ်–အရှေ့အိန္ဒိယကုမ္ပဏီ (မဒရပ်)မှစေလွှတ်သူ ဝိုက်ဟီး ဆိုသူ ရောက်လာ၍ ကောင်းစွာ ထားရှိသည်ကိုအကြောင်းကြားခြင်း တို့ဖြစ်သည်။

ကိုးကားသော စာအုပ်များ

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ပထမတွဲ) ဦးမောင်မောင်တင် စုဆောင်း ရေးသားပြုစုသည်။

၂။ ခေတ်မြန်မာတည်ဟန်၊ ဦးတင်မောင်ရင် ဘာသာပြန်သည်။

၃။ အင်္ဂလိပ် မြန်မာစစ်သမိုင်း၊ နတ်မောက်ဘုန်းကျော်ပြုစုသည်။

၄။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း၊ ဒုတိယတွဲ ပထမပိုင်း။

၅။ မြန်မာသူရဲကောင်း၊ သတင်းဆရာ ဦးသိမ်းမောင်ရေးသည်။

၆။ အလောင်းမင်းတရား အရေးတော်ပုံ နှစ်စောင်တွဲ လှသမိန် တည်းဖြတ်သည်။

၇။ အလောင်းမင်းတရားကြီး အရေးတော်ပုံ၊ တွင်းသင်းမင်းကြီး ပြုစုသည်။

၈။ အလောင်းမင်းတရားအမိန့်တော်များ၊ ဒေါ် ခင်ခင်စိန် မဟာဝိဇ္ဇာ၊ ဉပဒေဝိဇ္ဇာ တည်းဖြတ်သည်။

၉။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၊ စစ်ကိုင်းဦးဘိုးသင်း ရေးသည်။






**အလောင်းမင်းတရား၏ စစ်ချီခရီးပြမြေပုံ**

(အခေါ် အဝေါ် များမှာ အလောင်းမင်းတရားလက်ထက်အခေါ် အဝေါ် များ ဖြစ်ပါသည်။)

* မြေပုံကို ဒေါ် ခင်ခင်စိန် တည်းဖြတ်သည့်"အလောင်းမင်းတရားအမိန့်တော်များ"စာအုပ်မှ ကူးယူပါသည်။